**က**–(က)(ဝက်ခြံ) ဆင်နောက်ကုန်းမှာ ပစ္စည်းတင်ဖို့ လုပ်ထား ရေခြိုင့် (ခ) နွားဂါရီမှာ နွားတပ်သည် *(ဂါရီကို နွား က ထားလိုက် ထမင်း စားပြီးကေ ခရီးလားကတ်မေ)*

**ကခုံးမွှိကခုံးမွှား**–မထင်မရှားမြင်ရသော။

**ကချီကချွတ်**–မသပ်မရပ်ဖြစ်သော/မသေမချာသော*(အေကောင် ကချီက ချွတ် လုပ်လာပြန်ဗျာလ်)*

**ကစပ်တကွန်**–ချစ်လို့စ'ရေပုံနန့် အဟုတ်လုပ်သော *(ကစပ်တကွန် နန့် ငါ့ သမီးကို နမ်းလား ခရေ)*

**ကဇီတိုက်**– (ကလိထိုး) ခါး/လက်ကတီး တိကို လက်ညှိုးနန့် ထိုးလို့ ရယ် အောင်လုပ်သည်။

**ကဖိုင်ကဖိုင်**– ဦးတည်ချက် တိတိကျကျမရှိဘဲ လမ်းလျှောက် လားခြင်း *(ကဖိုင်ကဖိုင် လားနိန်ရေ)*

**ကတက်**–(တုံးမောင်း)အတွင်းက အခေါင်း ထွင်းထားပြီးကေ အသံမြည် အောင် ခေါက်ရရေ သစ်တုံး *(ဘုန်းကြီးကျောင်းက ကတက် ခေါက် နိန် ဗျာလ် တရားနာလားဖို့ ထွက်လာကတ်ဖိ)*

(ကတက်လုပ်နည်း– ထိပ်ဝတစ်ပြန် အနားခံ၊ ငါးပြန်အသား အလယ်ထား ၊ ဘေးထူ ခေါင်ပါး အစီးကြား)

**ကတုတ်ပက်**– လယ် ခရုအကြီးတစ်မျိုး။

**ကတောင်း**–(ရေတကောင်း) လိုင်ပင်းရှည် အဝကျိုင်း မြေ ရီအိုးချေ *(ရီ တစ်ကတောင်း ယူခ)*

**က'တောင်း**–(ရေနံဆီမီးတုတ်)သံပုံးကို ဘေးတစ်ဖက် ဖွင့်ပြီးကေ ရနံဆီ မီးခွက် ထည့်သုံးရရေ လမ်းပြမီးဒုတ်။

**ကထားကရား**–(ကိုးရိုးကားရား)*(ကထားကရား လုပ်လာပြန်ဗျာလ်)*

**ကထိုက်ကရိုက်**–မဟုတ်မမှန်နိုင်သောစကား/လုပ်ရပ်*(အေကလေငါ့ကို ကထိုက်ကရိုက် လာမပြောကေ့ ငါ့သိပြီးသား)*

**ကနပြင်**–အိမ်ကြမ်းပြင်နန့်တဆက်တည်းထိုးထားရေဒန်ခံ*(နိန်စစုပ်ဝင်နိန် ဗျာလ် ကနပြင်မှာထိုင်လို့ ဓာလင်ကို မျှော်နိန်သိလေ)*

**ကနား**–(နီး)ဝါးအခေါက်ကရရေနီး*(ကနားပြတ်ကေ အနာရင်းတတ်တေ တိန်ကျာရည် ထည့်)*

**ကနိန့်သေ့**–(ရေသီးသည်)လိုင်ခြောင်း အသက်ရှုပြွန်ထဲရီဝင်လို့ခြောင်း ဆိုးခြင်း။

**ကပိုင်သား**–(မခမ)ရိုင်အရပ် ပြားပြင်တိမှာ ပေါက်တတ်တေ သစ်မာပင် စောက်မျိုး*(မဆီမဆိုင် ကပိုင်သားကို ဒါးနန့်ရှိုင် ကာတခု)*

**က'ပျက်**–(ကပြား)ဗန္ဒတ်/ မျိုးစပ်ထားသော/ မျိုးမသန့်သော*(အေသူက ရခိုင်နန့် တရုပ် က'ပျက်ရာ)*

**ကမကျထမကျ**–အစီအစိုင်မကျ–မရှင်းမလင်းပြောဆို/ လုပ်ကိုင်သော။

**ကယားကယူ**–ထမီမနိုင်အကျႋမနိုင်ဖြင့် *(အရေးကြီးရေ ဆိုလို့ကယား ကယူ ပြီးပါလတ်တေ ဇာဖြစ်လေပြော)*

**ကယုကယင်**–ကြကြင်နနာ/ ယုယုယယဖြင့်။

**ကရင်နီ**–အကြီးအကဲ*( ဒက်ကရင်နီ=စာတိုက်အရာရှိ /သင်္ဘောကရင်နီ = သင်္ဘော ကပ္ပတိန်)*

**ကရှိကရာ**–အသေးအမွှား ပစ္စည်းချေတိ/ လူအချေတိ အများအပြား။

**ကလကွက်**–(ရေကြက်)ရီပြင် မြက်ဖေါင်တိမှာ နိန်ထိုင် ပေါက်ပွါး တတ်တေ ရီကြက်။

**ကလကောင်မျှော**–(ပက်လက်ရေကူးခြင်း) ထလန်းဂါးလှန် ရီကူးသည်။

**ကလမဇေါ်ု**–(အလွန်ရှုပ်နေသော)အလွန် ရှုပ်ထွီးနိန်ရေ ပြဿနာ *(မင်းရို့ ပြဿနာက ကလမဇေါ်ုပိုင်ရာ ရှင်းလီရှုတ်လီ ဖြစ်နိန်ဗျာလ်)*

**ကလဝိမ**–မိန်းမပျက်။

**ကလိန်စွပ်**–(တစ်တီတူးငှက်)လယ်ကန်းသင်း တိမှာနိန်ထိုင်ပေါက် ပွါး တတ်တေ ငှက်ချေ တစ်မျိုး။

**ကလေဝရ**–(လေလွင့်နေသူ)ရွှင့်ပြာသတ်လို့ နိန်ရေလူစား။

**ကလိန့်မေ**–(မိန့်ကလေး)မိန်းမချေ*(အေကလိန့်မေ ယောကျ်ားတိ ကြား မှာ ဇာလုပ်နိန်လေ လားလီအိမ်ကို)*

**ကဝတ်လှည့်**–လုံခြုံရေးကင်းလှည့်သည်။

**က'သားငါးရာ**–လူပေါင်းစုံ*(အလုူရာမနား ကသားငါးရာ လာဖို့ဗျာလ်)*
**ကာစိ**–(သေးငယ်သော)ငယ်သော*(အေကာစိချေကကောင်းသေးရေကာ)*
**ကာစောင်းတင်**–ရန်လိုရေပုံစံနန့်ထမီအနားစ' ကိုမ'ကိုင်ထားသည်။
**ကာနာ**–မသန်စွမ်းသော*(ခြီကာနာ လက်ကာ နာနန့် ခိုင်းလိုက်ကေ ပျာ လာ ကျကွဲလခ ဗျာလ်)*
**ကာနံကုဏ္ဍရ**–အဓိပ္ပါယ် မရှိသောစကား *(လူကြီးတိ စကားကောင်းပြော နိန်ကတ်တေ နိန်ရာမှာ ကာနံကုဏ္ဍရ လာပြော မနိန်ကေ့ဝေး)*
**ကာပြန်**–(က)မိဘ/ဆရာသမား/ကျေးဇူးရှင် တို့အားဆန့်ကျင် ပြစ်မှားသည်(ခ)တန်ပြန်သည်။
**ကာမိတ်**–အကျႌလက်ရှည်*(ဘုန်းကြီးကျောင်းကိုလိုက်ဖို့ဆိုကေအားလုံး ကာမိတ် အကျႌဝတ်လာလတ် ကတ်)*
**ကာရီ**–(တမံ) တစ်ဖက်ပိတ် ဆည်ထားသော ရီအင်းချေ/ရိုင်မဝင်အောင် ပိတ်ထားရေ တာရိုး။
**ကာလနာတိုက်**–အလွန်လျှင်မြန်စွာသီဆုံးသည်/ပျောက်ကွယ်လားသည် *(ထမင်းချေတစ်ဆုပ်တောင် ကောင်းကောင်းမစားနိုင်အောင် အပြင်း လိုနိန်လာ နင်နန့်လားရစွာ ကာလနာ တိုက်တိုက်လို့)*
**ကာလာ**–အသားအလွန်မဲသော။
**ကာသိန်ဝတ်**–(အဝတ်ကိုလုံခြုံစွာဝတ်သည်) အဝတ်ကိုခြီဖျား လက်ဖျား ဖုံးအောင်ထိ လုံလုံခြုံခြုံ ဝတ်ထားသည်။
**ကားတင်**–ခြီလက်တိ ကိုချိုင်နှောင် ပြီးကေအမြင့် မှာ တင်ထားသည်။
**ကားရီကားရား**–ကိုးရိုးကားရား*(ကားရီကားရား လာလုပ်နိန်ရေ)*
**ကုလားခြောက်ခြောက်**–(ပြဲခြောက်ခြင်း)သတ္တိမရှိဘဲ ကြောက်ဖို့ လားလို့ ခြောက်ကြည့်သည်(မျောက်ခြောက်ခြောက်သည်)
**ကုလားတရုပ်**–(ရှိန်းခို)ရှားဓောင်းလက်ပတ်ပင်က ရရေ ဆီးခါး။
**ကုလားပဇီနွားပဇီ**–မဟုတ်ကြောင်းငြင်းသည်*(နင်ရို့ ပစ္စည်း ပျောက်စွာ ကို ငါကိုရာ တခု ချနိန်ရေကာ ကုလားပဇီနွားပဇီ)*
**ကင်စီပရာ**–(စွပ်ကျယ်)ယောက်ျား အထဲဝတ်အကျီ *(ထိုးအကျႌ)*

**ကင်သာ**–(ကြေးပြား) (က)ကြီးဗက်ကာ (ခ)ကြီးပြား(ဖဝ–သား)အလီး။
**ကင်းစကြုူး**–(ပိုးစုံးကြုူး)ညည့်အခါ အရောက်ထွက်တေ ပိုးချေတစ်မျိုး။
**ကင်းထူ**–(ထူသော)(က)အသားထူသောဝါး(ခ)သင်ပြလို့နားမလည်သူ။
**ကင်းပိတ်**–(အပိတ်)အခေါင်း လုံးဝမပါသောဝါး /အလွန်သန်မာလူ။
**ကင်းပွန်းကိုင်**–(ခေါင်းလျှော်မင်္ဂလာပြုခြင်း)မကောင်းမှုဘေးဒဏ်ဆိုးတိ က လွတ်ဖို့ ရိုးရာအလိုက် ခေါင်းဆီးမင်္ဂလာပြုသည်။
**ကင်းပွန်းသင့်**–အချေမွီးခန်း/မသာအိမ်စရေမသန့်ရှင်းလို့ဆိုရေ နိန်ရာ ကိုလားမိလို့ ညစ်နွမ်း ယုတ်နိမ့်လားသည် *(ရိုးရာအယူအဆတမျိုး)*
**ကတ်ကျိုက်**–(ကတ်ကျေး) အသွားနှစ်ဘက်ပါ ဖြတ်တောက် ကရိယာ။
**ကတ္တားခြား**–သူ့ကဏ္ဍ ကိုယ့်ကဏ္ဍ တာဝန်ပိုင်းခြားပီးသည်။
**ကတ္တရုံလီ**–(မြောက်ပြန်လေ) အနောက်မြောက်လီအီး။
**ကန်**–(နေရာဆုံ)နိန်ရာအလုံလောက်ရှိသော*(လောင်းထဲမှာ ထည့်ဖို့ဆိုကေ အရာလေ့ စပါး လေးငါးဆယ်လောက် ကန်သိယင့်)*
**ကန်ကောက်**–ဒူးနောက်ပိုင်း။
**ကန်ထောက်**–အိမ်/တဲတိကိုမပြိုလဲရအောင်ထောက်ထားရေဒေါက်တိုင်။
**ကန်ဒုကန်ဒါ**–(ဈေးဦးပေါက်)(က)တစ်ရက်အတွင်း ပထမဆုံး အကြိမ် စျီးရောင်းရခြင်း *(ကန်ဒုကန်ဒါတောင် မကျသိ ဒါဒေါင် မပီးနိုင်ပါ)* (ခ)ကံကောင်ခြင်း*(ကန်ဒုကန်ဒါရီကန်နားမှာဆီးပင်တစ်ပင်တွိခီရေ)*
**ကန်ဖါချေ**–(အတန်ငယ်)*(မဟာမုနိကို ရောက်ဖို့ ကန်ဖါချေ လိုသိရေ)*
**ကန့်သရီ**–(သံဖြူဆရာ)သံဖြူတတ်ဆရာ /သံပုံးသွပ်ပုံးများ ပြုပြင်သူ။
**ကန်း**–(က)မျက်စိကွယ်သည်(ခ)နောက်ထပ်မသီးမပွင့်နိုင်ဖြစ်လားသည် *(လက်သဲနဲ့ ဆိတ်လိုက်လို့ ဂမုံးပင်ကန်း လားခရေ )*
**ကန်းကျင်ဆီ**–(ကညင်ဆီ) ကန်းကျင်ပင်ကရရေအဆီ *(မီးထွန်းရသည်)*
**ကန်းထီကန်းထိုက်**–(တိုက်တိုက်ဆိုင်ဆိုင်) တတိုက်ဆဆိုင် *(ငဆငယာ လားနိန်ယင့်ပင်း ကန်းထီ ကန်းထိုက် ဖေချာ ကောက်ရ လာရေ)*
**ကပ်ခံ**–ကြောက်လို့/အကျိုးမျှော်ကိုးလို့ အောက်ကျခံပေါင်းသင်းသည်။
**ကပ္ပဓာ**–(ပတ္တာ) တန်းခါးကိုလှည့်လို့ရအောင်တပ်ထားရေ ဆုံလည်။

**ကပ္ပနာတောက်**–(ကပ်ဖဲကစားသည်)သစ်သားကပ်ဖဲ ကစပ်သည်။
**ကပ်ပလီဉ/ ကပ္ပလီဉ**–အစိမ်းစားဉ/ လွှမ်းစာဉ။
**ကပ်မကျ**–မယှဉ်ပြိုင်နိုင်သော*(ယင်းကလိန့်မေ ကိုမင်းရို့ကပ်လို့ မကျ)*
**ကမ်းထောင့်**–မြစ်ကမ်းပါးအမြင့်*(ဆင်းရဲကေနန်းကျကမ်းထောင့်ယောင်)*
**ကမ်းပိုင်**–(ငါးအင်း)ငါးမွှီးစပ်ဖို့အတွက်ရီပိတ်လှောင်ထားရေ တာတမံ။
**ကမ္ဘာလောက်**–အလွန်ကြီး/ အလွန်များသော*(ကမ္ဘာလောက် ချစ်တယ်)*
**ကံနဲ့ကံ**–ကံအားလျော်စွာ *(ကံနန့်ကံ ဘုတ် မြုတ်စွာက လွတ်လာရေ)*
**ကံကောက်**–(တံကောက်ကွေး) ဒူးဆစ် နောက်ပိုင်း/ အတွင်းပိုင်။
**ကုတ်ကလောင်ငှက်**–(ငှက်ပျင်း)မြေကြီးမှာ ဝပ်နိန်တတ်တေငှက်။
**ကုန်နပ်ကေ**–(ကုန်အသေးအမွှား)ဝန်နပ်ကေ/ ထွေလီကလာရောင်းကုန်။
**ကုန်ပုတ်**–(ကမူ)ကုန်းမြင့်မြင့်ချေ/ တောင်ကမူ အနိမ့်ချေ။
**ကုန်ပုပ်**–(အရောင်းထိုင်းကုန်)(က)ရောင်းမထွက်တေကုန်(ခ)အပျိုကြီး။
**ကုန်းရီခြစ်**–အလွန်မွဲသောသူ*(ကုန်းရီခြစ်က ငါ့သမီးကိုကြိုက်လာ–ထို့)*
**ကုန်းချီကုန်းချောင်း**–မရဲတရဲ လုပ်နိန်သော *(ကုန်းချီကုန်းချောင်း လုပ် မနိန်ကေ့ အထဲကိုဝင်လတ်)*
**ကုန်းချင်းစီ**–အများအပြား*(ကန်မှာရီခန်းရေမှာ ငါးတိကုန်းချင်းစီနိန်ရေ)*
**ကုန်းဖြီ**–(ယက်မ) အိမ်မှာ ပုန်းလျား အထက်က ထပ်တင်ရရေ တန်း။
**ကုပ်ကုပ်စ**–မနာလို သဝန်တိုစိတ်။
**ကိုက်**–(ရွှေဘော်)(က)သစ်သားကိုအချော တိုက်ရရေကရိယာ/ ရဘော် (ခ)စာရင်းတွက် အခြေ မှန်သည် *(စာရင်း ကိုက် ယင့်လား)*
**ကိုက်တိုက်**–(ရွှေဘော်ထိုးသည်) သစ်တိကို အချောတိုက်သည်။
**ကိုင်**–(က)ခြင်းကြားအကြမ်း(*ငပိ/ ဆားကိုင်*) (ခ)လက်ဖြင့်ကိုင်သည် (ဂ)(ငွေတိုးယူသည်)အတိုးဖြင့်ဖေချာကြိုတင်ယူသည်*(မြီကိုင်သည်/ ဒါဒေါင်ကိုင်သည်/ စပါးကိုင်သည်)* (ဃ)ဆိုဆုံးမစကားကို လိုက်နာ သည်*(ငါ့စကားကို မကိုင်ကေ နင်ရို့ အားလုံး ဒုက္ခရောက်လိမ့်မယ်)*
**ကိုင်သားမရ**–(သုံးစားမရသူ)အသုံးမကျသော*(အေသူက ကိုင်သားမရ)*
**ကိုယ်ခင်ပါး**–အသက်လောက်ချစ်သူ*(ငန်းတော်ရှည်သား ကိုယ်ခင်ပါး)*

**ကိုယ်တက်**–ခန္ဓာကိုယ် ကြီးထွားလာခြင်း *(အေသူ ကိုယ်တက်လာရေ)*
**ကိုယ်ပြည့်**–ကိုယ်ဝန်ရှိသည်*(ကိုယ်ပြည့်နန့် ဇာဖြစ်လို့ ရီခပ်နိန်လေဂု)*
**ကိုယ်မရ**–ခန္ဓာကိုယ်မဖွံ့ဖြိုးသော *(အေသူဇာလောက်စားစား ကိုယ်မရ)*
**ကိုယ်ရီခြုံ**–အယောင်ဆောင်သည်။
**ကိုယ်ရေသစ်**–(ရေပတ်တိုက်) ရီမချိုးဘဲ ကိုယ်လက် သန့်ရှင်းသည်။ *(နိန်မကောင်းကေ ရီမချိုးကေ့ ရီပူချေနန့် ကိုယ်ရေသစ် ပလိုက်)*
**ကိုယ်ဟိန်**– ခန္ဓာအပူငွေ့*(အချေ ကိုယ်ဟိန်တက်နိန်ရေ ဆီးတိုက်ရဖို့)*
**ကိုယ်ဟိန်သတ်**–(အရှိန်သတ်)တစ်ခုလုပ်နိန်ရာမှအရှိန်လျှော့လိုက်သည်
**ကွန်**–(ဟန်လုပ်)ရှက်ကွန်ဆောင်သည်/ လားကွန်ဆောင်သည်
**ကွန်ပါကိုက်**–စရွေးကိုက်/ အတိအကျဖြစ်သော။
**ကောက်ကရမင်းကျ**–ရမိရရာ ပြောခြင်း *(အေဘုန်းကြီး တရားဟောစွာ ကောက်ကရမင်းကျ ကာ)*
**ကောက်စရီ**–(ဇေဒါ)ရီကန်မျက်နှာပြင်ရှိ့မှာ ပေါက်တတ်တေအပင်ချေ)
**ကောက်လတ်**–သက်လတ်စပါးမျိုး။
**ကောက်လိုင်စိုင်း**–ဆန်စပါး ပြတ်တေ ရာသီ *(ဆန်ဟောင်း အကုန်နန့် ကောက်သစ် မပေါ်ခင်စပ်ကြား)*
**ကောက်ရိုးခွီ**–(ရိုးပြတ်) ရိတ်ပြီးလို့ကျန်ခရေ စပါးပင် အရင်းပိုင်း။
**ကျကူးရိပါ**–လုပ်ဆောင်မှုတစ်ခုကြောင့်နောက်ဆက်တွဲအကျိုးဖြစ်သည်။
**ကျကျိနယ်**–(က)(လုံးထွေးနေသော)*(ကျကျိနယ် နိန်ကတ်လာ တစ်နားကေ ရန်ဖြစ်ကတ်ဖို့)* (ခ)လက်ဖြင့်ကောင်းစွာနယ်သည်။
**ကျကျက်ရိုက်**–ဆူညံစွာ*(ကျကျက်ရိုက် မနိန်ကေ့ ပါပါအိပ်နိန်ရေထော)*
**ကျကျိတ်လိပ်**–လူမသိ အောင်လျို့ဝှက် သိမ်းထားသည်*(ရှိရေ ဖေချာကို လူမသိအောင် ခါးမှာ ကျကျိတ်လိပ် ထားရေ)*
**ကျမွိန့်**–(ကျည်ပွေ့)ဆန်/ ဆီးဝါးထောင်းရေသစ်သား/ ကျောက်ချောင်း။
**ကျလားလား**–ကြွားကြွားဝင့်ဝင့် လမ်းသလားနိန်သည် *(ဒါးတစ်ချောင်း နန့်ကျလားလား နိန်ရေ သတိထားကတ်)*
**ကျာပစ်**–(မျက်စပစ်ပြသည်)ယောကျ်ားချေတိကို မျက်စိပိတ်ပြ သည်။

**ကျာလာပလာ**–(ချလပတ်လည်နေသည်) ခဲခဲမွိနိန်သော ။
**ကျားကန်**–အိမ်(သို့)လုပ်ငန်းပြိုလဲမလားအောင်ထိမ်းကန်ပီးထားသည်။
**ကျို**–(က)အရည်ဖြင့်ချောနိန်ခြင်း (ခ)ချွဲချွဲပျစ်ပျစ်စကားပြောသည်။
**ကျိုပီကျိုပက်**–ချွဲပျစ်ပျစ်*(အရှက်မရှိ ကျိုပီကျိုပက် လာပြောမနိန်ကေ့)*
**ကျီ**–(က)စပါးသိုလှောင်အခန်း*(စပါးကျီ)*(ခ)ကျေနပ်သည်*(ပစ္စည်းပြန်ရ ကေကျီဗျာလ်)*(ဂ)ပြီးပြတ်သည်*(မင်းကို ပီးရဖို့ဖေချာကျီ ဗျာလ်နန်း)*
**ကျီရောင်ဘာရောင်**–(ဆူညံစွာ) ဆဆူညညံစကားပြောသည်။
**ကျီး**–လိုင်ခြောင်းထဲက ညှေ့လို့အသံစစူးနန့်ဟောသည်။
**ကျီးကုလား**–(ကြက်တူရွေး)လယ်တိမှာ ကျတတ်တေ မောင်ညိုချေ။
**ကျီးထောက်**–ခြီထောက်နိမ့်မြင့် လမ်းလျှောက်သော။
**ကျီးနင်း**–ကျီးထောက်။
**ကျီးမိတ်ဆွေ**–(ငှက်တော်)အမဲရောင် မတုံးနှစ်ခွနန့်ငှက်ချေတစ်မျိုး။
**ကျီးအူ**–(ဥသြငှက်)ဝေါငှက်*(သျှစ်သောင်းတောင်တော–ဥသြကျီးအူ––)*
**ကျေ**–သတ္တိရှိသော*(ကျေရေကောင်ထွက်တစ်ကောင်ချင်း သတ်ကတ်မေ)*
**ကျင်**–ရခိုင်ရိုးရာ နပန်းအားကစား။
**ကျင်**(က)ပယ်သည်*(ယင်းစွာကိုတရွာလုံးကျင်ထားရေ)*(ခ)သားမပေါက်နိုင်သောကြက်ဥ(ဂ)ရီနန့်အကြမ်းဆီးသည် *(ရီနန့်ကျင်ပလိုက်)*
**ကျင်း**–ဖြေရှင်းပြီးသည်/ ဆောင်ရွက်ပြီးသည်*(ပြဿနာက ရှင်းမကျင်း)*
**ကျန်း**–မာနီသော*(မင်းမုန့်က ကျန်းနိန်ဗျာလ် ဓာခါကပင် ဝယ်ခလေ)*
**ကျန်းတောင့်ခရော်**–တောင့်တင်းနိန်သော/ တောင့်တောင့်ကြီးဖြစ်သော။
**ကျပ်တီးဆိုက်**–အကျဉ်းအကျပ်တွိရသည်။
**ကျပ်ပေါက်**–ကျိတ်ပေါက်/ လက်ကတီးကြားမှာ အကျိတ်ပေါက်သည်။
**ကွာနက်**–(ကလော်တုတ်ခြင်း)မိန်းနန့်သီးနန့် ရိုင်စိုင်းစွာဆဲသည်။
**ကွာယာ**–(မသန်စွမ်းသော)ခြီလက်မသန်စွမ်းသူ*(ခြီလက်ကွာယာ)*
**ကွမ်းကြုတ်**–(ကွမ်းအစ်)ကွမ်း–ဆီးထုံးစရေပစ္စည်းတိ ထည့်ထားရေဗူး။
**ကွမ်းဖုံ**–(ဘိန်းပျစ်) ကွမ်းရွက် အမျှင်ချေတိကို ဘိန်းနန့်နယ်ပြီး မီးကင်ထားရေ ပြောင်းနန့် ရှူရေ ဘိန်းပျစ်။

**ကွမ်းလင်ပင်**–(ရွက်လှပင်) အိမ်လုံး ချမ်းသာပင်။
**ကျိတ်**–(က)မာကျစ်သော*(ကင်းဖွန်းရွက်လှော်ထားစွာကျိတ်နိန်ရေထော)*
(ခ)(လိမ်ထား) ခြီထောက်နန့်လိမ်ထားသော *(ခြီလိမ် ကျိတ်ထားရေ)*
(ဂ)(ကြိတ်ထားသော) *(တက်ကို ကျိတ်လို့ကျိတ်လို့ လှော်ထားကတ်)*
**ကျိတ်ကျက်ခတ်**–ကြပ်ကြပ်သိပ်သိပ်နန့်လားနိန်ကတ်သော*(ဘုရားပွဲမှာ လူတိ ကျိတ်ကျက်ခတ် နိန်ရေ)*
**ကျိတ်ပေါက်**–ကျပ်ပေါက်/ လက်ကတီးကြားမှာ အကျိတ်ပေါက်သည်။
**ကျိန်း**–ဗေဒင်သဘော အရပြစ်နိုင်ခြေ *(ငါထီပေါက်ဖို့ ကျိန်း ရှိရေ)*
**ကျိန်းကျီ**–(ကျိန်းပြယ်)*(ဖေချာကောက်ရလို့ ထီပေါက်ကျိန်းကျီလားရေ)*
**ကျုပ်နစ်**–(ရွံ့နှစ်)*(ရီကြီးလို့တစ်အိမ်လုံး ကျုပ်နစ်တင်ကျန်လိုက်တေ)*
**ကျုပ်ဖွတ်ဖွတ်**–(ရွံ့အလူးလူး)မြေပျော့တိ အလူးလူးဖြစ်သော*(ကျုပ်ဖွတ် ဖွတ် နန့် အိမ်ကိုတက် မလာ ကတ်ကေ့ ရီအယင် ချိုးခီကတ်)*
**ကျိုင်**–(က)အုပ်စု(*ကုလားတစ်ကျိုင်*) (ခ)(ထုံကျဉ်)သွီးမလျှောက်လို့ဖြစ်တေ ဝေဒနာ *(ခြီကျိုင်ရေ)*
**ကျိုင်တောက်**–(ကျဉ်တောက်)ရီ/ ပစ္စည်းထည့်ရေတစ်ဖက်ပွင့်ဝါးဆစ်။
**ကျိုင်းခတ်** (က)(ဂျမ်းတုံးတိုက်)စိုက်ခင်း မှာမြေစိုင်ခဲတိကို ညက်အောင် ကျိုင်းဖြင့်တိုက်သည် (ခ) အားလုံးစုံကို အညီအမျှ သတ်မှတ်သည် *(ငမွဲလေ့ ကျောင်းစရိတ်ငါးထောင် သူဌေးလည်း ငါးထောင် အားလုံး ကျိုင်းခတ် ကောက်ဖို့ဆိုကေ ငမွဲတိ ဒုက္ခရောက်ကတ်ပါဖို့)*
**ကျွဲပက်ခုံးခံ**–အသားမာတက်သည်။
**ကျွန်းသား**–(တောသား)ကျေးရွာသူ ရွာသားတိ*(ကျွန်သား/မြို့သား)*
**ကျွီး**–လိုင်ခြောင်းညှည့်လို့ အကျယ်ကြီးဟောသည် *(ကြောက်အား လန့် အားနန့်ကျွီးပလိုက်တေ)*
**ကွန်ချာတိုင်**–အလယ်ဗဟိုတိုင်/ ပင်မတိုင် *(နွားတိကို ကွန်ချာတိုင် ချိုင်)*
**ကွန်ဆိုးမ**–(ကံဆိုးမ/ မိန်းမရှုင်)ကံအကြောင်း မလှရေမိန်းမ။
**ကွပ်စူး**–(သံစူး)တောင်းတိ/ ပယိန့်တိအနားကွပ်ရာမှာ သုံးရေ သံစူးချေ။
**ကွမ်ဆောင်**–ဟန်ဆောင်သည်*(အခုမှ ကြောက် ကွမ်ဆောင် နိန်လာ)*

**ကျေးဖူးသရစ်**–ကျေးဇူးရှင်ကို ပြစ်မှားသည်။
**ကျေးဟက်**–(တံချူ)သစ်သီးရူးဖို့ အဖျားမှာနှစ်ခွလုပ်ထားရေဝါးအရှည်။
**ကျော်ဗျ**–အစားအစာကြော်ရေ အဝကကားနန့်အိုး (ဒယ်အိုး)
**ကျေးမလီ** –(အရှေ့လေအေး) အရှိဘက်က ထရေ လီအီး။
**ကျေးလိုက်ငွေပါ**–(အတွက်အချက်စံနစ်)အတွက်အချက်စံနစ်။
**ကျောက်**–(က)ခြီနန့်ကန်သည်(ခ)ကျောက်မျက်(ဂ)ကျောက်ရောဂါ။
**ကျောက်ကိုက်**–သဘော်ကျောက်ဟက် ရီအောက်မြေပြင်မှာ ငြိနိန်သည်။
**ကျောက်ဖြူချေ**–(ရေကျောက်) ရီကျောက်ရောဂါ/ ပဲသန္တာ။
**ကျောက်မရာ**–(ကျောက်ပေါက်မာ)ကျောက်ပေါက် မျက်နှာမှ အနာရာ။
**ကျောက်ရှူး**–ကျောက်ရောဂါဖြစ်လို့ ရှူးလားသူ။
**ကျောက်ရိုး**–(အတိတ်တဘောင်)နောင်ဖြစ်လာဖို့စွာတိကို ရီးသား ထားရေဟောစာတမ်း*(သာသနာနှစ်တဝက်မှာ မင်းကောင်းတစ်ဆက်ပေါ်လတ္တံ့။ထိုအခါတွင် အောက်သမတစ်စုံ ဆန်တစ်ဒွံလည်းဖြစ်လတ္တံ့)*
**ကျောက်သား**–(ကျောက်တုံး)ငရုပ်ကြိတ်/ ဆီးကြိတ်တေကျောက်လုံး။
**ကျောက်ဟက်**–(ကျောက်ဆူး)သဘော်တိ ရီထဲမှာ ရှိ ပါမလားအောင် ရီအောက် ချထားရေကရိယာ။
**ကြကြင်မြည်**–ညညီးညူညူ*(ဖေချာချေ တစ်သောင်းပီးဖို့စွာကို ကြကြင်မြည် နိန်ရေထော)*
**ကြာကလပ်တင်**–ဖုန်းကြီး အလောင်း ကလပ်တင်လို့ ပူဇော်ထားသည်။
**ကြို**–(က)ကြိုကြိုက်(ခ)ခန္ဓာပိန်သော *(အေသူကကောင်း ကြိုပါရေကာ)*
**ကြက်ချုပ်**–(က)ကြက်အဆီဗူး (ခ)စကားကကောင်း များရေလူ။
**ကြက်ချီး**(က)မရင့်ဘဲအခြောက်လှမ်းထားရေကွမ်းသီး(ခ)အတုအယောင်။
**ကြက်ချီးတန်း**–(ဝလုံးတန်း)အချေတိဂျီး စုထားရေနိန်ရာ/ ဝချေတန်း။
**ကြက်ချီးရန်**–(ရေနံချေး)သစ်ဝါးတိ တာရှည်ခံအောင်သုတ်ပီးရေရန်ချီး။
**ကြက်စာကောက်**– အသေးစိတ်ချောသတ်/ အပြီးသတ်လုပ်ကိုင်သည်။
**ကြက်တက်မော**–အံ့သြမိန့်မောလားခြင်း *(သဘော်မှောက်တေ သတင်းကြား စွာနန့် အကျွန် ကြက်တက်မော လား ပါရေ)*

**ကြက်တက်ရည်**–မျက်နှာပြင်မှာဖုံးနိန်ရေအဆီရည် *(ထုံးကြက်တက်ရည်)*
**ကြက်တက်လင်း**–(မိုးစင်စင်လင်း) လုံး၀ မအိပ်ရဘဲမိုးလင်းသည်။
**ကြက်တွန့်တက်–(**က)ကြိုးကို အကျစ်လွန်လို့ထုံးလားသည်(ခ)အလွန် လိမ်တတ်ဝါတတ်သည် *(လိမ်စွာဝါစွာမှာဆိုကြက်တွန့်ပါတက်တေ)*
**ကြက်နားအုပ်**–(ခေါင်အုပ်)ခေါင်မိုးကို အုန်းနှက် မိုးပြီးရေခါ လီထလို့ မလန်ရအောင်ဝါးထရံ ကြားကြားချေ ရက်လို့ဖိအုပ်ထားသည်။
**ကြက်မတွန်ရာ**–သုသာန်တစပြင်။
**ကြက်ယက်ပေါ်**–(တိုင်အခြေပေါ်)အိမ်တိုင် အောက်ခြီ တိမှာ မြေထဲမြုပ် နိန်ရေအပိုင်းဆွီးလို့စားလားခြင်း*(အိမ်တိုင်ကကြက်ယက်ပေါ်နိန်ဗျာလ်)*
**ကြက်ရရိုး**–(လင်းမြွေ)ကြက်ဥ ခိုးစားတတ်တေမြွီ *(လင်းမြွီတစ်မျိုး)*
**ကြက်ဝတင်း**–(ကြက်ဝပ်ကျင်း)ကြက်မ ဥအုဖို့ ပြင်ထားရေ အသိုက်။
**ကြက်သိန်းထ**–ချမ်းလို့/ကြောက်လို့ အရီပြားမှာ အဖုချေတိထသည်။
**ကြင်–(က)**(အနာပြည်ကိုက်ခြင်း)ဒဏ်ရာမှာ ပြည်နဲ့တင်းနိန်လို့တစိတ် စိတ် နန့်ကိုက်သည် *(နာခြင်းနန့်ကိုက်ခြင်း ကြား အခြေအနေ)* (ခ)ကိုယ်ဝန်ကြင်သည်။
**ကြင့်–(**က)ပြည့်ကြပ်ခြင်း*(ဝမ်းကြင့်နိန်ဗျာလ် နောက်ထပ်မကျွေးပါကေ့)* (ခ)ဂြေသီသီနိန်ခြင်း *(အမ်းနေသည်) (နှစ်ယောက်ပူး လက်ပူးလက် ကြပ်ဖမ်းမိကေ မင်းဇာပြောချင်သိလေ ကြင့်နိန်ဗျာလ်မလား)*
**ကြင်း**–ပြန့်ကြဲနိန်သော *(အခန်းထဲမှာလဲ အားလုံး ကြင်းလို့ကာ)*
**ကြတ်လိုက်**–(ဖါးဥတက်)ချွေးကြောင့်အ၀တ်အကျႌအမဲစက်ပေါ်သည်။
**ကြန့်**–(ကြမ်း) ကြကြမ်းကြီးဖြစ်နိန်ခြင်း*(ထမင်းစားလို့မကောင်းလျှာက လဲ ကြန့်နိန်ရေကား)*
**ကြပ်စင်**–(ကြပ်ခိုးစင်)မီးဖို အထက်မှာ ဆင်ထားရေ ကြပ်ခိုးခံရေစင်။
**ကြပ်တိုက်**–မီးဖြင့်ကင်သည် မီးခိုးမှိုင်းခံကင်သည်။
**ကြွက်ကျဟာ**–ဆီးပင်တမျိုး(ကြိတ်မုန်ပင်**)**
**ကြွက်တက်**–ခန္ဓာကိုယ်ကြွက်သားတိနာရေဝေဒနာ။
**ကြွက်ထက်**–အိမ်ဦးခန်း*(အာဂန္တုတိကို ကြွက်ထက်မှာ အိပ်ခိုင်းလိုက်)*

**ကြိုးကြိုးကြဲကြဲ**–(ကြိုးစားပန်းစား) ကြိုင်းလို့တွားလို့*(နိန်စရာ မရှိလို့ အိမ်ချေတစ်ဆောင် ကြိုးကြိုးကြဲကြဲ ဆောက်ထားစွာ)*

**ကြိုင်–(**က)ကြည်လင်သည်*(ရီ ကြိုင်နိန်သည်)*(ခ)(မွေးရန့်) အလွန် မွှီးသည် *(ချရပွင့်နံ့ကြိုင် နိန်ရေ)*

**ကြိုင်း**–(က)(ညီးသည်)ဝေဒနာကြောင့်တိုးတိုးညိန်းသည်*(ထွီးမောင်တစ်ယောက် ငှက်ဖျားထလို့ တစ်ညည့်လုံးကြိုင်းနိန်ရေ)*(ခ) တိုတောင်းရေအချိန်*(တကြိုင်းရာ တောလည် ထွက်တေကျားကိုက်ခံရ ဗျာလ်)*

**ကြိုင်းလို့တွားလို့**–ခက်ခက်ခဲခဲ*(မင်းကို ဘွဲ့ရစီချင်လို့ကြိုင်းလို့ တွားလို့ ကောလိပ်ပို့ ခစွာ ဆလယာသတ်လို့ မနိန်လီကေ့)*

**ကြဲတဲကြောင်တောင်**–လူမြင်သူမြင်*(ကြဲတဲကြောင်တောင်ပင်လုရေကာ)*

**ကြဲစီကြဲစေး**–(စပ်ဖြဲဖြဲ) ပြောစကားကို ဂရုတစိုက် နားမထောင်ဘဲ နန့်ယောင်ကား ခံနိန်သော။

**ကြုတ်**–(ခြစ်မိရာ)တစ်ခုခုနန့်ခြစ်မိရေအစင်းရာ*(အရီပြားကြုတ်လားရေ)*

**ကြုတ်ကျောက်**–(ကြိုထိုး)လိုင်ခြောင်းကတဂိဂိအသံမြည်လီထွက်သည်။

**ကြိုး**– အားရဝမ်းသာ လုပ်ဆောင်သည် /စားသည်*(အာဂန္တုမလာကေ ကြက်သားတစ်အိုး ငါရို့ကြိုး ပလိုက်ကတ်ဖို့ဗျာလ်)* (ခ)ချိုင်ကြိုး (ဂ)အသံအကျယ်ကြီးမြည်သည်(မိုးကြိုးရေ/ ဆိုင်းတီးစွာ ကြိုးပါရေ)

**ကြိုးကြာဥ**–(ချဉ်သောဥ)အလွန်ချိုင်ရေငှက်ဥ(တင်စားခြင်း)

**ကြေးဖေးပျက်**–(ပြန်မပြောနားမထောင်)ပြောသမျှရယ်လို့နားထောင်နိန်ပြီးမလိုက်နာသူ။

**ကြော်**– အများသိအောင်ကျယ်လောင်စွာဟောသည်*(ကြွေးကြော်သည်)*

**ကြော်ဗျ**–(ဒယ်အိုး)ဆီကြော်ရေ အဝကားကား ဒိုင်အိုးချေ။

**ကြောင့်ကြ**–(တွေးပူသည်)ရှိရေးကို တွက်ဆပူပင်သည်*(မမရို့ မှာယင်းလောက်ထိ ကြောင့်ကြမနိန်ပါကေ့ မမ သားချေ ပြန်လာလိမ့်မယ်)*

**ကြောင်ချီး**–အလွန်ပြဿနာရှာရေ / များရေလူ ။

## (ခ)

**ခကျင်းရှည်**–(ခါးရှည်သူ)ခါးကြောအရှည်နန့်လူ။

**ခ'စပ်**–(ခယ)အောက်ကျခံလို့နိန်ထိုင်လုပ်ကိုင်နိန်သည်*(မိဘက သားတိ သမိန်း တိကို ခစပ်နိန်ဖို့ မလို)*

**ခတို**–(အုန်းခွံရေမှုတ်)အုန်းသီးမာလာခွံမှာလက်ကိုင်တပ်ထားရေရီမှုတ်။

**ခနုံးတိုက်**–(ခလုတ်တိုက်)လမ်းလျှောက်ယင့်ပင်းခြီထောက် တစ်ခုခုနန့်ကိုအက်မိသည်။

**ခပစာတိုက်**–(ကျိန်ဆဲ)စားသမျှ အဆိပ်ဖြစ်အောင် ကျိန်ဆဲ သည်။

**ခပတာ**–မဆိုင်လူဝင်မပါဖို့အန္တရာယ်သတိပီးစကား *(ခပတာကား ခပတာ မဆိုင်ရေလူ မကပ်ကေ့)*

**ခပေါင်းခတ်**–(ခြေဖြင့်ဝိုက်ကန်သည်) ခြီဖြင့်ဝိုက်လို့ကျောက်သည်။

**ခဖေါသွပ်**–ပေါတောတော ဖြစ်သော*(အေသူ ခဖေါသီ ခဖေါသွတ်ကား)*

**ခမူးဒီခမူးတက်**–(ခပ်မူးမူး) အရက် မူးမူး ချေနန့် *(ခမူးဒီခမူးတက် နန့် အပျိုမချေကို လက်ဖျားဆွဲရေ)*

**ခမောင်းပင်**–(ပျဉ်းမပင်)သစ်မာပင်တစ်မျိုး။

**ခမည်းသင့်**–မကျန်မာလို့ယတြာချေပီးဖို့ တစ်ခုခုလိုနိန်သည်။

**ခမည်းပီး**–ကျန်းမာလာအောင်တစ်ခုခုယတြာလက်ဆောင်ပီးရေအလေ့။

**ခယောက်**–(ပုဆိုး) ဒယော/ခတောင်း *(မယား နှစ်ယောက်ရှင် အပူဝင်လင်မှာခယောက် အပေါက်ပေါက် ––)*

**ခရာဝ**–(အော်လံ)အသံပိုကျယ်အောင်အဝကကားလုပ်ထားပီးရေအပိုင်း။

**ခလိမ်ထိုး**–(ခြေဖြင့်ချိတ်ဆွဲသည်) ကျင်ကိုင်ရာမှာ တစ်ဦးကိုတစ်ဦး ခြီထောက်ဖြင့် ချိတ်ဆွဲသည် (ခ)ရန်ဖြစ်အောင် သွီးထိုးပီးသည်။

**ခုချင်း**–တစ်ခုတစ်ခုချင်း*(ဆားတသိုက်နန့် ငါးတသိုက်ခုချင်းဖကတ်မေ)*

**ခုနစ်ရီတစ်ရီမစပ်**–လုံးဝအဆက်အစပ်မရှိသော*(မင်းရို့ကိစ္စမှာငါ့ကိုဇာဖို့ဆွဲထည့် လေ ခုနစ်ရီတရီမစပ်)*

**ခုံတောက်**(ဖိုခနောက်)ဟင်းအိုးတည်ဖို့သုံးပွင့်ဆိုင်ပြင်ထားရေကျောက်ခဲ

**ခဲခတ်**–အလကား/အသုံးမကျ*(ဘုတ်တစင်းထောင်ခီရေ ခဲခတ်စီးရေ လူများလို့ မြီကျလားရေ)*

**ခဲမကျီ**–အလွန်မကျေမနပ်ဖြစ်သော*(မင်းကိုတစ်သက်လုံး အခဲမကျီဝေး)*

**ခဲဝါ**–(ခွေးအ)မြေတွင်းတူး နိန်တတ်တေ တောခွီးတစ်မျိုး။
**ခံသာပန်သာ**–ခံနိုင်ရည်ရှိရေ ပမာဏ*(ခံသာပန်သာ ကျရေ)*
**ခင်စိုင်း**(တောအစ)တောနန့်ကွင်းအစပ်*(ခင်စိုင်းကဂျီဟောက်သံကြားရေ)*
**ခတ်ကျောက်သီး**–(က) လက်ကိုင် ပိုင်ပြား နန့်ခတ်လို့ ကစပ်ရရေ နှစ်ဘက်ချွန် သစ်ချောင်းအတိုချေ (ခ)အလွန်ကျစ်လစ်သန်မာသူ။
**ခတ်တက်**–(လှော်တက်ရှည်)ရပ်စောက်ရပ်လို့လှော်ရရေ သမ္ဗာန်တက်။
**ခတ်တင်**–(အလောင်းပြင်)လူသီအလောင်းကိုကုတင်မှာတင်ထားသည်။
**ခပ်**–အရည်တခုခုကိုခွက်ဖြင့် ကျုံးယူသည်။
**ခပ်စက်ခံ**–(ပေးစာကမ်းစာစားသည်)သူများ ပီးစာကမ်းစာ မျှော်ကိုးစားသောက်သည်*(သူများဘက်မှာ ခပ်စက်ခံမနိန်ကေ့ နင်လေ့ကြိုးစား)*
**ခုံးတိုင်**–အလယ်တိုင် *(ကျွဲတိကို ခုံးတိုင်မှာ ချိုင်လို့ လှည့်ခိုင်း ရရေ)*
**ခုပ်**–(ထောင်ချောက်)ကြက်/ငှက်တိကိုထောင်ဖမ်းရေ ထောင်ချောက်။
**ခုပ်တိန်**–(မြေတွင်းတူးငါးထောင်ချောက်)
**ခုပ်ပိ**–(ဂျပု)အရပ်ပုသော*(လူ က ခုပ်ပိချေ ကြိုက်ခီရေ မမက လံဘား)*
**ချခရော်ပြန်**–ဝွမ်းထိုးမှောက်ခုံ ဖြစ်သည် *(ရဖို့လားလို့ ချဲဒိုင်ကိုင်ခီရေမှာ ချခရော်ပြန် လားခယင့်)*
**ချခေါင်းကျ**–အလွန်ပိန်ရှုံ့လားသော*(ငါ တစ်ညည့်လုံး ဝမ်းလားနိန်လို့ ချခေါင်းကျ နိန်ဗျာလ် )*
**ချချိုးချေ**–ဟင်းချက်ရာမှာ အရည်ကို အချိုခါတ်များများချက်ထားခြင်း။
**ချဒုံချေ**–အမွှေးမပေါက်သေးသောကြက်ငှက်ပေါက်စ/လူမွီးစချေ။
**ချတောက်လက်ခတ်**–လက်မကျ ခြီမကျလုပ်ရသော *( အလှူမှာထမင်းကျွေး တာဝန်ယူရစွာ–တစ်မိုးထလုံး ချတောက်လက်ခတ် နန့်)*
**ချထုပ်ပေါ်**–(အလိမ်ပေါ်)ဖုံးထားစွာတိပေါ်လားသည်/အလိမ်ပေါ်သည်
**ချနဲဟပ်** –(ကလေးအနှီး) မွီးစအချေအတွက် သုံးရေအဝတ်ချာ/အဟပ်။
**ချပင်းပစ်**–စားသမျှ ညာဏ်မဖြစ် မစင် ဖြစ်လားသော။
**ချပေါက်းဝမ်းသန်**–(ချပင်းပစ်)အစားအစာကိုမဝတမ်း စားခြင်း/စားသလောက် အား မဖြစ်ဘဲ ဝမ်းရာပူလာခြင်း။

**ချဖိုက်**–ဝမ်းအောက်ပိုင်း*(ချဖိုက် အကြီးမသန်နန့် မင်းမယား လာနိန်ရေ)*
**ချဖေါင်သာ**–(အိမ်သာ) အညစ်အကြေးစွန့်ရာနိန်ရာ/ အိမ်သာ။
**ချမကျ**–တွက်ဆမရသော*(အေဖေသာတိကို ဇာမှာပင်သုံးပစ်ခလေဆိုစွာ အကျွန် ချလို့ပင်မကျ ပါကာ အဖသေ)*
**ချရားပွင့်**–(ခရေပွင့်)ကကောင်းမွှီးရေ ပန်းပွင့်ချေတစ်မျိုး။
**ချလာပုတ်**–ရေမြောင်းပုတ်/ ရီပုတ်။
**ချလင်ဖြူ**–(ဗလာစာရွက်)မျိုင်းကြောင်း မပါ သောဗလာစာရွက် အဖြူ။
**ချလုံးသလုံး**–အရောရောဖြစ်သော *(အကျ်ီတိကို ထမီဆိုးတိနန့် ချလုံး သလုံး ထည့်လာရေ)*
**ချလောင်းချလာ**–(ကပြောင်ကပြန်) ရုပ်ထွီးအောင်လုပ်သည်*(ရှင်းနိန်စွာ ကို ပိုရှုပ်လားအောင် ချလောင်းချလာ လုပ်မပစ် ပါကေ့)*
**ချဲ**–ဘေးဖယ်ထားသည်*(ယင်းသူ့ကိုသုံးမရလို့ချဲထားကတ်ပါရေ /ချဲဖဲ)*
**ချင်**–ဆန္ဒဖြစ်ပေါ်သည်*(စားချင်/သောက်ချင်/လုပ်ချင်/စိတ်ပါသည်)*
**ချင်ဆီ**–စိတ်ရှိတိုင်း *(မင်းရို့ခေတ်မှာ မင်းရို့ချင်ဆီ လုပ်ကတ်လီဖိ )*
**ချပ်**–ချိတ်ဆွဲထားသည်*(လူ ကရာ စာတစ်လုံးမတတ် အိပ်မှာဖေါင်တိန် နှစ်လက်ပြူး ချပ်လို့)*
**ချိတ်ချွတ်**–အလွဲလွဲအချော်ချော်ဖြစ်သော*(ခိုင်းလိုက်ကေချိတ်ချွတ်ဗျာလ်)*
**ချီးတန်းသွယ်**–(ချတန်းသွယ်)ပြီးပြတ်ခြင်းမရှိ/ အမျှင်တန်းကျန်နိန်သော။
**ချွတ်**–(က)ခွါချသည်( *ဒယောကိုချွတ်သည်*) (ခ)အားလုံးခြုံ ၍ဝယ်သည် *(အရီးမှာပါရေ ငါးကိုအားလုံးအကျွန်ချွတ်လိုက်မေ ချွတ်ရှီးပြောပါ)* (ဂ)ဂုဏ်သိက္ခာကျအောင်လုပ်သည်*(သူ့ကို ဝိုင်း ချွတ်နိန်ကတ်တေ)*
**ချွန်း**–(ကမြင်း)သူများ မလုပ်သင့်လို့မလုပ်စွာကို စမ်းလုပ်ခြင်း *(အေသူ ကကောင်းချွန်းရေမလုပ်ကောင်းလုပ်ကောင်းသချိုင်းမှာတဆီခေါ်ရေ)*
**ချိုင်**–(က)(ခုတ်သည်)ဒါးနန့်ခွပ်သည် *(အိမ်မှာအုပ်နိန်ရေ သရက်ကိုင်း တိကိုချိုင်ပလိုက်ကတ်)*(ခ)ကြိုးနန့်ချည်သည်(ဂ)ခြား၍/ ခြား၍ဖြစ် သော*(ငှက်ဖျားဖြစ်လို့ အခုရက်ချိုင် ဖျားနိန်ပါရေ)* (င)ချဉ်သော။
**ခြကျိုတ်**–(လူကောင်မထွားသော)အသက်ကြီးပြီး လူကောင်မကြီးရေလူ။

**ခြာ**–ခြားသည် *(စစ်တွေမှာ လျှစ်စစ်မီး တစ်ရက်ခြာ စီရာ လာရေလတ်)*
**ခြက်**မာကြောခြင်း *(ကြက်ယက်ဟင်း လော်ချေ ခြက် နိန်ရေထော )*
**ခြင်**–ချိန်တွယ်သည်*(အကျွန့်ဖို့ ပုဇွန်တစ်သိုက် ခြင်ပီးပါ)* (ခ)ပိုးမွှား။
**ခြင်ကန်**–အိမ်မှာအခေါင်မိုးဖို့ပြင်ထားရေသစ် /ဝါးတန်း အပြင်အဆင်။
**ခြစ်လို့ခြာလို့**–(ကြိုးကြိုးကုတ်ကုတ်) မရှိရေအထဲက ကြိုးစား ပမ်းစား *(အေသားချေ တစ်ယောက်ကို ခြစ်လို့ခြာလို့ ရှင်ပြုလိုက်တေ)*
**ခြည်ဝင်**–(အုန်သီးထဲကအဆံ) အုန်းသီးအထဲက အဖြူလုံးချေ။
**ခြုပ်မစီ**–လင် မိသားစုအိမ်ကို မယားလိုက်နိန်ရခြင်း*(သမက်စီကြည့်ပါ)*
**ခြုပ်မဆွဲ**–(ယမ်းမီးခြစ်)သစ်သားမဆွဲ/ ယမ်းမဆွဲ။
**ခြူ**–(က)အနေ့င့်အယုက်ဖြစ်သည် *(နင်ပါစွာ ကကောင်းခြူရေ လားချင်စွာ မလားရ)*(ခ)ရှုပ်ထွေးသည်*(အချေ လုပ်လိုက်စွာ ခြည်ခင်အားလုံး ခြူလားခဗျာလ်)* (ဂ)အများအပြား*(ဥပမာဝဲအလွန်ပေါက်သူ=ဝဲခြူ)*
**ခြူခြီခြူခြာ**–ရှုပ်ရှုပ်ရက်ရက်ဖြစ်သော။
**ခြူဆောင်း**–ပွရောင်းနီသော*(ဆံပင်ခြူဆောင်း နန့်အကောင်)*
**ခြ်ချ**–(ငါးယင်းကာ)မော်များတွင်ရီတက်ချိန်လမုံ့ကာလို့ငါးရှာသည် *(လမုံ့ပိတ်ရာ ခြ်ချရာ ငါးရှာခေါ် မတော် သည့်ခိုက် လုကြင်သွယ် မေမလိုက်ကေ့ ငါးနန့်မတူ ငတောက်တူ ငနူစုံးကေ အီးလိမ့်မေ–)*
**ခြိ**–(မျှသည်)သင့်တင့်အောင်မျှဝီသည်*(မုန့်ချေတဆိချေရှိစွာကို အားလုံးကို ခြိ လို့ပီးလိုက်တေ)*
**ခြီ**–(က)(ခြေ)ခထောက်(ခ)အမှုန့်လုပ်သည်(ဂ)နှစ်သက်/ ကျေနပ်သည် *(အေနိန့်ထမင်းစားလို့ကကောင်းခြီရေ/မလေးရှားမှာနိန်လို့မခြီပါ)*
**ခြီကာသိန်**–ဒယော(ပုဆိုး)ကိုခြီမျက်စိ ဖုံးအောင်ထိ အရှည်ဝတ်သော။
**ခြီကြွပီး**–(ခြေကြွပေး)ကုသခနှင့်မဆိုင်ဆီးသမားကြွရောက်လာခပီးရငွေ
**ခြီဖျားသိန်**–(ခြေမျက်စိဖုံး)ခြီမျက်စိဖုံးအောင်ထိဒယောအရှည်ဝတ်ခြင်း။
**ခြီးခြောင်း**–(ပုလွေ) ပုလ္လီ *(အသံကောင်း ခြီးခြောင်းဝယ်ခ စီးတန်က)*
**ခြီကျင်**–(ခြေလျင်)ကုန်းကြောင်း/ ခြီထောက်ဖြင့်လမ်းလျှောက်သည်။
**ခြင့်**–(ဗိုက်ရစ်နာသည်)ဝမ်းတဆိကေခဲသည်*(ဝမ်းခြင့်ကေ ဆီးသောက်)*

**ခြည်ခင်စွပ်(ငှက်)**–ကြိုးကြာငှက်တစ်မျိုး။
**ခြွ**–စိတ်ကြီးဝင်သည်*(လယ်ဆယ်ချိုင်းရှိလို့ ယင်းစွာ ကကောင်းခြွနီရေ)*
**ခြိပ်ပေါက်**–(ချိပ်ပေါက်)ခြိပ်ပင်အစီးနန့်ခါတ်မတည့်လို့အထုထသည်။
**ခြီထိုး**–အချင်းချင်းအထင်အမြင်လွဲအောင်ပြောဆိုသည်*(လင်မယားကြား ရန်ဖြစ်အောင် လားလို့ခြီထိုး မပီးကတ်ကေ့)*
**ခြီလိမ်ကျိတ်**–ခြီထောက်ဖြင့်လိမ်ဆွဲသည်*(ကျင်ကိုင်ခြင်းမှ)*
**ခွီးကတက်**–(ဖိနပ်ချွတ်)အိမ်အတက်ဖိနပ်ချွတ်စင်။
**ခွပ်**(က)ပိုင်းဖြတ်သည်(*ထင်းခွပ်သည်*)*(လေယဉ်ပျံ လက်မှတ်တစ်ရွက် ခွပ် ထားလိုက်–ရှေးအသုံး)* (ခ) ပန်းထိမ်ဆရာ လက်ဝတ် ရတနာ ပြု လုပ်သည်*(ဥပမာ –ပန်းထိမ်ခွပ်သည်)* (ဂ)ကြက်ခွပ်သည်။
**ခေါခွက်**–(သရဲစာခွက်)တဆီသရဲ အစာကျွေး ရေ နီးခွက်။
**ခေါစာပစ်**–လူနာအတွက် စုန်းစာဖုတ်စာ ကျွေးသည်။
**ခေါစာထမင်း**–(သေသူအတွက်ထမင်းထုပ်)လူသီ အတွက်ထမင်းထုပ်။
**ခေါဘဏီ**–(က)မရီတွက်နိုင်အောင်များသော*(အဘာလေပြောလီ ပိုလီ ခေါဘဏီဆိုရေ ပိုင်ဗျာလ် ရှိလို့ပင်မဆုံးနိုင်ကာ)(ခ)ဝါးအလုံးတစ် သောင်းပုံကို အခေါဘဏီပမာဏလူတိတက်နင်းလားကေ ဖုံထောင်း ထောင်းထလားနိုင်ရေအရီအတွက်(စာအသုံး)*(ဂ)သင်္ချာအရီအတွက် *(တစ်အခေါဘဏီသည်= ၁'၀၀၀'၀၀၀'၀၀၀'၀၀၀) ရီတွက်ပုံမှာ (ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကောဋိ၊ ပကောဋိ၊ ကောဋိပကောဋိ၊ နာဟုတ၊ နိန္နာဟုတ၊ ခေါဘဏီ ၊ ဗိန္ဒု ၊ အဗ္ဗုဒ်တံ နိယန္နုတံ ၊အဟံဟံ ၊ အဘံဘံ ၊ အဋ္ဋံဋံ ၊ သောဂန္ဓိကံ ၊ ဥပ္ပလ္လန်၊ ကုမုဒ်၊ ပဒုမံ၊ ကဌာနံ ၊မဟာကဌာနံ ၊ အသင်္ချေယျ– ပါဠိမှ)*
**ခေါင်စင်းအိမ်**–လမ်းဘေး ကိုဘေးသတ်ထားလို့ အလျားလိုက်အိမ်မျိုး။
**ခေါင်ဘုတ်အုပ်**–(ခေါင်ချုပ်)အိမ်ခေါင်မိုးနှစ်ခြမ်းကို ထိပ်ဆုံးအဆက်နိန် ရာမှာအုပ်စပ်ပီးသည်။
**ခေါင်းဒုတ်ကာ**–ရာသီတပါတ်လည် အခစား စာရင်းငှါးလုပ်သည်*(မိုးဦး လယ်ထွန်ချိန်ကစပြီးကေ စပါးပွဲချိန်ထင်းခွီပြီးချိန်ထိလုပ်ပီးရသည်)*

**ခေါင်းရိုင်**–ခေါင်ထဲမှာ ခမူးမူး ချေဖြစ်နိန်သော *(ပါပါဂေါင်းရိုင် နိန်လို့ သွီးဆီး တဆိကေယူပီးကတ်)*

**ခေါ်တောင်း**–စိမ်ခေါ်သည် *(အိမ်ထဲကခေါ်တောင်းမနိန်ကေ့ သတ္တိရှိ ကေ ထွက်လတ်)*

**ချောက်**–ပြည့်မနိန်သော *( ချချောက်ရာသိ အများကြီး ကန်သိရေ)*

**ချောက်ချောက်ချေ**–အလွယ်ကာသားချေနန့် *(မင်းပိုင်အကောင် လောက်ကို ချောက်ချောက်ချေ နိုင်ရေမှတ် ထား)*

**ချောက်သားကျ**–လင်ကောင် မပေါ်ဘဲ အချေမွီးသည်။

**ချောင်ကျ**–ပိန်ကြုံနိန်သည် *(မင်းမျက်နှာ ချောင်ကျနိန်ရေကာ)*

**ချောင်းကျ**–အခိပ္ပါယ်မရှိဖြစ်လားသည် *(မင်းပြောလားရေ စကားအတိုင်း ဆိုကေ ဘုရားဟောတရား အားလုံး ချောင်းကျ လားဖို့ကာ)*

**ချောင်းကျမြောင်းကျ**–ခက်ခက်ခဲခဲစွန့်စွန့်စားစား *(နင်ရို့ရွာ လာရစွာ ချောင်းကျ မြောင်းကျ နန့်)*

## (ဂ)

**ဂဏန်းပေါ်**–ပြဿနာပေါ်သည်(အေသူ *လားလီရာမှာ ဂဏန်းပေါ် ရေ)*

**ဂယိုင်သီး**–(မာလာကာသီး) အစိမ်းစားရရေ သစ်သီးတစ်မျိုး။

**ဂရောင်**–သိုးမွှီးခြည် *(အဘောင်းရှင် ချမ်းကေဂရောင်အကျႌဝတ်ထားပါ)*

**ဂလိမ့်ဂလည်**–စကားကို တစ်ဘက်တစ်မျိုး လားလို့ပြောသည်။

**ဂဟဓာ**–ကံကြမ္မာ *(အေနှစ်မှာ အေသူ ကကောင်း ဂဟဓာ ထ နိန်ရေ)*

**ဂါကပါ**–(မိမိထံမှပါသွားသည်)အမြတ်မရဘဲမိမိထံမှပြန်ပီးလိုက်ရသည် *(နိုင်ဖို့လားလို့ ဘောလုံးပွဲ စပ်ခီပါရေ ဂါကပါ လခယင့်)*

**ဂါပိ**–(ပျော့သော) (က)အလွန်ပျှသော *(ထမင်းက ဂါပိရာ စားလို့ပင်က မရ)* (ခ)အလွန်အိုသော။

**ဂါရာ**–ရဲစခန်း *(အခုပြောနိန်ကေလေ့ အပိုရာဂါရာကိုရောက်မှ ရှင်းကတ်)*

**ဂါရီကျ**–အလွန်ဆင်းရဲသော/ မထနိုင်မထိုင်နိုင် အလွန်အိုသော။

**ဂါလံ**–အမြင့်ဆုံးဖြစ်သော *(သရက်သီးချေ တစ်လုံး စားချင်စွာနန့် ဂါလံ ထိ တက်ရလာ အကိုင်းမသေ ကျိုးကျမယ်)*

**ဂါဝန်**–အင်္ဂလိမ်မ ဇာဂရာ။
**ဂတ်**–ဂါရာ/ ရဲစခန်း။
**ဂတ်ဗိ**–(ဂါဘိ)(က)အလွန်ပျှသော*(ထမင်းဂတ်ဗိ)* (ခ)အလွန်အား နည်းသော*(ဝါကြီးမ ဂတ်ဗိမ)*
**ဂန်ဒကောက်**–ယင်းချက်စားရရေ နွယ်ပင်ချေတစ်မျိုး။
**ဂန်ဒုတ်ကနွယ်**–ဂန်ဒဂေါက်နွယ် အပင်။
**ဂန့်ဒရေ /ဂန့်ဒရိ**–ချောင်နားဟင်း။
**ဂန္တမူလိုက်**–နားထိုင်းသည်/ နားပင်းသည်*(အေကောင်မငါခေါ်စွာမကြား ဂန္တမူလိုက် နိန်ဗျာလ်လာ)*
**ဂုံဘီလာ**–အခွံလုံးဝ မပါအောင်ခွါထားသော (ကွမ်းသီး/ အုန်းသီး)
**ဂုံးစား**–အိပ်ပျော်လားသည်/ သတိမိန့်လားသည်/ လုပ်ငန်းဗြားစား လားသည်/ သီဆုံးသည်။
**ဂုံးတိုက်**–(သွေးထိုးသည်) သွီးထိုး စကားပြောသည်။
**ဂိုင်**–(ဒိုး)ပစ်မှတ်ကိုပစ်ဖို့သုံးရရေဒိုးလက်/ ဗက်ကာ/ သရီကွင်းစသည်။
**ဂိုင်ညာ**–(လူအလူန)ထုံအသောလူ*(မင်းခိုင်းလိုက်တေ လူက ဂိုင်ညာရာ)*
**ဂုတ်ကျ**–(က)(ဇက်ကျိုး)အားလုံးအရှုံးပီးလိုက်ရသည်*(အိမ်ကထွက်းလခခါတော့ခါ သူဌေးဖြစ်မှ ပြန်လာဖို့ဆို အခု ဂုတ်ကျလို့ ပြန်လာရေ)* (ခ)ပက်ခုံးအထိဖြစ်သော*(ဆံပင်ဂုတ်ကျ)*
**ဂိုးဏ်းကျောက်**–ရတနာသုံးပါးကို ပြစ်မှားမိ၍ ဘေးဒဏ်သင့်သည်။
**ဂူတာလိုက်**–(ထူပိန်းလိုက်)အနာကြောင့် လက်ချောင်းခြီချောင်း ထိပ်တိရမ်းနိန်သည်/ ထူပိန်းနိန်ခြင်း။
**ဂူရာကျိုင်**–(လူအုပ်) လူမျိုးစုံ အစုံ ပါရေ လူသာမန် လူအုပ်။
**ဂျာဝ**–သချ႑ိုင်း*(ဘိန်စားဝေါခိုင် မာလက ဖြစ်လို့ဂျာဝ ကိုရောက်လားခဗျာလ်)*
**ဂျိဂျွတ်**–ဆင်ခြီများသော*(မင်း ဂျိဂျွတ် များနိန်လို့ ငါရို့ရဖို့ဆန် သူများဘက် ရောက်လားခဗျာလ်)*
**ဂျိကိုင်**–(ငယ်မူပြန်)အသက်ကြီးပြီးအချေစိတ်ဝင်သည်/ စိတ်လျော့သည်

**ဂျီထောင်ကြောင်ကျ**–(ယုန်ထောင်ကြောင်မိ)
**ဂျီဝိဂျိဝါ**–(နဝေတိန်တောင်)ကြောင်တိကြောင်တောင်ဖြစ်သော။
**ဂျင်လိပ်**–(ကင်းလိပ်ချော) ပုတ်သွင်မျိုး/ဖွတ်မျိုးတွားလား သတ္တဝါချေ။
**ဂြဂြွမ်းဆာ**–(ဆူညံစွာ)ဆဆူညညံ *( ဘီသျှတ္တရာမ နှစ်ယောက် ဂြဂြွမ်း ဆာလို့ ရန်ဖြစ်နိန်ကတ်ယင့်)*
**ဂြာအိုကျ**–အလွန်အို /အလွန်ဟောင်းသော /အလွန်အသက်ကြီးသော။
**ဂြင်တိုက်ဒုံး**–မြေပြင်လွှတ် စက်သီးတပ် ဖုန်းကြီးပုံမှာ ပူဇော်ရေ ဒုံးသီး။
**ဂြင်း**–(ခရင်း) ရီအောက်သစ်တုံး/သံပြားတိမှာ တွယ်ကတ်နိန်တတ်တေ ရီငံ ခရုချေတစ်မျိုး။
**ဂြင်းကိုက်**–(ဂျီးကိုက်)ခွါမရအောင် တွဲကပ်နိန်သော/တွဲကပ် နိန်သည်။
**ဂြင်းချိး**–(ကပ်စီးနဲ)အလွန်ဖေချာနမြောရေလူ*(ယင်း ဂြင်းချိးကျ ဘက်က အလှူခံလို့ တစ်ပြားလေ့ မရ)*
**ဂြစ်ချေ** (က)ခရုချေတစ်မျိုး (ခ) ကိုယ်ခန္ဓာသေးညှက်တေ မိန်းမ။
**ဂြိုးညှင်း**–(ညှင်းပြောက်)ရင်ဖတ်မှာပေါက်တတ်တေအဖြူပြောက်ချေတိ။
**ဂြုတ်**–စားစရာ သခွါးသီး ပဒကာသီး အုန်းသီးရို့ကို အမျှင်မျှင် ချေဖြစ် အောင်ခြစ်တေကရိယာ*(သခွါးသီးကို ဂြုတ်နန့်ခြစ်လိုက်)*
**ဂြုတ်ကျောက်**– (ကြို့ထိုးသည်) လိုင်ခြောင်းက တဂိဂိ အသံမြည်လို့ လီထွက်တေ ဝေဒနာဖြစ်သည်။
**ဝွက်**–သီးသန့်ထားရေ ကျွဲနွားစားကျက်။
**ဝွက်ပေါ်**–(ပြဿနာတက်)ပြဿနာတစ်ခုခုဖြစ်လာသည်။
**ဝွင်တိုက်**–(ပွဲချင်းပြီး)*(အုံးပင်ကပြုတ် ကျစွာ ဝွင်တိုက် သီလား ရေ)*
**ဝွင်းမ**–(ချီးထိုးပိုးအမဲ)အမဲရောင် အတောင်မာ ချီးထိုးပိုး။
**ဝွင်းသာဦး**–အသုံးမကျရေလူ/ကျပ်မပြည့်ရေလူ။
**ဝျွတ်ရီ**–(က)(အလကားလူ)အရီကျွတ်နိန်ရေသတ္တဝါပိုင် အကောင်မျိုး/ အစွမ်းအစမရှိရေလူ(ခ)တခုလေ့ဖြစ်မြောက်အောင်မလုပ် နိုင်သော။
**ဂေါရီဂေါရာ**–အပျိုပေါက်လူပျိုပေါက်*( ––––ဂေါရီအရွယ်ရောက်ခါစ )*
**ဂေါရော်ပြန်**–(ဝွျမ်းထိုးမှောက်ခုံဖြစ်သည်)

**ဂေါ်ရော်မရှိသာရာမရှိ**–(အိုးမဲ့အိမ်မဲ့ဖြစ်သော) အိမ်ရာမရှိသော*(ဂေါ်ရော် မရှိ သာရာမရှိရေလူက စကားကို ကြီးကြီးကျယ်ကျယ် ပြောနိန်ရေ)*

**ဂေါင်းတာ**–(ကုန်းတွင်ပိုင်း)ဥယျာဉ်တခု၏ မြစ်ချောင်းနန့်ဝီးရေအပိုင်း။

**ဂျောက်ဂျက်ခတ်**–(က)လှုတ်ခတ်နီသော*(ရီအိုး ဂျောက်ဂျက်ခတ်နိန်ရေ)* (ခ)ပြာရာခတ်သည်*(လင်နန့်သားကြားမှာ ဂျောက်ဂျက်ခတ်နိန်ရေ)*

**ဂြေသီသီ**–မငြင်းနိုင်လောက်အောင်ဖြစ်သည်*(ခိုးလာရေဘုရားရုပ်တီနန့် ထက်ပက်တွိနိန်ကေ ဇာပြောနိုင်ပါဖို့သိလဲဂြေသီသီနိန် ပါနှင့်ရာ)*

**ဂြေးမ**–(လယ်ဂဏန်း)ရီအစပ်ကုန်းထက်မှာတွင်းတူးနိန်ရေ ဂဏန်းချေ။

**ဂြောက်**–(အောက်)အဆောက်အဦးတစ်ခု၏အောက်ဘက် *(အိမ်ဂြောက်)*

**(င)**

**င**–(လောက်သည်)လုံလောက်သည်*(ရှိရေမှန့်ကိုတဆိကေစီပင်ဖြစ်ဖြစ် လူတိုင်းကို င'အောင် ပီးရဖို့)*

**ငကံသား**–ရိုင်သဲပြင်တိမှာနိန်တတ်တ ငါးချေတစ်မျိုး။

**ငကံသားယှက်ခံ**–ပွတ်တိုက်ပါများလို့ အသားမာ တက်သည်။

**ငငေါက်**–အတိအကျညွှန်ပြလျှက် *(ငါ့ကို လက်ညှိုးငငေါက် ထိုးလို့ပင် ပြော နိန်ရေကာ)*

**ငစိသာရ**–အလွန်နှမြောတတ်သူ*(အလျှူမှာဆိုကေ ငစိသာရ အရက်ဝိုင်း မှာဆိုကေ ဇောတိက)*

**ငစီ**–(မျက်ပေါက်းကျဉ်းသူ)မျက်လုံးပေါက်ကျိုင်းသူ။

**ငစင်း**–(အပေါ်ယံလုပ်တတ်သူ) (က)ရီမျက်နှာပြင်မှာခေါင်းပေါ်ကူးတတ် တေငါးမျိုး (ခ)အပြင်ပေါ်ရီ လုပ်ကိုင်တတ်တေလူ။

**ငဆယော**–(အကျိုးမရှိ လျှောက်သွားနေခြင်း)အကျိုးမရှိလား လာနိန်ထိုင် ခြင်း*(နင် ယင်းပိုင် ငဆယော လား နိန်လို့ထမင်း စားရဖို့လား)*

**ငဆမာ**–(ငါးဆားနယ်)မပုတ်သိုးရအောင် ဆားနန့်နယ်ထားရေ ငါး။

**ငတိန်း**–(ငါးမြစ်ခြင်း) ရီကန်တိမှာ ရီနက်ပိုင်းမှာ နိန်တတ်တေ ပါးစပ် ပေါက် ကျိုင်းကျိုင်းနန့်ငါးကြီးမျိုး။

**ငပထုံး**–(ငါးလင်ပန်း) မြစ်ချောင်းတိ မှာနိန်တတ်တေ ငစွယ်ပိုင်ငါးမျိုး။

**ငပြဲသွင်**–ပြားပြားဝိုင်းဝိုင်း ရိုင်ငါးတစ်မျိုး (ဘီသျှတ္တရာ)
**ငမန်း**–(လူအ)ပါးနပ်မှုမရှိရေလူ*(ကျွန်းသားငမန်း–စသည်)*
**ငယောင်းဖလာ**–ဂလန့်တိုက်/ဆန့်ကျင်လုပ်သည်*(အေသူရို့ အကောင်း ပြောကေ ငယောင်းဖလာစီ လုပ်တေကာ)*
**ငလဝါ**–(ငါးသေးငါးနုတ်)(က)ငါးအငယ်ချေ *(စျီးက ငလဝါချေ တစ် ဆယ်သားလောက်ဝယ်ခ)* (ခ) ကြောက်အောင် လိမ်၍ ခြောက်ပြော သည် *(ငိုမနိန်ကေ့ ကျားသား ငလဝါ လာကိုက် လိမ့်မယ်)*
**ငါးခံ**–အိမ်ဆောက်တေခါပုန်းလျှား(ယက်မ)ကိုတိုင်မှာမြဲအောင် အောက် က တိုင်ကိုကပ်လို့ ဒေါက်ခံပီးသည်။
**ငါးငတ်**–မိန်းမတိ ဖင်ပေါ်နိန်စွာကို သွယ်ဝိုက်လို့သတိပီးပြောရေစကား။ *(အဘာလေ အေနိန့်ခါ ငါရို့ အားလုံး ငါးငတ် ကတ်ဖို့ထော)*
**ငါးပေါက်**–(ငါးကို ပေါက်၍မျှားသည်) ရီမျက်နှာပြင်ထက်မှာ ငါးစာကို တဆတ်ဆတ် လှုပ်ပီးပြီးကေ ငါးကြီးမျှားသည်။
**ငါးပိုင်းကမ်းတင်**–လက်စမသတ်/ထိုမရောက် ဒေမရောက် ဖြစ်သော။
**ငါးဗျာရီ**–(ခေါင်းရှက်ငါးစိမ်းသည်) ရှာရီးလျှောက်လို့ ငါးရောင်းသူ။
**ငင်**–(က)ဆွဲယူသည်*(ရီငင်သည်)* (ခ) ဆွဲဆန့်သည် *(ခြည်ငင်သည်)* (ဂ)အသက်ထွက်ဖို့ဝေဒနာ ခံစားနိန်ရသည်*(ကျိန်းတောင်လက်ယာ ဗူးပင်ရှာက ဗါရဲဘ–ဗါရဲဘ သင်းစင် စဖိုထောင့်မှာ အသက်ငင်–)*
**ငန်တရည်**–(ငန်ကျိကျိ) အခြားအရသာမရှိဘဲ ဆားငံမှုသာ ရှိသော။
**ငန်းဆုံးတိုက်**–လုပ်ငန်းကို တဆက်တည်း အပြီးအပြတ် လုပ်ကိုင်သည်။
**ငန်းလိုက်**–(ငန်းဖမ်း)အဖျားကြီးပြီးကေဗရမ်းဗတာ ပြောနိန်သည်*(ဖျားနိန် ကေ အုန်းသီး အရည်ကိုမသောက် လီကေ့ ငန်းလိုက်တတ်တေ)*
**ငြက်**–စူးတူးတူးဖြစ်သည်–*အစူးမြက်လို့လိုင်ခြောင်းငြင်ငြက်ချေဖြစ်နိန်ရေ*
**ငုတ်စုတ်**–(မအိပ်မနေ) မအိပ်ဘဲနိန်သော*(နင်လာဖို့ဆိုလို့ တညည့်လုံး ငုတ်စုပ် ထိုင်စောင့်နိန်စွာဒေ)*
**ငြိမ့်ချ**–(ငါးခြိုချ) ချောင်းကမ်းစ တိမှာ ငါးဖမ်းဖို့ ငါးတိ လာနိန်အောင် သစ်ခက်သစ်ခေါင်းတိနန့် ခြိုလုပ်ပီးထားခြင်း။

**ငွာ**–(ငြော်)ရန်လိုသည် *(နင်စကားပြောကေ ကကောင်းပင် ငွာရေကာ)*
**ငိုက်ကျာ**–(ငပျင်း)အလွန်ပျင်းရိသူ*(ဘိန်းစားပိုင် ငိုက်ကျာသတ်နိန်လာ)*
**ငေါက်**–(က)(ဟောက်) အသံမာမာ နန့်ဆူပူပြောသည် *(ငဲ့ကို လာလို့ ငေါက် မနိန်ကေ့)*(ခ)အာနိသင် ပြင်းသော*(နင်ပီးရေ ရမ်းဖြဲဆီးလိပ် ကကောင်းငေါက်တေ/အရက်ငေါက်တေ)* (ဂ)ထောင်နိန်သည်။
**ငေါင်း**–အချိန်လွန်သည်/အရွယ်လွန်သည် *(အညင်းသီးအငေါင်း /လင်လေ့မရ အငေါင်းမ)*
**ငြောင့်**–(က)ဆူး(ချောင်ထဲက ငြောင်းစူးလာရေ(ခ)စူးတူးတူးချေ ဖြစ်နိန်သည် *(မျက်စိထဲမှာ ငြောင့် တောင့်တောင့်ချေ ဖြစ်နိန်ရေ)*

(စ)

**စကမိန်းမရ**–(သတိလစ်နေသည်)ဝေဒနာကြောင့်(သို့)အကြောက်လွန်လို့ စကား မပြောနိုင်ဖြစ်သည်။
**စကုန်**–အစွမ်းကုန်ဖြစ်သော*(နင့်အတွက်ငါစကုန် လုပ်ပီးလိုက်စွာဗျာလ်)*
**စကားကုန်**–ပြောဖို့စကားတိကိုအပြီးအပြတ် ပြောထားခြင်း။
**စကားကျွံ**–စကားလွန်သည်*(ခြီကျွံကေ နှုတ်ရရေ စကားကျွံကေနှုတ်မရ)*
**စကားစွန်း**–စကားလွန်ကျွန်လားသည်*(အဖေသေ စကားစွန်းထားဗျာလ် လေ သူ့သားနန့် သမီးချေကို နစပ်လိုက်ဖိ)*
**စကားထိုး**–(က)မသင့်မတင့်ဖြစ်အောင် စကားအားဖြင့်ရန်တိုက်ပီးသည် (ခ)စကားနှိုက်ခြင်း။
**စကားရာ**–မသေမချာ ထင်မြင်ချက် ကိုပြောရေခါ သုံးရေ နောက်ဆက် *(ဘအေး တယောက်လေ့ ဂျပန်ကို ရောက်နိန်ရေ စကားရာ)*
**စကားပူး**–ပြဿနာ ရှင်းလားအောင်ကာယကံရှင်နှစ်ယောက်ကို မျက်နှာချင်းဆိုင် ပြောစီသည်။
**စကားဖီးသင့်**–(စကားမှား၍ပြဿနာရှင်းရသည်) မပြောသင့်ရေ စကားတိ ကိုပြောမိလို့ နောက် ဆက်တွဲ ပြဿနာ ရှင်းရခြင်း။
**စကားမျောက်**–မပြာသင့်သောစကားကို မဆင်မခြင်ပြောသည်။
**စကားယင့်**–စကားကို အသံရှည်ဆွဲလို့ ပြောသည်။

**စကားရောခံ**–စကားလမ်းကြောင်းလွှဲသည်*(အခုမှ စကရော ခံမနိန်ကေ့)*
**စကားအက်**–(စကားပြော အဆင်မပြေဖြစ်သည်) စကားပြော ကပ်စွာမှာ မပြေမလည်ဖြစ် ကြသည်/အငြင်းပွားရန်ဖြစ်ကြခြင်း။
**စကားအိုး**–အလွန်စကားများသော*(တနင်္ဂနွေသနွေလည်းဆိုး စကားအိုး)*
**စခန်းကြီး**–ကိန်းကြီးခန်းကြီးလုပ်တတ်သော။
**စခွမ်းဆန်**–ဆန်အကြမ်း(ကောက်ညင်း/အင်းပုတ်ဆန်မှအပဆန်အားလုံး)
**စငုတ်ကျ**–(စားနေကျ)ခူးစားနိန်ကျသစ်ပင်/စားနိန်ကျအိမ်ဖြစ်သော*(ယင်း ကလေတိ အကျွန်ရို့အိမ်မှာ စငုတ်ကျ လာနိန်စားနိန် ကတ်စွာရာ)*
**စနက်ခံ**–ကြာကြာအစားခံသော*(ဆန်တစ်ရိုင် အခုထက်ထိမကုန်သိလား ကကောင်းပင် စနက်ခံ ရေကာ)*
**စပါးခါဆန်ခါ**–လုံးဝကုန်စင်အောင်လုပ်သည်*(တစ်ယောက်လေ့ အိမ်ထဲ မှာ မနိန်စီကေ့ အားလုံးကို စပါးခါဆန်ခါ ခါထုတ်ပလိုက်)*
**စဖို**–မီးဖို*(စဖိုမှာ မီးမကျန်စီကေ့ မီးလောင်တတ်တေ)*
**စဖိုထောင့်**–မီးဖိုချောင်။
**စဖြာ**–(တလဘာ) တူရွင်း အပြားကြီး။
**စမ**–အင်းကွက်/ဂမ္ဘီရပညာနန့်စီရင်ထားရေ အင်းကွက်။
**စမျို့ကပ်**–(ညို့သူ ဖမ်းစားထားသည်) ထွက်မလားနိုင် အောင်/ခွဲမလား နိုင် အောင်ဆွဲဆောင် ထားသည် *(စပါးကြီး ပိုင် စမျို့ကပ်ထားရေ)*
**စမြင်းထ**–(ဝမ်းချုပ်သည်)အစာမကြေ/ဝမ်းချုပ်သော။
**စမုတ်**–(နားထင်)နားရွက်ထိပ် နန့်နဖူးကြားနိန်ရာ*(ခေါင်းကိုက် နိန်ကေ စမုတ်ကို ပရုပ်ဆီ ပွတ်လိုက်)*
**စရေးဒန်**–(မပေးမနေရပေးရခြင်း) မပီးမနိန်ရ သတ်မှတ်တောင်းခံသော *(နင်ရို့ အလှူခံစွာက စေတနာပေါက်လား စရေးဒန်လာ)*
**စလင်း**–(သလင်း)အရောင်မရှိဘဲကြိုင်နိန်ရေ သဘာဝတွင်းထွက်မျိုး။
**စာပဇိ**–ကောက်လတ်စပါးတစ်မျိုး။
**စာထိုး**–မျက်နှာတွင်ဆေးမှင်ထိုးခြင်း။
**စာအုနာ**–(သွေးစုနာ) ခေါင်းမှာပေါက်တေသွီးစုနာ။

**စာနာ**–(က)(တရားစာနားထောင်သည်)တစ်ဦးက တရားစာကိုဖတ်ပြပြီး အများက ရှိသေစွာနားထောင်သည် (ခ)ကိုယ်ချင်းစာသည်။

**စားသားကျ**–(စားချင်စဖွယ်ဖြစ်သော)စားကောင်းထမန်း အစားအစာ။

**စိ**–(စေ့)အသီမပိတ်ဘဲ တေ့ရုံပိတ်ထားသည် *(တန်းခါးကို စိထားလိုက်)*

**စိကုပ်**–(စေ့စပ်)ဖေချာကို စိစိစပ်စပ်သုံးသည် *(စိစိကုပ်ကုပ် သုံးမှ ရရေ ဖေချာနန့် လောက်ကတ်ဖို့)*

**စိကေတစ်ဇွေ**–နည်းနည်း ပါးပါးချေ *(အချင်းချင်း ဆိကေတဇွေ ချေလေ့ သီးခံကတ် ရဖို့)*

**စိခြားစိခြား**–(အလီလီအခါခါ) တစ်ဆိကေတစ်ဆိကေစီ အခါအခါလုပ်သော *(ဖေသာချေတစ်သိန်း ရဖို့ရှိစွာ သုံးရာစီ ငါးရာစီ စိခြားစိခြား လာပီးနိန်ကေ ဓာလုပ်လို့ရဖို့လဲ )*

**စိတည့်**–တည့်တည့် *(အေကနိန် စိတည့်လားလီ ရွာကိုရောက်လိမ့်မယ်)*

**စိသားကိုက်**–တိတိကျကျဖြစ်သော*(အေလက်သမားဆရာလုပ်ကေ အားလုံး စိသားကိုက် ပျာလ်)*

**စီးတိုင်းရင်းတိုင်း**–အရင်းအတိုင်း /ဝယ်ရင်းဈေးအတိုင်းဖြစ်သော။

**စူလာမကျီ**–(ပွေးကိုင်းပင်)ပွီးကိုင်းရွက်။

**စူလီကရာ**–တိုလီမုတ်စ*( စူလီကရာချေတိ ဆောင်းတုံထဲမှာ ရှိလီယင့်)*

**စက်ထ**–(ဒေါသထွက်)ဒေါသထွက်နိန်သည်။

**စက်ရှင်**–စက်ရှင်တရားသူကြီး။

**စင်**–(က)(သေသည်)သီလွန်သည်(ခ)ပြောင်စင်သည်။

**စင်း**–ပက်လက်/မှောက်ခုံလဲကျ နိန်သော *(ချက်ဖါးကို ကွဲခတ် ပခစွာ စင်း ကျန်လိုက်တေ)*

**စင်းပုန်း**–အိမ်ကြမ်းအခင်းအဖြစ်သုံးသောကွမ်းသီးပင်/အုန်းပင် ခွဲခြမ်း။

**စစ်ဘာရီ**–စစ်ပုလိပ်။

**စပ်**–(က)အလောင်းအစားလုပ်သည်*(ဘေးလုံးပွဲ စပ်သည်)* (ခ)ပူလောင်သည်–*ငရုပ်သီးစပ်သည်* (ဂ)ဆက်စပ်သည်(ဂ)ဆက်ဆံပေါင်းသင်းသည် *(ယင်းကလိန့်မေနန့် ငါရို့နန့် စပ်ပင်လေ့မစပ်)*

**စံ**–(က)စံစားသည်(ထီးနန်းစံ/နတ်ရွာစံ)(ခ)နေးကွေးသည် (အစားစံရေ)
**စံကျောင်း/စံချိန်**–ဖုန်းကြီးပျံအလောင်းပူဇော်ထားသော ယာယီကျောင်း။
**စံဂိုး**–(စကော)ဆန်ပြာရေဇန်း။
**စန့်**–(သေသည်) *(ရောဂါကျလို့ငါ့ကြက် အားလုံးစန့်လားခဗျာလ်)*
**စန့်ကြော**–(လူပျင်း)အလုပ်မရှိ အကိုင်မရှိ လျှောက်လားနိန်ရေ လူမျိုး။
**စန်းကိုင်**–(မှင်စာဖမ်းစား)မြေတွင်းမှာနိန်ရေ တဆီ/မှင်စာဖမ်းစားသည်။
**စပ်ပီစပ်ပက်**–(က)(စကားကို ချွဲချွဲပျစ်ပျစ်ပြောခြင်း)မဟုတ်မမှန်ကျိုပီ ကျိုပက်ပြောသော (ခ)ရီ တဆိတေရှိနေသော*(ရီ စပ်ပီစပ်ပက် နန့်)*
**စပ်လောင်း**–(စပ်လှေ)ပျိုင်တိနန့် စပ်ထားရေလောင်း။
**စပ်သနီ**–အသီးအရွက်စုံ အစိမ်းသုတ် *(ခရမ်းချိုင်သီး စပ်သနီ)*
**စမ်းဖီစမ်းဖတ်**–မသေမချာစွပ်စွဲခြင်း*(စမ်းဖီစမ်းဖတ် လာမပြောကေ့)*
**စမ်းမတွိ**–မတတ်နိုင်သော/မဖြစ်နိုင်သော/မယှဉ်ပြိုင်နိုင်သော။
**စိန့်ညင်း**–(ဂုံမင်း) ဟင်းချက်စားရရေ ပဒကြောနန့်တူရေ အပင်တစ်မျိုး။
**စိတ်တချင်**–စိတ်ရှိတိုင်း *(ငါ စိတ်တချင်လုပ်လိုက်ရကေ သီဖို့ဗျာလ်ဒေ)*
**စုတ်ဖွါးသီး**–(လိုင်းချီးသီး) အခွံမှာ စူးချောတိပါရေ အသီးချောတစ်မျိုး။
**စုတ်ပက်**–ညစ်ပတ်သော*(အေသူ ကကောင်းစုတ်ပက်တေ ရီပင်ကမချိုး)*
**စိုးတိုက်**–(က)(ရှူးတိုက်) ခွီးကို ကိုက်အောင် အိမ်ရှင်က အသံပီးသည်။ (ခ)ရန်ဖြစ်အောင်မြှောက်ပီးသည် *(စိုးတိုက် ပီးတိုင်း ကိုက်ရဖို့လား)*
**စုံဖက်**–(ထိမ်းမြား)သင့်မြတ်သည်/လက်ထပ်ပီးစားလိုက်သည်။
**စုန့်ဖက်**–(စွပ်စွဲသည်)ယောကျာ်း တစ်ယောက် နှင့်မိန့်မ တစ်ယောက်ကို ဖေါက်ပြန်နိန်ကြောင်း သံသယဖြင့် စွပ်စွဲသည်*(ယင်း ကလိန့်မေကို စေတနာသသန့်နန့်လုပ်ပီးနိန်စွာရာ ငါနန့် မစုန့်ဖက်ကတ်ကေ့)*
**စုန်းကျ**–(အငန်းမရ) ငငန်းတက်လို့စားသော *(ထမင်းတဆုပ်ကို အအီး ချချမ်း စားပါမောင်ချေ နင့်စွာက စုန်းကျကျ လို့ကာ)*
**စုပ်ကရုတ်**–လုံးဝပျောက်ကွယ်လားသော*(စုပ်ကရုတ် မြုပ်လားလီယင့်)*
**စိုင်**–(က)(လွင့်စဉ်သည်)အဝီးကိုရှင့်လားသည်*(လပြည့်အောင် တစ်ကောင် ဓာကိုပင် စိုင်လားခလေ)* (ခ)တောတိရစ္ဆာန်မျိုး။

**စိုင်တိခတ်**–(စတိနည်း)ရိုးရာနည်းဖြင့် ကုသခြင်း*(ဥပမာ–မျက်စိနာကေ မျက်စိကို ဆန်စိသုံးစိ နန့် အသက် အုံ့တို့ပြီး ကေ လကွယ်ညည့် သန်းခေါင်အချိန် နောက်ပြန်ပစ်လီ ပျောက်ယင့်)*

**စိုင်သီး**–(အရိုင်းသီးနှံ)အလေ့ကျ သီးနိန်ကပ်တေ သဘာဝအသီးအနှံတိ။

**စိမ့်**–(အအေးလွန်ကဲသောနေရာ) အအီးလွန်ကဲသည်/လွန်ကဲရေနိန်ရာ။

**စိမ့်ကိုင်/ဇိမ့်ကိုင်**–(အအေးလွန် ရောဂါရသည်) အအီးဓါတ် လွန်ကဲရေ နိန်ရာ /အစိုဓါတ် များရေနိန် ရာတိမှာ နိန်ထိုင်လို့ ရောဂါရသည်။

**စွပ်တာ**–(ဆွယ်တာ) *(မေမေမှာ ချမ်းကေ စွပ်တာအကျႌ ဝတ်ထားပါ)*

**စွပ်တာပိုက်**–ရုပ်ချင်းအလွန်တူသော*(အညီအမ အရုပ်တူရေလား ဆို ကေမှာ စွပ်တာပိုက် ကား)*

**စွပ်ပီစွပ်ပက်**–(က) အဓိပ္ပါယ်မရှိသောစကား (ခ)ရီတဆိကေ ရှိနိန်ခြင်း *(ရီစွပ်ပီစွပ်ပက်နန့် လမ်းလျှောက်ရစွာ မလွယ်ပါကာ)*

**စွန်ပုတ်**–သိန်းငှက် *(စွန်ပုတ်ဝါ– စွန်ပုတ်သစ်ခေါင်း – ဝင်လီယင့်)*

**စိတ်ကူးဆတ်**–(စိတ်ထွက်သည်)*(ငါ စိတ်ကူးဆတ် လာဗျာလ်ကား)*

**စိတ်ဆာ**–(စိတ်နာ)စိတ်ထဲမှအလွန်နာကျင်ခြင်း/စိတ်နာသည်။

**စိတ်ဆတ်**–စိတ်တို စိတ်မြန်သော*(အသူ ကကောင်း စိတ်ဆတ်တေ)*

**စိတ်နိန်မြင့်**–ဘဝင်မြင့်သည်။

**စိတ်ပေါက်**–(စိတ်ထွက်)ဒေါသထွက်သည်။

**စိတ်မွိ**–(စိတ်ရှုပ်ထွေး)စိတ်ရှုပ်ထွီးနိန်သော။

**စိတ်ဝပ်**–(နေသားကျသော)စိတ်နိန်သားတကျဖြစ်သည်*(အရွှာ မှာနိန်ရာ နိန်ရရေ အကျွန် စိတ်မဝပ်ပါ)*

**စိတ်သီလက်သီ**–(စိတ်အေးလက်အေး)အီးအီးဆီးဆီး *(နာရီချေ တစ်လုံး ကို စိတ်သီလက်သီ ပြင်နိန် ရေပင် )*

**စိန်မနိ**–မှန်မီးအိမ်က မှန်ပြောင်း။

**စိန်သီး**–(အကျႌကြယ်သီး)ရွှေ ငွေ ရတနာတိနန့်လုပ်ထားရေ နှစ်ဘက် မှိုပွင့်ပါ အင်္ဂလိပ်အက္ခရာ (အိုင်)ပုံရှိရေအကျႌ ကြယ်သီး*(စိန်သီးကို အကျႌမှာအသီတပ်မထားပါ လိုခါမှတပ်ပါရေ)*

**စိန့်**–(စဥ့်)မြေအိုးကို ရီမဝင်နိုင်အောင်/လှအောင်သုတ်ပီးရေ ချော်ရည်။
**စိမ့်ကိုင်**–(အအေး လွန်နာ) အီးလွန်းရေ နိန်ရာ/အစိုဓါတ် များရေနိန်ရာ တိမှာ အနိန်ကြာလို့ ရောဂါရသည်(ဓိမ့်ကိုင်)
**စိမ်းဖတ်ရင်ဖတ်**–လတ်လတ်ဆတ်ဆတ်ဖြစ်သော*(အေမှာ သေတိုက်ချေ ကို စိမ်းဖတ်ရင်ဖတ် ချက်ထားရေကား ထမင်းစား လားလီကတ်)*
**စွာ**–(က)ဖင်ပိုင်း*(ပစ္စည်းတိကို စွာတပြန် ခေါင်းတပြန်စီထည့်လို့ စီပါ)* (ခ)မိန်းမအင်္ဂါဇာတ် (ဂ)ရန်လိုသည်*(အေသူ ကကောင်း စွာရေ)* (ဃ)ပိုင်ဆိုင်မှုပြစကားနောက်ဆက်*(အေစာအုပ်က မောင်ဖြူ စွာရာ)*
**စွာပြန်ခေါင်းပြန်**–ကပြောင်းကပြန်လုပ်ခြင်း–ပြောခြင်း။
**စွာရကာမော်ရကာ**–(မလေးမခန့်) ရွံ့ကီရွံ့ကား မလေးမစားအပြုအမူ။
**စွံ**–(က)လူကြိုက်များသည်(ခ)ရောင်းပြီးဖြစ်သော*(အိမ်စွံလားခဗျာလ်)*
**စွက်**–(က)ပါဝင်ပါတ်သက်သည်*(ငါရို့ကိစ္စမှာမင်းရို့တိ ဝင်မစွက်ကေ့)* (ခ)လောင်းကိုတက်အတိုနန့် ဆဆတ်ချေ အလျင်လှော်သည်*(တက် ကို စွက်ထားကတ်)* (ဂ)လယ်ကွက်*(လယ်တစ်စွက်)*
**စွပ်ကရာ**–(ပေါက်ကရ)ကျမိကျရာဖြစ်သော*(စွပ်ကရာ လာပြောမနိန်ကေ့ ဒေမှာ မင်းထက် သိရေလူတိ ကျီးဗျာလ်)*
**စွန်**–(က)လင်းယုန်တစ်မျိုး(ဂ)လီတင်းခွန်။
**စွယ်ရောင်ပြ**–မိမိမှာအစွမ်းအစရှိကြောင်း သိအောင်ပြသည်*(လူချင်းအတူ တူ ယင်းသူ စွယ်ရောင်ပြတိုင်း ကြောက်နိန်ရဖို့လား)*
**စေတီစ**–ကြီးကျယ်စွာ စပြီးနောက်ပိုင်းအဖျားရှူးလားသော*(အလုပ်တစ်ခု လုပ်ကေ စေတီစ မစရ အစအဆုံးကြိုးစားကတ်ရဖို့ အဖျားရှူးမလားရ)*
**စေ့**– နှိပ်ကြည်သီး *(ငါ့အကျႌမှာ စေ့ တပ်ထားရေ)*
**စေးပေါက်**–(ဝါးကြမ်းခင်း) အပြားဖြစ်အောင် ခွဲဖြန့်ထားရေ ဝါး။
**စေးဖေါက်သီး**–ပုံမှန်မဟုတ်လို့စားမကောင်းရေအသီး။
**စောင်းခပ်မြောင်းခပ်**–(စောင်းပြော)မကြားတကြားမကောင်းပြောသည်။
**စောင်းပြော(ယောင်းပြော)**–တိုက်ရိုက်မဟုတ်ဘဲကြားသိလီအောင် ကဲ့ရဲ့ စကားပြောသည်။

**စောင်းသတ်**–ဂလန့်ကျသော*(မင်းနန့်ပြောကေ စောင်းသတ်ကျီးဗျာလ်)*

(ဆ)

**ဆကြွီ**–(က)(ကြေမွ) ကြီမွနိန်သည် (ခ)(လူတေလေ) သောက်သောက်စားစား ရွှင့်ပြာသတ်နိန်ရေလူစား။

**ဆဆီမျှောင်**–(သရဲပူး)သရဲတစ်ဆီ ပူးသည်။

**ဆတ်ဆတ်ကြွတ်ကြွတ်**–(ဖျတ်ဖျတ်လတ်လတ်)ဆွဆွကြွကြွ*(အလုပ်ကို ဆတ်ဆတ်ကြွတ်ကြွတ် လုပ်ကတ် ပျိုင်းမနိန်ကတ်ကေ့)*

**ဆဆွယယင်**–သွက်သွက်လက်လက်*(ဆွဆွယင်ယင် လားကတ် နောက် ကျကေ သဘော် မီဖို့မဟုတ်)*

**ဆဆောင်းမြင့်**–စီးပွါးအားလုံး ပြိုလဲလားသည်*(မောင်ခိုင် ချဲဒိုင်ကိုင်လို့ ရှိသမျှ ဆဆောင်းမြင့် လားခရေ)*

**ဆပွတ်သတ်**–(လေလွင့်)မလုပ်မကိုင်ရွှင့်ပြာသတ်နိန်သည်။

**ဆမားကလိန်း**(Smuggling) – မှောင်ခိုကုန်ကူးခြင်း။

**ဆလယာ**–(အခိပ္ပါယ်မရှိလျှောက်သွားနေသော)မလုပ်မကိုင် ဦးတည်ချက် မရှိ လျှောက်လားနိန်သော/ လားနိန်ရေလူ။

**ဆလားပေါ်**–ပြသနာအကြီးအကျယ်ဖြစ်သည်*(သကြီန်ခါအရက် မူးပနာ လျှောက်လို့ လည်ကလည် ဆလားပေါ်လို့တော့ မလာကတ်ကေ့)*

**ဆလျားသတ်–(ဆလယာသတ်)**မလုပ်မကိုင် ငဆငယာ လားနိန်သည်။

**ဆလီခြုံ**–(က)(ခရာတော) အရွက်မှာ အစူးတိပါရေ ရိုင်ချောင်းစ တိမှာ ပေါက်တေအပင်ချေ(ခ)**ရှုပ်**ထွီးနိန်သော*(မင်းရို့တိလုပ်ထားစွာတိက ဆလီခြုံ ပိုင်ရာ ရှုတ်နိန်ရေ)*

**ဆအိုးကျ** (Soldier) – စစ်သား

**ဆာ–(**က)အစာစားချင်သည်(ဝမ်းဆာ) (ခ)မသန်စွမ်းသော *(ခြီထောက် တစ်ဖက် ဆာနိန်ရေ)* (ဂ) ပူပူလောင်လောင် ခံစားမှု *(မီးလောင်လို့ အသားတိ ဆာနိန်ရေ)*(ဃ)အသုတ်*(အေကွမ်းသီး တစ်ဆာ သိမ်းပြီး ကေ မင်းကို လာခေါ်မယ်)* (င)နာကြည်းခြင်း *(စိတ်ဆာရေ)*

**ဆာဒါ**–(အခမဲ့)အလကားအပိုပီးသော*(ဆာဒါ ဟင်းရည်တစ် ခွက်ပီးပါ)*

**ဆာဝါပွဲ**–(လုပ်ပွဲ)အားကစပ်ပြိုင်ပွဲမှာ တဘက်နန့်တဘက် နားလည်မှုနန့် လုပ်ပွဲကစပ်သည် *(အေကျင်သန်နှစ်ယောက် နားလည်မှုနန့်တိုင်ပင် ပနာ ကိုင်နိန်ကတ်တေ ဆာဝါပွဲ ဖြစ်လို့ပယ်ရေ ပြန်ကိုင်ရဖို့)*

**ဆားငို**–လီထုအစိုဓါတ်ကြောင့် ဆား အရည်ပျိုခြင်း။

**ဆားမရရီမရ**–(အကျိုးမရှိသော)အဓိပ္ပါယ်မရှိ/ အကျိုးမရှိ/ ပေါ့ပျက်ပျက်။

**ဆားမြက်**–(ဆားလေးသော)ဆားတဆိကေချေများသော။

**ဆိဆောက်ကရောက်**–(ပေါက်တတ်ကရ)ဗန်းဇီးကာရ *(စိတ်ညစ်နိန် ရေ အထဲ ဆိဆောက်ကရောက် လာပြော မနိန်ကေ့)*

**ဆီပျောင်း**–(ခေါင်းလိမ်းဆီ)ဗယ်ဆလိန် *(ဆံပင်မှာဆီပျောင်းပွတ်ခကတ်)*

**ဆီမန်း**–(က)ဝေဒနာပျောက်အောင်မန္တန်ဖြင့်စီရင်ထားရေဆီ (ခ)ဇမ်းပွတ် (cement)*(အုတ်ထရံ ကို ဆီမန်းကိုင်ရဖို့)* (ဘိလပ်မြေ)

**ဆီးခပ်**–ပြောသမျှ နာခံအောင်စီရင်ထားသောဆီးကိုလျှို့ဝှက်တိုက်ကျွေး သည် *(ယင်းလောက်ဂွတ်ဂွတ် အိုဝါကြီးကို ကြိုက်တေဆိုကေ အေ ကလိန့်မေ ဆီးခပ် ခံထားရဗျလ်ဟန်)*

**ဆီးဆုံး**–ပြုပြင်လို့ဆုံးမလို့မရသော *(ယင်းသူ့ကို ဆရာတော်ကိုယ်တိုင် လက်လွတ် ထားလိုက်ပျာလ် ဆီးဆုံး နိန်ဗျာလ်)*

**ဆီးတင်**–(ဆေးထည့်သည်) အနာမှာဆီးထည့်သည်/ ဆီး ကုသည်။

**ဆီးမဲကြီး**–(ဆေးမဲကြီး)ရခိုင်ရိုးရာအိမ်တွင်း သက်စောင့်ဆီးတစ်မျိုး။

**ဆီးလိုက်**–(ဆေးလိုက်)ဆီးကုလို့ အကျိုးပီးသော *(အေဆရာ ကကောင်း ဆီးလိုက်တေသူတိုက်ကေ လွှစာမှုန့် တိုက်ကေလေ့ ပျောက်တေ)*

**ဆက်**–(က)ဆက်စပ်သည်(ခ)ခေါ်ပြောဆက်ဆံသည် *(ဘုမနန့်ငါမဆက်)*

**ဆင်ခေါင်းလီ**–(အရှေ့မြောက်လေ)အရှိမြောက်ဘက်အရပ်က ထရေလီ။

**ဆင်ဖဲ**–ကြိုတင်ပြင်ဆင်ထားရေဖဲ/ အကွက်ဆင်ထားရေ အစီအစိုင်။

**ဆင်ဝလောက်မုန့်**–(မုန့်ကျွဲသဲမျိုး)ဆန်နန့်လုပ်ထားရေမုန့်အပ္ပတစ်မျိုး။

**ဆင်ဝင်**–အိမ်ရှိပိုင်းက အိမ်ဂြောက်အမြင့်ကြီး။

**ဆတ်**–(က)သွက်လက်သည် *(အလုပ်ဆတ်တေ)*(ခ) ကြွတ်ဆတ် *(ကုက္ကို ကိုင်းဆတ်တေ မနင်းခီကေ့ ကျိုးကျလိမ်မယ်)*(ခ)တိရစ္ဆာန်တစ်မျိုး။

**ဆတ်ကျ**–အလှည့်စားခံရသည် *(ယင်းသူရို့ကတွိချင်ရေဆိုလို့ လားခီစွာ ဆတ်ကျလာရေ)*

**ဆတ်ကျာသတ်**–(ကြိမ်ဒဏ်ပေး) ကြိမ်တုတ်နန့်သတ်လို့ ဒဏ်ပီးသည်။

**ဆံဖျားညီ**–အနိမ့်အမြင့်ညီသော။

**ဆန်ကုန်မြေလီး**–(ဆန်ကုန်မြေလေး)လုံးဝအသုံးမကျသူ။

**ဆန်ခွက်ကြည့်**–လူနာ ကျန်းမာလာအောင် ဆန်ခွက်နိမိတ်ကိုကောက်၍ နတ်ဟောသည် *(လူနာကို နတ်ကောင်းမ’နန့် ဆန်ခွက် တချက် ကြည့်ကတ်မေ)*

**ဆန်ဖျားသီး**–တစ်ရာသီမှာ နောက်ဆုံးမှ ရင့်မှည့်သော အသီး။

**ဆန်ရိုကြုတ်**–(ဆန်လုံးညို) ဖြူဖွီး နိန်အောင် မဖွတ်ဘဲ *အရိုကြုတ်ရုံချေ ဖွတ်ထားရေ* ဆန်။

**ဆန်ရိုင်**–(ယိုင်ပတ်)ထရံကြားနန့်ဖျာပတ်လို့အသီတည်ထားရေဆန်ပုတ်။

**ဆယ်စုံပေါက်ကျ**–ဆယ်ခါတစ်ခါ/ဆယ်ယောက်တစ်ယောက်ဖြစ်သော။

**ဆွ**–သွက်လက်သည် *(အေကလေ အလုပ် ကကောင်းဆွရေ)* (ခ)မြေကြီးကိုပေါက်တူးနန့်ဖွသည် *(အေနိန့် ငရုပ်ခင်းဆွစောင် လားကတ်ရဖို့)*

**ဆွီး**–(က)(ဆွေးမြေ့)ခိုင်မာမှုမရှိ *(မင်းဒယောကဆွီးနိန်ဗျာလ်)* (ခ)ပါးနပ်မှုမရှိသော *(အေသူကကောင်းဆွီးရေ–အဆွီးရာ)* (ဂ)ညံ့ဖျင်းသော။

**ဆွဲကြိုးချ**–ကိုယ့်လိုင်ပင်းမှာ ကြို့ကွင်းစွပ်လို့ သီကြောင်းကြံသည်။

**ဆွဲတလား**–ဖုန်းကြီးပျံမှာ စက်သီးတပ်ပြီးကေ တစ်ဘက်တစ်ဖွဲ့စီ ဆွဲလို့ ပူဇော်ရရေ တလား။

**ဆိတ်စ**–ဆီးအိမ်အစပ် *(ဆိတ်စကို အားနန့်ကျောက်သတ်ပလိုက်မှ အကျွန့်ကို လူဆိုး လွတ်ပစ်ခ ပါရေ)*

**ဆိတ်ဆွ**–(မခံချင်အောင် သွားသွားစသည်)မာန်ပါအောင် မခံချင်အောင် စသည် *(အချေကို ဆိတ်ဆွ မနိန်ခီကေ့)*

**ဆိတ်ဆီဆိတ်ဆွ**–မထိတထိလုပ်သော

**ဆိတ်လိုင်း**(Sick-line)–(ဆေးရုံ)လူနာတန်းလျား /ဆီးရုံ။

**ဆိပ်ခုံ**–(ဆိပ်ကမ်း)ချောင်းကန်းနားက လောင်းဆိပ်/ဘုတ်ဆိပ်။

**ဆို**–(က)အိမ်ထောင်ဘက်စပ်သည်*(လင်ချာဆိုသည်/မယားချာဆိုသည်)*
(ခ)ဘုန်းကြီးဝါဆိုသည်(ဂ)မိန်းခွန်း နောက်ဆက်စကား*(ဘိန်းစား မောင်ဖြူ ဘုန်းကြီးဝတ် လားရေဆို)* (ဂ)သာခြင်းဆိုသည်။

**ဆိုဝါ**(နောက်ဆက်)–အဖြစ်အပျက်တစ်ခုကို တဆင့်စကားအရ ပြန်ပြောခြင်း *(ဘဖြူ မယားခိုးလားရေ ဆိုဝါ)*

**ဆုံးချင်း**–အစကအဆုံးထိ *(အေ မြောင်းတစ်ပိုင်းကို မင်းရို့ နှစ်ယောက် ဆုံးချင်း တူးကတ်ရဖို့)*

**ဆိုင်း**–(က)အရွယ်အစား *(ထို ဆိုင်းကကောင်းနန့်ကလေ အကျွန့်သား ပါယေ)*(ခ)အသက်အရွယ်*(ယင်သူ့သားနန့်အကျွန့်သား တစ်ဆိုင်း တည်းပါဗျာလ်)*(ဂ)ကြိုးနန့်တွဲထားသည်(ဃ)ယာယီရပ်ထားသည် *(ဘောလုံးပွဲကို ဆိုင်းထားလိုက်)* (င)ဒူရိယာတီးဝိုင်း။

**ဆောက်**–(က)ဆောက်လုပ်သည် (ခ)ဟင်းအိုးငါးအိုးတိကို ပူအောင်ပြန်တည်သည်*(ငါးအိုးကိုဆောက်လိုက်အုံးသိ)* (ဂ)လက်သမားဆောက်။

**ဆောင်းတုံ**–(ထင်းရှူးသေတ္တာ)တိုက်တာအကြမ်းစား။

**ဆောင်းပါး**–လူကြုံပြီးသည် /လူကြုံ ပြီးသောပစ္စည်း *(အခင်ကြီး မြို့ကို လားဖို့ ဆိုကေ အထုပ်တစ်ထုပ် ဆောင်းပါး ထည့်လိုက်ပါ မေ)*

**ဆောင်းပွန်း**–ဆောင်း အအီးဒဏ်ကြောင့် အရီပြားတိ ကွဲအက်သည်။

**ဆောင်းမိရ**–(အအေးမိနှာစေး) နှာစီးခြောင်းဆိုး ရောဂါ ဖြစ်သည်။

(ဇ)

**ဇက**–ထိုမရောက်ဒေမရောက်*(လူကြီးအကျီ်ဇိနန့်လဲမတန် အချေအကျီ်ဇိ နန့်လဲမရ ဇကဖြစ်နိန်ရေ)*

**ဇကာ**–ပိုင်နက်နယ်မြေ *(ကိုယ့် ဇကာ မှာကိုယ် အိမ်ဆောက် ကတ်ပါ)*

**ဇကာကြီး**–ကိုယ့်ကိုကိုယ်အထင်ကြီးနိန်သော*(အေသူနန့်စကား ပြောရစွာ ကကောင်း ဇကာကြီးရေ)*

**ဇကိုင်းပါး**–(လူသေဆိပ်ကမ်း)လူသီကောင်တင်/ချ ရေဆိပ်ကမ်း။

**ဇခြိ** –ရှုတ်ထွီးရေပြဿနာ *(မင်းရို့လင်မယား ဇခြိ မှာ ငါမပါနိုင်ဝေး)*

**ဇဂတိ**–လက်ကတီးကြား။

**ဇဒုံး**–အစွမ်းအစမရှိသော။
**ဇရ**–(အရှုံး–အမြတ်မရှိသော)ပီးလိုက်ရစွာနန့် ပြန်ရစွာ တူညီနိန်ခြင်း။
**ဇ’ရှိ**– လုပ်ရည်ကိုင်ရည်ရှိသည်။
**ဇရိုင်ပီး**–(စရံပေးသည်)အရောင်းအဝယ် သေချာအောင်ကျသင့်ရေဖေချာ တချို့ တဝက်ကြိုတင်ပီးသည်။
**ဇရိုင်သတ်**–(စရံပေးသည်)
**ဇလီသတ်** –တောင်း/ဖျာ/ကြမ်းခင်းရို့ကို ခိုင်အောင် အနားကွပ်သည်။
**ဇဝဲမရဇဝါမရ**–(တုန်လှုပ်ချောက်ခြားစွာ) ကြောက်လွန်း အားကြီးပြီးကေဇာလုပ်လို့ လုပ်ရမှန်း မသိဖြစ်သော *(ကျားနန့် တွိလို့ အကျွန်လေ့ ဇဝဲမရ ဇဝါမရ ထွက်ပြီး ပါလတ်တေ)*
**ဇာဂရာ**–(ဂါဝန်တို) မိန်းမချေတိ ဝတ်တေ အင်္ဂလိပ်မဂါဝန်။
**ဇာတိနာ**–မွီးရာကပင်ပါလာရေအကျင့်(ဆိုး)*(မိန်းမ အလှပချေ မြင်တိုင်း ကြိုက်စွာ ယင်းသူ့မှာ ဇာတိနာ ရာ)*
**ဇာနား**–ဇာပန်း ဖေါ်ထားရေ အနားသတ်အဝတ်စ။
**ဇာပတိရှစ်သောင်း**–အလွန်ကြာညောင်းရေကာလက/ကမ္ဘာဦးကာလက ဖြစ်သော*(ဇာပတိရှစ်သောင်းက ကိစ္စတိကို ပြေမနိန်ကေ့ဖိ)*
**ဇာဝီ**–ဝက်အူ။
**ဇီတည့်ခံ**–ရင်ဆိုင်ဖြေရှင်းသည်*(ဒါးမြဆိုတိုင်း ထွက်ပြီးဖို့မလို ဇီတည့်ခံ ကတ်မေ လာကတ် အားလုံးသူ)*
**ဇီးတည်**–သန္ဓေတည်သည်။
**ဇူလီယာ**–အများကြိုက်ဖြစ်သော/လူကြိုက်များသော/ကျော်ကြားသော။
**ဇင်ခံ**–(လသာဆောင်)အိမ်ရှိမှာညစာသား နားနိန်ဖို့ ဆောက်ထားရေစင် အနိမ့်ချေ *(ဇင်ခံချေမှာ ထိုင်လို့ ဇာလုပ်နိန်ကတ်တေ)*
**ဇင်းခံ**–(လမ်း)လူလားဖို့ဆည်ဖို့ထားရေလမ်း *(ရွာဇင်းခံကို နွားဝင်နိန် ရေလတ် လမ်းပျက်ဖို့သိ)*
**ဇမ်းခြင်း**–ယောကျ်ားနန့်မိန်းမချေရို့ကာရန်နန့်အပျိုလူပျိုစကား အပြန် အလှန်ပြောခြင်း/ပြောပုံအခြင်း။

**ဓမ်းပွတ်–(**က)(ဘိလပ်မြေ) အင်္ဂနိန်/ ဆီမန်း*(အိမ်ကြမ်းပြင်ကို ဓမ်းပွတ် ကိုင်နိန်ပါလာ ဘကြီး)* (ခ)ဆန်ကြမ်း တစ်မျိုး။
**ဓိမ့်ကိုင်(စိမ့်ကိုင်)–**(အအေးလွန်ဝေဒနာ)အီးလွန်းရေနိန်ရာ/ ရီခါတ်(အစိုခါတ်)များလွန်းရေချမ်းစိမ့်ရေနိန်ရာတိမှာအိနိန်ကြာလို့လူများရောဂါရသည်/ သစ်ပင်ပန်းပင် များမကြီးထွားခြင်း *(အရီးမှာ အစ ကပင် မီးယပ်ချမ်း ရှိနိန်စွာ ကွမ်းသီးခြင်း ထဲမှာ တဆောင်းလုံး လားနိန် ခီကေ ဓိမ့်ကိုင် ပါဖို့နှင့်ရာ)*
**ဓိုင်းပြတ်–**လူလား လူလာပြတ်သော။
**ဓေတောက်**–လက်တောက်ခုံတောက်သည်။
**ဓောရိတ်ကေ–**(အဆော့သန်သောကလေး)ကကောင်းသဲရေလူလည်ချေ။
**ဓောရီ–**(နှစ်ထပ်ဝါးထရံ)ဝါးနန့်ရက်ထားရေ နှစ်ထပ်ထရံ။
**ဓောင်းထ–**အနားစောင်းဖြစ်နိန်သည်။

(ဈ)

**ဈီးကိုက်–**(ဈေးကိုက်)ကိုယ်လိုချင်ရေ ဈီးနန့်ရသည်။
**ဈီးခက်–**(ဈေးကြီး)ဈီးကြီးသော။
**ဈီးစကား–**(ဈေးစကား) ကုန်ဈီးနှုန်း အကြောင်း ဈီးမှာပြော ရေစကားစုံ (ခ)အရောင်းအဝယ်ကိစ္စ စကား။
**ဈီးတန်**–(ဈေးသက်သာ)ပုံမှန်ရောင်းဈီးထက်လျှော့နဲသည် *(ဈီးတန်လို့ ငါးတစ်ပိဿာ ဝယ်လာရေ)*
**ဈီးတောက်–**(ဈေးတီးခေါက်)ဈီးမှန် သိရအောင် စုံစမ်းမီးမြန်းသည်။
**ဈီးပြု–**(ဈေးဝယ်) ဈီးထဲက စားစရာ သောက်စရာလားဝယ်သည်။
**ဈီးပြတ်**–(ဈေးဆစ်)ပစ္စည်းတန်ဖိုးကို လျှော့ခိုင်းသည်*(ဈီးမပြတ်ဘဲ နန့် တောင်းတိုင်း ပီးလို့ဝယ်ခလာ)*
**ဈီးပွဲ**–(ဈေးသိမ်း)ဈီးအချိန်ပြီးလို့လူတိပြန်လားခြင်း*(ဈီးပွဲမှာ ငမွဲလာရေ)*

(ည)

**ညက/ညစာက–**(မနေ့က) *(ညကသိ မြင်ခသီရေ အခု မရှိလိုက်ဗျာလ်)*
**ညစာ/ညစာသား**–မွန်းလွဲ(၄)နာရီလောက်က နိန်ဝင်ချိန်ထိ ကာလ။

**ညမင်းပြောင်**–(က)(အပျိုဟိုင်း /လူပျိုဟိုင်း) အိမ်ထောင်မကျဘဲ သီရေ လူပျို /အပျို *(သူရို့ သီကေ နောက်ဘဝမှာ ယင်းပိုင် မဖြစ်အောင် ညမင်းရုပ်ချေတစ်ခု ခေါင်းထဲမှာ ထည့်ပီးရရေ အလေ့ရှိပါရေ)* (ခ)(လင်ကွာမနှင့်ညားသောလူပျို)မင်းကျွန်မနန့်ရရေလူပျို*(လင်ကွာမ ကိုရာရ ခီတတ်လာ ညမင်းပြောင် အိမ်ကိုမတက်ကေ့)*

**ညလင်တင်**–(လေလံတင်) စျေးပြိုင် ရောင်းဖို့ခေါ်သည် *(ထိုမှာ အိမ်တစ်ဆောင် ညလင်တင် ဖို့လတ်)*

**ညင်**–(က)အားအင်ကုန်ခမ်းသည်*(လမ်းလျှောက်ရ အားကြီးလို့ ညင်နိန်ဗျာလ်)* (ခ)ဝမ်းဆာသည် *(ဝမ်းညင်နိန်ဗျာလ်)*

**ညီအေးမ**–(ညီအစ်မ)တစ်မိဖ တည်းကမွီးရေ သမီးအကြီးနန့်အငယ်။

**ညိတ်ပေါင်း**–ပျော့ပျောင်းသော*(ဘင်းထမ်းညိတ်ပေါင်းထမ်းလို့ကောင်း)*

**ညိမ်း**–(ညီးငွေ့)နောက်ထပ်မစားချင်/မပြောချင်လောက်အောင်ဖြစ်သည် *(ပေါ်စခရမ်းသီး နပ်ချင်းညိမ်း/သူနန့်စကားပြောဖို့စွာကို ညိမ်းရေ)*

**ညာစိမ်း**–သစ်ခွတစ်မျိုး *(ရွှေတူ–ငွေတူ–ကြွက်နား–ညာစိမ်း)*

**ညုက်**–(က)ကိုယ်လုံးသေးငယ်သော*(ခန္ဓာညုက်တေ)*(ခ)ပိုဆိုးလာသည် *(လောကမှာမရှိစွာထက်မသိစွာညုက်တေ/အဖထက်သားကပိုညုက်)*

**ညုင်း**–(က)ရင်ဘတ်မှာ ပေါက်တေ အဖြူစက်ချေတိ (ခ)နှိပ်စက်သည် (*အကောင်ကို ညုင်းပလိုက်ကတ်)* (ဂ)အရည်လိုက် ဖြတ်သည် *(လက်ခွါငါးကို ပပါးချေ ညုင်းပလိုက်)*

**ညုည့်**–(က)အပြင်ထွက်အောင်အသက်အောင့်ဖိညှပ်ပီးသည် *(အချေ အလျှင်မွီးအောင် ညုည့်ပီး–ညုည့်ပီး)* (ခ)(ငုံ့သည်) အရည်အဖတ်ခွဲထုတ်သည် *(ထမင်းအိုးအရည် ညုည့်သည်)*(ဂ)အကျပ်ကိုင်တောင်းဆိုသည် *(ပြန်ပေးဆွဲ လို့ ဖေချာ ညုည့်နိန်ရေ)*

**ညွန့်**–(က)ပျော့ပျောင်းသည်*(ထိုမှာနင့်သမီးချေ ကစွာ ညွန့်နိန်ယင့်ထော)* (ခ)အလွန်များ/ ကျိတ်ကျက်ခတ်နိန်သော*(တကွင်းလုံး လူတကာ့လူ ညွန့်နိန်ရေ /ရွှေတိဝတ်ထားစွာညွန့်နိန်ရေ)*(ခ)အကောင်းဆုံးထဲကဖြစ်သော *(ငါ့ရွှေက ပစ္စည်းကောင်းလာ ဆိုစွာမှာ ညွန့်နိန်ယင့်)*

**ညော**–(နုံးချိနေသည်)လန်းလန်းဆန်းဆန်း မဟုတ်/နိန်ထိုင်မကောင်းချင်ဖြစ်သည်။
**ညောင်မျို**–အခြားသစ်ပင်တစ်ပင်ကို ညောင်ပင်က မျိုလားခြင်း။
**ညောင်ရီအိုး**–ဘုရားပန်းအိုး။
**ညှေ့**–မီးကူးသည် *(မီးညှေ့သည်)*

(တ)

**တကူ**–(လှေဝမ်းဒေါက်)လောင်းဝမ်းထဲမှာ တပ်ထားရေ ပစောက်ပုံဒေါက် *(လောင်းကို တက်ကေ ဝမ်းပျိုင်ကို မနင်းကေ့ တကူကိုနင်းကတ်)*
**တကျွ**–တပြန်တခါ *(နောက်တကျွ သကြား ရောက်တေခါ မင်းယူလိုက်)*
**တခရှီ**–အမျိုးတူတစ်အုပ်စု *(ကုလားတခရှီ /အချေတခရှီ /မိန်းမတခရှီ)*
**တခါရုံထူး**–တကြိမ်တစ်ခါမျှ *(မလာဖူး /မရောက်ဖူး /မကြားဖူးစသည်) (မောင်ကြီးရှင်က နှမအိမ်ကို တစ်ခါရုံထူး မလာဖူးပါ)*
**တခုပိုင်လေ့**–(ဘယ်လိုမှ) ဇာပိုင်နည်းနန့်မှ မဖြစ်နိုင်သော *(တခုပိုင်လေ့ ပြောပြလို့မရ စကားကို တခုပိုင်လေ့ နားမထောင်ကတ်)*
**တဂရီ/ တဂူရှီ**–(တဆွေမျိုးလုံး)တဆွီတစ်မျိုးလုံး *(မင်းရို့ တဂရှီလုံး ခေါ်လာကေလေ့ မကြောက်သိ)*
**တဂါနီ**–(၁၂–တောင်ဝါးနန့်)စတုရန်းငါးဆယ် လယ်မြေဧရိယာ။
**တစူးထိုး**–(တဇောက်ကန်း)စိတ်ထင်တိုင်း ထလုပ်တတ်ခြင်း *(အို ရခိုင်သားရို့ တစူးထိုး မလုပ်ပါ ကေ့ တဆိကေ စိုင်းစားပါကတ်)*
**တဆိကိုင်**–(သရဲပူးသည်)
**တဆတ်ဆတ်**–ဖြည်းဖြည်းမှန်မှန် *(ရောဂါတဆတ်ဆတ် ကောင်းလာရေ)*
**တတိ**–အပိုအလိုမရှိသော/ အတိအကျဖြစ်သော။
**တတို့ချေ**–ဝဝတုတ်တုတ် *(ထိုမှာ ကလေချေတစ်ယောက် တတို့ချေနန့်)*
**တတားချေ**–တစ်ခုခုဖြစ်ခါနီးနီး *(သဘော်နှစ်စင်း အက်မိဖို့ တတားချေရာလိုရေ /ချောင်းထဲကို လူးကျဖို့ တတားချေရာလိုရေ)*
**တတက်ကပ်**–အလွန်နီးကပ်စာ *(ငါ့အနားမှာ တတက်ကပ်လို့လာ မထိုင်ကေ့ ချွေးစိုနံ့ရေ)*

**တတိတ်ချေ**–(တိုးတိုးတိတ်တိတ်) မသိမကြား အောင်လုပ်ခြင်း *(ဆရာတော် တရားထိုင်နိန်ရေ စကားမများကေ့ တတိတ်ချေ နိန်ကတ်)*

**တပျင်း–**(က)ပျော်သလောက်*(မင်းငါရို့အိမ်မှာတပျင်းနိန်ခ)*(ခ)စိတ်ကြေနပ်သည် *(တပျင်း သတ်ပလိုက်တေ/တပျင်း စားလို့ကောင်းရေ)*

**တပြပြ**–အများမြင်အောင်/သိအောင်တသိန်းတမန် လုပ်ပြနိန်ခြင်း။

**တပြားမှုခွဲ–**(ငွေနဲနဲပါးပါး) ဖေချာ တဆိကေတဖွေချေ *(လမ်း စရိတ်ချေ တပြားမှုခွဲ ပီးလိုက်ပါအုံးသိ)*

**တပိုင်းတပွါ**–မပြီးမစီး/ငါးပိုင်းကမ်းတင်*(အလုပ်ကို ပြီးအောင်လုပ်ကတ် တပိုင်း တပွါထားမပစ်ခကေ့)*

**တပိုင်းတလန်း–**လက်စမသတ်ဘဲ*(တပိုင်းတလန်းနန့် ထားခပြန်ဗျာလ်)*

**တပိုင်းသီ**–အလွန်လိုချင်ဆန္ဒပြင်းပြသော*(လိုချင်စွာ တပိုင်းသီနိန်ရေ)*

**တဖက်ကာသား–**လက်တဖက်တည်းဖြင့် *(လူကြီးတိကို ရိုရိုသေသေ ပီး တစ်ဖက်ကာသား နန့် မပီးရ)*

**တဖက်လှည့်**–(က)အခြားတနည်း *(အေနည်းနန့် မရကေ တစ်ဖက်လှည့် လို့ လုပ်ကြည့်ကတ်မေ)*(ခ)လှည့်စားသည်*(ယင်း ကလိန့်မေချေကို တစ်ဖက်လှည့်နန့် ပါအောင် ခေါ်ခကတ်)*

**တဖြုတ်ကောင်း–**(ခဏတာကောင်းခြင်း)အစ တစ်ချက်ချေကောင်းခြင်း။

**တဖွေချေ**–(နဲနဲလေး)တဆိကေချေ *(ချောင်းထဲကို ပြုတ်ကျဖို့တစ်ဖွေချေ ရာလိုရေ ငါဆွဲထားလိုက်လို့ဒေ)*

**တမနိ**(ကာလ)–(တမြန်မနေ့)လွန်ခရေ တစ်ရက်ခြားက။

**တမာဂူ**–(ဆေးရွှအိုး)ကုလားလူမျိုးတိဆီးရှူရေ /ဂြင်ဇာရှူရေ မြေပန်းတူ *(ကုလားဘာဘူ တမာဂူ အသာယူ လို့သောက်)*

**တမန်းသား–**မြေသား*(လယ်ထွန်ကေ တမန်းသားကိုသနပ်ခါး အနှစ်ကျ အောင် ထွန်ရရေ)*

**တမွတ်ချင်း–**ကျွမ်းကျင်သည်*(မင်း ရခိုင်ဖြစ်ပြီးကေ ရခိုင်စကားမတတ် လား ထိုမှာ ပြင်သစ်မတစ်ယောက် ရခိုင်စကားတမွတ်ချင်း ပြောနိန် ယင့်ထော နားထောင်ခလိုက်ကတ်)*

**တရဂူ**–အဆစ်ရှည် ဝါးကြီးတစ်မျိုး *(တရဂူ/မတေး/ခယင်/ကြသောင်း)*
**တရာ့တစ်ဘာသာ**–လူမျိုးစုံ အဆင့်အတန်းစုံ*(အလှူဆိုကေ တစ်ရာ့တစ် ဘာသာ လာဖို့နှင့်ရာ)*
**တလင်း–**စပါးသိမ်းဖို့အတွက် ပြုပြင်ထားရေ မြေပြင်ညီ။
**တလင်းချင်း–**လင်းလင်းရှင်းရှင်း*(မီးတလင်းချင်းနန့် ထမင်းချက်နိန်ရေ)*
**တလိုင်း–**အချိန်ကာလတစ်ခု*(အခုတလိုင်း ကကောင်း မိုးရွာရေ)*
**တလိုင်းက**–(တလောက)မကြာသိရေကာလ*(တလိုင်းကသိ ရန်ဖြစ်တေ)*
**တဝီတဝက်**–အချို့အဝက်(*လယ် တဝီတဝက် လောက်တော့ ကျဖျာလ်)*
**တသိန်းတမန်**–(တမင်တကာ)ရည်ရွယ်ချက်ဖြင့် လုပ်သော*(အကျွန့်ကို အေကလေချေ တသိန်းတမန် ဝင်အက် လားခပါရေ)*
**တအီးအီး–**ဖြည်းဖြည်း *(ရောဂါ တစ်အီးအီးနန့် ကောင်းလား လိမ့်မယ်)*
**တာတီယာ**–ကုလားမသာဆိုင်း။
**တာငင်–**ပိုင်နက်နယ်မြေသတ်မှတ်သည်။
**တာယက်**–နွား/ ခွီးတိမြေကိုခြီနန့်ယက်ပြီးမိမိပိုင်မြေဖြစ်ကြောင်းပြသည်
**တူရသိန်/ တူဝသိန်ပင်–**(ကုလားပင်စိမ်း)နှုန်းကြီး/ ကုလားနတ်နှုန်းပင်။
**တက္ကရာဇ်**–(ဘုရားလှေကားထစ်)ဘုရားကုန်းအတက် အုတ်လှေကြထစ်။
**တက်ချလက်ချ**–လုပ်ပုံကိုင်ပုံ*(တက်ချလက်ချညီမှအားလုံးအောင်မြင်ဖို့)*
**တက်ခြင်း–**(လှေလှော်နည်း)ပြိုင်လောင်းလှော်ပုံ နည်းစံနစ်။
**တက်စား–**အစား*(ငါကြောင့်ပျာလာကွဲလခရေတစ်ချပ်တက်စားပီးလိုက်)*
**တက်သီးခေါက်**–(တောက်ခေါက်)လျှာနန့်အာကိုသုံးပြီးကေတောက်လို့ အသံထွက်ကာ မကြေနပ် ကြောင်းပြသည်။
**တင်ဖြုတ်**–(ဦးရည်)ပေါင်းအိုးက ဦးဆုံးကျလာရေ မီးတောက်အရက်။
**တင်း–**(သတ္တိရှိသော)*(ကိုင်းမင်းရို့ထဲက တင်း ရေအကောင်ထွက်လတ်)*
**တင်းကျိတ်**–(ဒင်းကျီးငှက်)ရီအေက်ငုတ်လို့ငါးရှာစားတတ်တေငှက်မျိုး။
**တင်းခံ–**အလျှော့မပီးဘဲ တောင့်ခံထားသည်။
**တင်းခွန်**–(တံခွန်)ဘုရာကျောင်းကန်တိမှာ လွှင့်ထားရေလုံးလုံးရှည်ရှည် အလံတစ်မျိုး *(ကြက်လျှာ ဒက်စွန် တင်းခွန် လိပ်လက် ----)*

**တင်းထိန်**–အခန်ဆီး ကလကာ *(ချေမွီးခန်းကို တင်းထိမ်ကာထားလိုက်)*
**တင်းပုတ်**–ငုတ်တိုင်ကိုမြေကြီးထဲခတ်သွင်းရေသစ်သားတုတ်/ဘောတူ။
**တင်းပုတ်စိုက်**–နွားကိုအဝီးကြီး မလားနိုင်အောင် လန်ထားဖို့ ကြိုးချိုင်ဖို့ တိုင်ငုတ်စိုက်သည်။
**တစ်ခရွီ**–အမျိုးတူတစ်အုပ်စု *(မိန်းမ တစ်ခရွီ လာနိန်ရေ ရီလောင်းရဖို့)*
**တစ်ခတ်**–(ငွေအကြွေ)အနိမ့်ဆုံးတန်ဖိုးရှိရေ ဖေချာအကြွီ *(မင်း ကိုပီးဖို့ ငါ့မှာ ဖေချာတစ်ခတ် လေ့မရှိ)*
**တစ်ချိုင်း**–(က)(တစ်ချဉ်း)တိရိစ္ဆာန် နှစ်ကောင်တစ်တွဲ (ခ)မြေဝါးရှစ်ရာ ဧရိယာရှိလယ်မြေ *(လယ်တစ်ချိုင်း= ၆.၈၀ ဧက)*
**တစ်ဂါနီ**–လယ်မြေ ဝါးငါးဆယ်။
***ရခိုင်ရို့မှာ လယ်ကိုဝါးနန့်ခြင်ပါရေ–ဝါးတစ်ပြန်ရေ(၁၂)တောင်ရှိပါရေ။ဝါးအပြန် (၈၀၀)စတုရန်းရှိကေ လယ်တစ်ချိုင်း လို့ခေါ်ပါရေ။ အကြမ်းအားဖြင့် (၆.၈)ဧကေ လို့သိရပါရေ။
**တစ်ငန်း**–တာဝန်ကျရေ အလှျားလိုက် လုပ်ကွက် *(အေ လယ်တစ်ငန်း ကိုနင်ရို့အဖွဲ့က တာဝန်ယူ)*
**တစ်ဆာ**–တစ်သုတ် *(အေ ငရုပ်သီးတစ်ဆာ ခူးပြီးကေ ယာသိမ်းဗျာလ်)*
**တစ်တိုင်**–တစ်စု/တစ်ဖွဲ့။
**တစ်တိုင်သား**–ဘက်တစ်ဘက်/အဖွဲ့တစ်ဖွဲ့ *(တစ်တိုင်သား ထမင်းချက်နိန်ကေ အခြားတစ်တိုင် သားက ရီခပ်ကတ်ရဖို့)*
**တစ်ပွဲတင်**–တစ်ပွဲနိုင်ခြင်း *(တပွဲတင်ကြောင်မလင် ပတ်စာထိုးဂြိုးမလင်)*
**တစ်ဖုံ**–(က)ငှက်ဖျားဆီးတစ်ဖုံ(ခ)ဖဲတစ်ဖုံ(ဂ)အခြားတစ်နည်း *(ယင်းသူရို့ကလေ့တစ်ဖုံဗျာလ်/အေနည်းနန့်မရတနည်းတစ်ဖုံလုပ်ကတ်ရဖို့)*
**တစ်ဖွါးဆူ**–ရီဆူရုံချက်ထားသော *(ငါးကို တဖွါးဆူဆိုကေ စားလို့ရရေ)*
**တစ်မသုန်**–တစ်ရာသီ *(တချက်ချေ ဆိုပြီးကေ လားခစွာ တစ်မသုန်ကုန်မှ ပြန်လာရေ)*
**တစ်မောင်း**–အချိန်အတွယ် (၂၅–ပိဿာ)
**တစ်ရှား**–တစ်ချပ် *(နောက်ဖေးအတွက် ထရံတစ်ရှား ထပ်လို့ရက်ရဖို့သိ)*

**တစ်လက်ကျ**–အလိမ်ခံလိုက်ရသည်*(အလုပ် ရဖို့ဆိုလို့ လားခီရေ ပွဲစား ဘက်မှာ တစ်လက်ကျ လာရေ)*

**တစ်သိုက်**–လေးဆယ်သားအလီးချိန်*(ငါရို့အချေခါက ငါးတစ်သိုက်ကို ဒင်္ဂါးတစ်ပြား ရာကျရေ)*

**တစ်ဟုတ်**–အသက်တအောင့်/ အစွမ်းကုန်တစ်ခေါက်ပြီးခြင်း*(ငါကတစ် ဟုတ်တည်းနန့် တစ်မိုင် ပြီးနိုင်ရေ)*

**တည်ကျင်**–(က)(တည်ကြက်) အခြားကြက်တိကို မျှားဖမ်းဖို့ မွီးစပ်ထားရေ ကြက်လိမ်မာ (ခ)လူဒလံ။

**တည်ခံ**–ရင်ဆိုင်ဖို့အသင့်ပြင်ထားသည်*(ယင်းသူရို့ပုံစံကမျောက်ခြောက် ခြောက် နိန်စွာရာ တည်ခံကေ ရှိကိုမတိုးဝံ့)*

**တည်းအပ်**–(တွယ်ချိတ်)အဝတ်စနှစ်ခုကို တွဲထားရေ ဂျိတ်ချေ။

**တံစူးဝါး**–(လူသေအတွက်သုံးသောဝါး)လူသီကောင်ကိုမီးသင်္ဂြိုလ်ရေခါ အလောင်းကြွလာကေ ထိုးပီးရရေ ဝါးလုံးရှည်။

**တံရှင်**–(ရေတံခွန်)တောင်စောင်းအမြင့်က ရီတိကျနိန်ရေ နိန်ရာ။

**တံရှင်ထ**–(တံလျှပ်ထ)လီအပူရှိန်ကြောင့် ပြလကောင်တိမှာလီထုတညီး ညီးဖြစ်နိန်ခြင်း။

**တန်းချ**–(က)အသစ်စက်စက် ဖြစ်သော*(မင်းရို့ပိုင် လီဘေးအထည်ဝတ် တေအကောင်မဟုတ် တန်းချမှ ဝတ်တေ)* (ခ) ငါးမျှားသည်။

**တန်းစက်**–(တံစက်မိတ်) အိမ်ခေါင်မိုးကအစွန်းဖျား ရီကျရေနိန်ရာ။

**တန်းစွယ်**–(တံစဉ်)စပါးရိတ်/ မြက်ရိတ်ရာမှာ သုံးရရေအသွားပါကရိယာ။

**တန်းဆစ်**–(က)မျက်နှာမှာ ပေါက်တေမှည့်နက် (ခ)လွှသွီးရေသုံးမြှောင့် ကျားလျှာချေ။

**တန်းဆစ်နား**–(မှဲ့နက်ပေါက်)မျက်နှာတွင်အမဲစက်ချေတိ ပေါက်သည်။

**တန်းဆောက်**–(တံစဉ်း)သံကိုစားရေကျားလျှာ*(လွှတုံးကေ တန်းဆောက် နန့်သွီးရပါရေ)*

**တန်းဆောင်**–(ဓောင်းတန်း)ဘုရာတက်လမ်းတိ/ ကျောင်းဝင်လမ်း တိကို မိုးထားရေ လမ်းအမိုး*(ဘုရားတန်းဆောင် များမြောင်ဆီမီး–––––)*

**တန်းတင်**–(က)မတ်စောက်သော(ခ)(ရေတံခွန်) တောင်စောင်း ထက်က ရိလုံးကြီးများကျနိန်သောနိန်ရာ။

**တန်းတောက်**–(ရေသရောက်) အိမ်ခေါင်မိုး အနားစွန်းမှာ မိုးရီ ဆင်းဖို့ တပ်ပီးထားရေ မြောင်းချေ။

**တန်းတောင်**–(တံတောင်ဆစ်)*(နောက်ကုံးကို တန်းတောင်နန့် ထိုးပီးပါ)*

**တန်းပျင်း**–(ရေကပြင်)အိမ်နန့် တဆက်ထဲ ဆောက်ထားရေ ရီသုံးခန်း။

**တန်းသုံး**–ဆန်ခြင်ရေခါတောင်းမျက်နှာပြင်ကိုတိုက်ပီးရေ တုတ်ချောင်း။

**တန်းသုံးတိုက်**–(က)စပါးကိုတောင်းနန့်ခြင်ရေခါမပိုရအောင်တောင်းဝကို တုတ်နှင့် တိုက်ညှိချသည်/အပိုအလိုမရှိသော/အတိအကျဖြစ်သော (ခ)အညီအမျှ *(ရွာစရိတ်ကို ဆင်းရဲချမ်းသာ မရွီး အားလုံး အတူတူ တန်းသုံးတိုက် ကောက်ရဖို့)*

**တန်းသိန်**–(က)(သီတံ) ငါး/ပန်းရို့ကိုတန်းစီထိုးရေကြိုး (ခ)မကြေမနပ်ဖြင့် လက်ခံ လိုက်ရခြင်း *(ချီးထားရေ ဒင်္ဂါးအားလုံးပြန်မရ ကေလေ့ ရစ္စာလောက်နန့်တန်းသိန်လိုက်ပါဖိ) (အရက်ဆိုကေ တစ်ပုလင်းနန့် မတန်းသိန် နှစ်ပုလင်းနန့် မတန်းသိန် အလုပ်ဆိုကေရာ မလုပ်ချင်)*

**တပ်**–(က)တပ်ဆင်သည် (ခ)စစ်တပ် (ဂ)ခြိစီးရိုး*(ခေတ်မကောင်းရေခါ အိမ်ကို လုံအောင် တပ် ကာထားကတ်)*

**တုံ့စပ်**–သံသယဖြင့် မိန်းမ တစ်ယောက်နန့်ယောကျာ်း တစ်ယောက်ကို ဖေါက်ပြန်နိန် ကြောင်းစွပ်စွဲခြင်းသည်။

**တုံးဖြစ်**–ဝေဒနာကြောင့်မိန့်မျောနေသည်*(ဆီးသမား အယင်ခေါ်ခီကတ် အေမှာ လူနာ တုံးဖြစ်နိန်ဗျလ်)*

**တုတ်သား**–(အစို့)မြေကြီးထဲမှထွက်ခါစ ဝါးပင်/နပျောပင်တုတ်။

**တိန်**–လုံခြုံသော/အလိမ်မပေါ်နိုင်သော*(လိမ်ရေဆိုကေ တိန်အောင်လိမ် ရဖို့ မပေါ်စီကေ့)*

**တိန်း**–(တိတ်ဆိတ်)နှုတ်ဆိတ်နိန်သည်*(ပြောချင်စွာကိုပြောကတ်ပါတိန်း လို့ မနိန်ကတ်ပါကေ့ နောက်မှ အခြင်း မပြောကတ်ပါကေ့ကား)*

**တွ**–(မြူ)ချစ်လို့စသည်*(နင့်ရောက်မကိုလားလို့တွနိန်လာအဆဲခံချင်လို့)*

**တွာ**–(ပါးပါးလှီးသည်)*(ကြက်သွန်ကို ပြီတ်ပြီတ်ချေ တွာထားလိုက်ကတ်)*
**တွား**–လေးဘက်ထောက်လားသည် *(ထိုင်တတ်တေ တွားတတ်တေ––)*
**တွက်**–(က)ဂဏန်းတွက်(ခ)ထည့်စိုင်းစားသည်*(ငါ့ကိုထည့်မတွက်ကေ့)*
**တွက်ကတ်**–မိမိအကျိုးအထူးတွက်ချက်တတ်သည်*(ဖေချာချေ တရာကိုး ဆယ်ကို တွက်ကတ် မနိန်ကတ်ကေ့ဖိ)*
**တွက်စိကျ**–(တွက်ကပ်)အလွန်သေသေချာချာတွက်ချက်လုပ်ကိုင်သည်။
**တွက်ဆမကျီ**–ရင်ထုမနာဖြစ်ခြင်း*(သမီးချေ အေပိုင်ဖြစ်လားစွာ အကျွန် တွက်ဆမကျီပါ မမ)*
**တွင်**–ပြီးမြောက်သည်*(စက်နန့် လယ်ထွန်လို့ ကကောင်းအလုပ်တွင်ရေ)*
**တွင်းစာပစ်**–(သေသင့်သူ)သီလားဖို့ကောင်းသူ*(တွင်းစာပစ်မ တစ်သက် လုံး မိဘစကား နားမထောင်ခ ခုမှငိုနိန်လာ)*
**တွင်းဆုံးကျ**–တစ်ဘဝလုံး/ သီဆုံးရေအထိဖြစ်သော*(ယင်းသူ့အကျင့်ကို တစ်ခုပိုင်လေ့  ပြုပြင်လို့မရ တွင်းဆုံးကျ ပါလီဖို့ဗျာလ်)*
**တွန်းဆီးပစ်**–(က)(တံတွေးထွေး)လျှာရည်ထွီးပစ်သည် (ခ)ကဲ့ရဲ့အပြစ် တင်သည်*(နင်ရို့အနိန်အထိုင်မတတ်လို့ တွန်းဆီးပစ်နိန်ကတ်ပျာလ်)*
**တုတ်**–(က)ဆူဖြိုးသည်*(ဝဝတုတ်တုတ်ချေ)*(ခ)နှင်ထုတ်ခြင်း/ လားခြင်း *(ပြောစကားနားမထောင်ကေ မင်း အိမ်မှာလေ့ မနိန်ကေ့ဖိ တုတ်ဖိ)*
**တိုလို့ယိုလို့**–မဝံ့မရဲဖြစ်သည် *(လူရှိမှာ တိုလို့ယိုလို့လုပ်မနိန်ကေ့)*
**တို့**–(က)လက်နန့်ထိသည်(ခ)ဝဖြိုးသော*(ခွီးချေတစ်ကောင် တို့နိန်ရေ)*
**တိုး**–(က)(တွန်း)ရွှလားအောင်အားနန့်ဖယ်သည်(ခ)ပိုများလာသည်။
**တိတ်တာက်ခတ်**–(မျက်စိပေကလပ်လုပ်သည်)မျက်စိ ပိတ်လိုက်ဖွင့်လိုက် လုပ်ခြင်း*(မျက်စိတိတ်တာက်ခတ်နိန်လာ တစ်ခုလေ့မပြောနိုင်ဗျာလ်)*
**တိုင်(ကြိ)–(**က)တိုင်ကြားသည်(ခ)တူညီသည်*(ပြိုင်လောင်းနှစ်စင်းဦးတူ တိုင်နိန်ရေ)* (ဂ)ရပ်တန့်သည် *(ဖြားတိုင်သည်)*
**တိုင်း–(**က)တိုင်းထွာသည်(ခ)တည်ငြိမ်သော*(အေကလိန့်မေကကောင်း တိုင်းရေ မစ ခီကေ့)*
**တိုင်းလို့တာလို့**–စီစစ်တွက်ချက်လုပ်သည် *(တိုင်းလို့တာလို့သုံးကတ်)*

**တိုင်းလို့ထွာလို့**–(က)တွက်ချက်၍(ခ)ရှိင်းစိုင်းစွာဆဲဆိုခြင်း။
**တိုက်ဆွီး**–(တိုက်ဆွေး)ရောင်းမထွက်တော့ကုန်ပစ္စည်း /အပျိုဟိုင်းကြီး။
**တိုက်တာ**–သစ်သား/ သံပြားနန့် စပ်ထားရေ အဖုံးပါလေးထောင့် ပုံး။
**တိုက်ပြော**–(တိုင်ပြောသည်) အဖြစ်အပျက် တစ်ခုခုကို အခြားလူတိ သိအောင်လားပြောသည် *(နင်ရို့အရက်ခိုး သောက် စွာကို ဘာဘာကို ငါ တိုက်ပြောခီဖို့)*
**တေလူး**–ထိမ်းကျောင်းရခက်သော(နွား)/မိသားစုတစ်ခုအထဲက မဟုတ်မခံ ရန်လိုတတ်သော(သား)*(ငါ့မှာ သားတစ်ကောင် တေလူးပါရေ ယင်းသူ့ ပြဿနာကို အမြဲတန်း လိုက်ရှင်းနိန် ရရေ)*
**တော့မိ**–(တွေ့မိ)မျက်နှာချင်းဆိုင် ဆုံတွိမိသည်*(အေသူက တော့မိကေပင် ဖေချာ ချီးရေဗျာလ်)*
**တေး**–(က)အသီမချိုင်နှောင်ခင် ယာယီတွဲထားသည်*(ကြိုးနန့်တေးထားလိုက်)* (ခ)ရန်ငြိုးဖွဲ့သည်
**တဲတုတ်** –(ဒီးဒုတ်)ဇီးကွက်အကြီးမျိုး ။
**တောက**–(တံလျှပ်ထ)နီပူရှိန်ကြောင့် လီပူတိ တညီးညီးလှုပ်ရှားနိန်ခြင်း။
**တောရှုံးကြက်**–အိမ်မှာကျယ်ပြီး လူတောမတိုးသူ။
**တောအူ**–(ဥညှင့်ကျ)ဝေါငှက်/ ကျီးအူ။
**တော်**–(က)ထူးချွန်ထက်မြက်သော*(အေစွာချေကကောင်းတော်ပါရေကာငါးဘာသာဂုဏ်ထူးပါရေလတ်)*(ခ)မှန်တိုင်း*(ရှိုးရှိုးလီထရေ မှတ်လို့ သရက်သီး ကောက်စောင် လားခီပါရေ တော်လိုက် စွာရာ မလား)* (ဂ)လက်သုံးဘုံဘိုင်*(ပုံးထဲက ရန်ဆီကို တော်နန့်စုတ်ထုတ် လိုက်)*
**တောက်**–(က)လက်ဖျားနန့်ဆတ်ကနဲ ခေါက်သည်(ခ)အစာအဆိပ်ဖြစ်သည်*(အညင်းသီးတောက်တေ/မှိုတောက်တေ)* (ဂ)ကပ်ဖဲကစပ်သည် *(ကပ္ပနာတောက်တေ)*(ဃ)စပီးသည်*(ရန်ဖြစ်အောင်တောက်ပီးမနိန်ကေ့)* (င)အဖြေမှန်ရအောင်စပီးသည်*(မဝယ်ခင်စျီးတချက်တောက်ကြည့်လိုက်)*
**တောက်ကျာ**–မူဆလင်ကုလား သံပုရာခွံ ဝထုပ်။
**တောက်ကျာငှက်**–သစ်ပင်ကိုနှတ်သီးနန့်ပေါက်လို့အစာရှာရေငှက်။

**တောက်ချီးကျ**–လုံးဝမလိုလားသော *(ယင်းသူနန့် စကားပြောရဖို့စွာကို အကျွန် ကကောင်း တောက်ချီးကျပါရေ)*
**တောက်ချီးခါ**–အမြည်းညှိုနိုန်သည် *(အေသူတောက်ချီးခါလို့ ကျီးနိန်ရေ)*
**တောက်ဆတ်**–ဒေါသကြီးသော/စိန်တိုသော *(မလုပ်ခီကေ့ ယင်းကောင် စိတ်က တောက်ဆတ်ယေ)*
**တောက်ပီး**–စကားအားဖြင့်စိတ်ကိုဆွပီးသည် / အကောင်းပြောရေပုံစံနန့် ရန်တိုက်သည် *(အချင်းချင်း ရန်ဖြစ်အောင် တောက်ပီး မနိန်ပါကေ့)*
**တောက်တူလက်**–ကွမ်းသီး အခိုင်တစ်ခိုင်၏ အခက်အလက်များ။
**တောက်လယာ**–လည်စည်းအဝတ် *(တောက်လယာ လိုင်မှာပတ်လို့–)*
**တောင်ကျော်(ငါး)**–ငရုံးနန့်တူသောငါးငယ်တစ်မျိုး(ငါးပနော်)
**တောင်ကျော်ပိုက်**–(က)ကျင်ကိုင်ရာမှာ မိမိကိုယ်ကိုနောက်ပြန်လှန် ချပြီး ပြိုင်ဘက်ကို အနိုင်ယူသည်/ခြင်း (ခ)အစ်မကြီး အစ်မလတ်ရို့ အိမ်ထောင် မပြုမီ အငယ်မလင်ယူလားသည် *(ညက မထွီးဖြူလင် နောက်လိုက်ပြီး လားခရေလတ် တောင်ကျော်ပိုက် လားခရေမနားယေ)*
**တောင်ကြောင်းယောင်**–(ခြေလျှင်သွားသည်) *(မော်တော် ကားမမီလိုက် လို့စိတ်ညစ်မနိန်ကေ့အသာအသာတောင်ကြောင်းယောင်ကတ်မယ်)*
**တောင်စိုင်ရီမရ**–အကျိုးမရှိသော *(တောင်စိုင်ရီမရမပြောကေ့လိုရင်းပြော)*
**တောင်ဓီးဗရနန်း**–ဦးတည်ချက်မရှိဘဲဘန်းဓီးကာရလုပ်သော/ ပြောခြင်း။
**တောင်တလောင်မောင်တလောင်**–တွဲလီတွဲလောင်း။
**တောင်ထောင်ထောင်**–ထီးထီးမားမားဖြစ်သော *(ငါ့ရို့က လာလို့ရပ်မနိန် ကေ့ဟေ့ တခုလေ့ မမြင်ရဗျာလ် တောင်ထောင်ထောင်လို့ကာတခု)*
**တောင်ထိုးရကျ**–ဦးတည်ချက်မရှိ/အစီအစိုင်မကျသော *(တောင်ထိုးရကျ ပြောမနိန်ကေ့ မင်း ဓာကိုဆိုလိုစွာလေ ပြော)*
**တောင်မို့**–လမ်းလျှောက်ဒုတ်။
**တောင်ပုံကန်းသင်း**–အများအပြား *(ဈီးမှာ ငါးသလောက်တက်တေဆိုစွာ မှာ တောင်ပုံကန်းသင်း)*
**တောင်း**–(က)မိမိကိုပီးဖို့ပြောဆိုသည် (ခ)ဝါးခြင်းတောင်း။

**တောင်းကျိုင်**–(ကရင်နီကောင်)ဖင်မှာ အဆိပ်စူးပါရေ ခါချိုင်ကောင်မျိုး။
**တောင်းခြင်ငါးခြောက်**–အပေါ်စားငါးခြောက်များ။
**တောင်းမှက်**–တောင်းစားသည် *(တောင်းတတ် မှက်တတ် သူတော်မြတ် မပီးပါလို့ သဝန်တို)*

(ထ)

**ထ**–ဒေါသဖြင့်သောင်းကျန်းနိန်သည် *(အေသူကကောင်း ထနိန်ရေ)*
**ထမစိခြောက်**–ထမင်းလုံးတစ်ဆီခြောက်သည် *(အိမ်မက်ဆိုး မက်သည်)*
**ထမနာလိုက်**–(အဆာလွန်ဝေဒနာ)ဝမ်းအဆာလွန်လို့ခြီလက်တုန်သည်။
**ထမင်းချိုင်း**–(က)ထမင်းအကျန်(ခ)ကကောင်းအီးရေလူ *(အေကလေ က ထမင်းချိုင်းခဲ ပိုင်ပင် အီးရေကာ)*
**ထလန်းကားလံ**–ပိုးလိုးပက်လက် လန်သည်။
**ထီ**–ကြောက်သည် *(အေသူတစိလေ့မထီကားယင်းခွီးကိုက်တတ်တေနန်း)*
**ထီး**–(က)အပေါက်ကိုတခုခုထည့်လို့ပိတ်ဆို့သည် *(လောင်းအပေါက်ကို ဒုံနှာ နန့်ထီးလိုက်)* (ခ)နိန်ပူမိုးရွာရေအခါ ဆောင်းရေအဆောင်း။
**ထု**–(က)ပြင်းစွာရိုက်နှက်သည် (*တူနဲ့ ထုသည်*) (ခ)အဖုထွက်သည်**။**
**ထူး**–(က) ခြီထောက်နှစ်ချောင်း ကိုတွဲချိုင်ထားရေ ကြိုး *(ခြီထောက် ကို ထူးခတ်သည်)*(ခ)(ရေယိုပေါက်)ရီကန်ရို့/ကန်းသင်းရို့က ရီယိုပေါက် *(ထူးခေါင်းက ရီထွက်နိန်ရေ)* (ဂ)ရိုးရိုးမဟုတ်သော။
**ထူးခေါင်း**–ကန်းသင်း /ရီကန်ဘောင်ရို့က ရီယိုပေါက်။
**ထက်စိ**–(အတိအကျဖြစ်သော)ခန့်မှန်းသည့်အတိုင်း အတိအကျဖြစ်လာသည် *(ငါပြောစွာ ထက်စိ ဗျာလ်)*
**ထက်စိပက်စိ**–အတိအကျဖြစ်ခြင်း *(ငါ ပြောကေလွဲရေမရှိ ထက်စိပက်စိ)*
**ထက်ပက်**–မထင်ဘဲတွိဆုံသည် *(အေကလေကို မတွိချင်ဆိုပါမှလမ်းမှာ ထက်ပက်ရာ တွိနိန်ဗျာလ် ချိန်ထားထားလို့)*
**ထင့်**–(က)တစ်ခုခုနန့်ငြိနိန်သည် *(ခုံကို အားနန့် မဆွဲကေ့ တန်းခါးနန့် ထင့်နိန်ရေ)*(ခ)စိတ်ထဲမှာမသူဒရှုဖြစ်နိန်ခြင်း *(စိတ်ထဲမှာထင့်နိန်ရေ)* (ဂ)ခုနှိမ်သည် *(မင်းရဖို့ဖေသာကို ငါရဖို့စပါး နန့် ထင့်ပလိုက်ဖိ)*

**ထစ်**–(က)အထစ်ထစ်လုပ်သည် (ခ)အဆင့်ဆင့်ဖြစ်သော*(လှကြားထစ်)*
**ထပ်**–(က)ပျစ်ခဲသည်*(ထမင်းရည်ထပ်နိန်ဗျာလ်)* (ခ)ဆင့်သည်*(ပျာလာတိကို ထပ်ထားလိုက်)*
**ထပ်လီသချီး**–(အလွန်ကပ်စီးနဲသူ) ကကောင်းဖေချာ ကပ်သောလူ။
**ထမ်းပိုး**–(တံပိုး)နွားနှစ်ကောင်ကိုလည်ဂုတ်မှာ ခွတပ်ပီးရရေ ဆိုင်းတုံး။
**ထုံ**–(က)ထိခိုက်မှုမရှိသော / တုန့်ပြန်မှုမရှိသော *(ခြီထောက် ထုံနိန်ရေ)* (ခ)ဂရုစိုက်သည် အလီး အနက်ထားသည် *(အေကလေ ဇာလောက်ပင် ပြောပြော ထုံပင်ကမထုံ)*
**ထိုးကြန်း**–ဆန့်ကျင်လုပ်ပြသည် *(ပြောပြကေ ပိုဆိုးလာရေ ပိုလုပ်ပြရေ အေကလေ ထိုးကြန်းကား)*
**ထိုးချီထိုးချဲ့**–မထိတထိလုပ်သော။
**ထိုးအကျိဳ**–(စွပ်ကျယ်) ကင်စီပရာ။
**ထုတ်**–(က)အပြင်ကိုပို့သည်(ခ)အိမ်ဆောက်တေခါ ခိုင်မာအောင် တပ်ဆင် ပီးရရေ သစ်သားတန်း (ထုတ်/ယောက်/ခြင်ကန်)
**ထုတ်မှာသတ်ယောက်မှာသတ်**–အခက်အခဲ ဒုက္ခအများကြီး တွိရသည်။
**ထွီး**–(က)လုံးရှုပ်နိန်သည်*(ခြည်ခင်ထွီးနိန်ရေ/ပြသနာရှင်းမရလို့ထွီးနိန်ကတ်တေ)*(ခ)အငယ်ဆုံး ဖြစ်သော *(သမိန်းထွီးချေ /မထွီးဖြူ )*
**ထွီးလားပလား**–(လုံးထွေးရစ်ပတ်)ထွီးလုံးရစ်ပတ်ဖြစ်သော။
**ထွီးအိုး**–(ထွေးခံ)ကွမ်းသွီး/တွန်းဆီး ထွီးရေခွက်။
**ထွင့်ထွင့်ငတ်ငတ်**–အထွင့်တမြတ်ဖြစ်သော*(လူနာက ရှောက်သီး လက်သုတ် ကိုရာ ထွင့်ထွင့်ငတ်ငတ် စားချင်ရေလတ်)*
**ထွတ်**–(နှိုက်)အကြိုအကြားထဲ ကတ်ကတ်သတ်သတ် နှိုက်ထုတ်သည်။ *(ပျိုင်ကြား က ဝက်အူချေကို ရအောင်တချက် ထွတ်လိုက်)*
**ထွတ်ထုတ်**–(မြင်းဖု)ခန္ဓာကိုယ်ပြင်ပကိုထွက်တတ်သောအသားပိုအလုံး။
**ထွတ်ထွတ်ကြီ**–(ကြေမွနေသော)ညက်ညက်ကြီသည်။
**ထိပ်ကျင်း**–ပက်ပက်စက်စက်အပြောအဆိုခံရသည် *(အပြောအဆိုခံရလို့ အေမှာ ထိပ်ကျင်းနိန်ဗျာလ်)*

**ထိုင်း**–(ထုံအသော)လီးလံသော/ ထုံအသော*(အလုပ်ထိုင်း/ညာဏ်ထိုင်း)*
**ထောညက်ပြန်**–(ဖွတ်ဖွတ်ညက်ညက်ကြေသည်)ဖွဖွတ်ကြီသည် *(အချေတိ သေးပလိုက်လို့ ငရုပ်ခြင်း ထွားညက်ပြန် လခဗျာလ်)*
**ထွေလီကလာ**–အသေးအမွှားချေတိ /အရေးမကြီးသော။

(ဒ)

**ဒုံးကျ**–လက်လွတ်ခြီလွတ် ကျခြင်း/စစုံးမြုပ်ခြင်း *(ပိတောက်သားနန့် ပြိုင်လောင်းလုပ်ကေ မြုတ်တေဆိုကေ ပြန်ပေါ်ဖို့မရှိ ဒုံးကျ ဗျာလ်)*
**ဒပျက်ဆိုး**–(ဒါးဟောင်း)သံချီးတက်လို့ ပစ်ထားရေ ဒါးဟောင်း။
**ဒပြုတ်သီး**–(သပြုသီး) ချက်စားရရေ အသီးတစ်မျိုး။
**ဒရဂါ**–ဦးစီးခေါင်းဆောင်။
**ဒရဇိ**– စက်ခြုပ်သမ။
**ဒရပြေ**–အဆက်မပြတ်ဖြစ်သော/ဒလဟောဖြစ်သော*( ဒဏ်ရာက သွီးတိ ဒရပြေ ထွက်နိန်ရေ ဆီးရုံကို အပြင်းပို့ရဖို့)*
**ဒရဲဒရင်း**–မကြောက်မလန့်*(လုပ်ကေဒရဲဒရင်းလုပ် ကြောက်မနိန်ကေ့)*
**ဒရင်း/ဒရင်းစည်**–(Drum) (ဆီပီပါပုံး)
**ဒရောင်ကျ**–(သရေကျသည်)*(အေနိန့်ဘောလုံးပွဲ ဒရောင်ကျလားခရေ)*
**ဒရောင်းဆရောင်း**–ဖြစ်ချင်ရာဖြစ် တစူးထိုး လုပ်ခြင်း။
**ဒလာ**–ပွဲစား။
**ဒလိမ့်ထိုး**–ဆီတဆိကေနန့် ဒိုင်အိုးမှာ လိုမ့်လို့ချက်သည် *(ရှင်ပြု ပွဲမှာ သင်းပေါင်းထိုး ဒလိမ့်ထိုးနန့် စားခရရေ)*
**ဒဖေးတိုက်**–မဆိုင်ရေလူ ဝင်မပါကတ်ဖို့ သတိပီးခြင်း။
**ဒါကျီကျ**–(ကြွေးအလွန်များသည်)ပီးစရာအကြွီး အများကြီး ရှိနိန်သော *(အကြွီးဒါကျီ ဆပ်မကျီ)*
**ဒါဒါ**–အဖီးရှင်၏မိခင်ဖခင်(*မိဘ–အဖိုးအဘောင်–အဖီး–အဒါ*) *(သတင်းရီ သောက် မိုးရီသောက် အဒါရှင်မှာ လင်သုံးယောက်)*
**ဒါဒေါင်**–(အကြွေးဖြစ်သော)လက်ငင်းမဟုတ်သော *(ကံဒုကံဒါ တောင် မကျသိ ဒါဒေါင် မရောင်းနိုင် ပါ)*

**ဒါသီကျ**–အမြဲတန်းပုံသီကျ*(မြို့ကအောဂန္ဒုလာတိုင်းငါရို့အိမ်မှာဒါသီကျ ထမင်းကျွေးရဖို့လို့ ဓာဥပဒေမှာ ရှိလေ)*

**ဒါးက**–(ဒါးရေးပြ) ဒါးခွပ်/ဒါးကိုင် ကျွမ်းကျင်ကြောင်း ကစပ်ပြသည်။

**ဒါးခွီး**–ဒါးသစ်သားလက်ကိုင်ထိပ်မှာ မကွဲအောင်တပ်ပီးရေ သံကွင်း။

**ဒါးချောင်**–(ဒါးအမြီး) ဒါးကို လက်ကိုင်ရိုးတပ်ရရေ ဒါး မတုံးပိုင်း။

**ဒါးစာ**–(က)သစ်ပင်ကိုခွပ်ရလွယ်အောင် ကျယ်ကျယ်ချေ အပိုခွပ်ပီးရရေ အပိုင်း(ခ)သူများကိုယ်စားအခြားတစ်ယောက်တာဝန်ယူသည်/ဒုက္ခရောက်သည် *(ဒါးစာခံသည်)*

**ဒါးဆီးတင်**–(မီးတင်)ဒါးကို သံသား မာလာအောင် မီးသားတင်သည်။

**ဒါးဆောက်**–ဒါး၏လက်ကိုင်အရိုး။

**ဒါးပြတ်**–(ဒါးရှ) ဒါးဒဏ်ရာ ရသည်။

**ဒါးသ**–ဒါးဟောင်းကိုပန်းဘဲမှာ ပြင်သည်/ဒါးကိုထက်အောင်သွီးသည်။

**ဒါးသွီး**–(ဒါးသွေး) ဒါးကိုထက်အောင် ကျောက်နန့်ပွတ်သည်။

**ဒုရေးသုရေး**–(အရေးပေါ်ကိစ္စ)သာရေနာရေး ကိစ္စ။

**ဒက်**–စာတိုက်။

**ဒက်ကရင်နီ**–စာတိုက်အရာရှိ။

**ဒက်ခေါင်း**–စာတိုက်ပုံး။

**ဒက်ဂေါင်း**–စာတိုက်သုံး တံဆိပ်ခေါင်း။

**ဒက်စွန်**–သုံးထောင့်အလံချေ*(ကြက်လျှာ ဒက်စွန် တင်းခွန်လိပ်လက်...)*

**ဒက်ဆင့်**–(ထမင်းချိုင့်)အဆင့်ဆင့် ထပ်ထားလို့ရရေ ထမင်းဒုံချေ။

**ဒက်တင်**–ဆရာဝန်။

**ဒက်ထိ**–အတိအကျ*(ဘောလုံးပွဲက ငါပြောရေအတိုင်း ဒက်ထိဗျာလ်)*

**ဒက်ရိဒက်ကျ**–(လက်လုပ်လက်စား)ထမင်းတစ်နပ်အတွက် ရရာအလုပ် မျိုးစုံလုပ်စားခြင်း*(ငါ့မှာလယ်မရှိချောင်းမရှိနန့်အခုပိုင်ဒက်ရိဒက်ကျ လုပ်စား နိန်ရရေဗျာလ်)*

**ဒက်ဝတ်**–နတ်ဝတ်တန်းဆာ/မင်းဝတ်တန်းဆာ။

**ဒင့်ကျိုး**–(ဒန်းကွဲ)မိုးဦးကျပေါက်တေအရွက်ကိုလှော်စားရရေအပင်ချေ။

**ဒဏ်သီ**–ဒဏ်ရာ/ဝေဒနာလုံးဝကင်းစင်ပြီး ပကတိ ကျန်းမာ လာသည် *(အနာရောဂါ ကတော့ ကောင်းလားဗျာလ် ဒဏ်သီဖို့ လိုသိရေ)*
**ဒဏ်ခံ**–(က)အပြစ်ပီးခံရသည်(ခ)(အနစ်နာခံသည်)သားသမီးဒဏ်ကိုခံရေ။
**ဒန်ခံ**–(ကွပ်ပြစ်) အိမ်ရှိ မြေပြင်မှာ ဆောက်ထားရေ စင်နိမ့်ချေ *(ဒန်ခံမှာ လ'ပ တပြင်ချင်းနန့် အဖန်ရေ သောက်နိန် ကတ်တေ)*
**ဒန်သီ**–အမြဲတန်း*(ဘုန်းကြီးကျောင်းအာရုဏ်ဆွမ်းကို ကျွန်တော့်တာဝန် ဒန်သီ မှတ်ထားလိုက်)*
ဒန့်–ကုလားပဲခြမ်း/မြင်းစားပဲခြမ်း။
**ဒန်း**–(ဒန်းကြီးရွက်)ဒဏ်ရာမှာ အရွက်ကိုအုံပီးရရေ ဆီးဘက်ဝင်အပင်။
**ဒုဗလကိုင်းသတ်**–ကိုးရိုးကားရား/ကန့်လီကန့်လန့်လုပ်ခြင်း။
**ဒုံ**–(က)(ဇလုံ)ပစ္စည်းထည့်ရေ ခွက်ကြီး (ခ)မြစ်ချောင်းများ၏ ရီအလွန် နက်တေ နိန်ရာ*(ဒုံတိ မှာ ငါးကြီးတိ နိန်ရေ)*
ဒုံ**ခေါင်း**–(က)(မြစ်တစ်ခု၏နက်သောနေရာ) အလွန်နက်တေ ရီနက်ချိုင့် (ခ)မိန်းမရှင်/ပြည်တန်ဆာမ *(ဒုံခေါင်းမနန့်စကားပြောနိန်လာ)*
ဒုံ**ဂျာ**–(လယ်ဂဏန်း)လယ်ကန်းသင်း တိမှာ နိန်တတ်တေ ဂဏန်းချေ။
**ဒုံဇောက်**–(ချောက်)မြေညီကနိန်ရုတ်တရက်နိမ့်ဆင်းလားသော မြေပြင်။
**ဒုံနာ**–(က)(ပွေးညက်/ကတ္တရာ)လောင်းဖာရာမှာသုံးရေ သစ်ပင်ကထွက် တေအစီးတစ်မျိုး*(လောင်းပေါက်ကိုဒုံနာနန့်ထီးလိုက်)* (ခ)ကတ္တရာ (လမ်းကိုတာရှည်ခံအောင် ဒုံနာ ခင်းရဖို့ /ဒုံနာလမ်း)
**ဒုံး**(လူမျိုး)–တံငါမျိုး *(ဒုံးးနန့်သျှိ ဟာရီတစ်မျိုး––)*
**ဒုံးခြင်း**–ဘုန်းကြီးပျံ အလောင်းကို တလားမှာတင်လို့က'ရေ က'နည်း သီဆိုရရေအခြင်း။
**ဒုံးဘီဒုံးပေါင်း**–အကောင်ကြီးပြီးကေ အနှစ်မရှိသော/လူနုံ။
**ဒုံးတိုက်**–ဖုန်းကြီပျံအား ဒုံးသီးဖြင့်ပူဇော်သည်။
**ဒုံးပေါင်းဆောက်**–(က) ရိုကို မှောက်လို့လဲနိန်သည် (ခ)လုပ်ငန်းတိပြို ပျက်လားသည်*(ဆန်လုပ်ခ်ီစ္စာမှာ အားလုံးဒုံးပေါင်းဆောက်လခရေ)*
**ဒုံးငေါင်း**–ကိုးရိုးကားရား ကလန်ကလားဖြစ်သော*(အဖိုးဒုံးငေါင်း ––)*

**ဒုံးယိမ်း–**ဖုန်းကြီးပျံမှာ လူငယ်ချေတိကရေ ယိမ်းအက။
**ဒုတ်–**မြစ်ချောင်းထဲမှာ ငါးထောင်ဖမ်းရေ အသွားတစ်ဘက်တပ် မြှုး။
**ဒုတ်ထိုးဖာထမ်း**–အိမ်ရာအခြေတကျမရှိ အိပ်တစ်လုံးနန့်လားနိန်ရေလူ။
**ဒုတ်ထောက်**–(သက်ကြီးရွယ်အို) ဝါကြီး /ဝါကြီးမ။
**ဒုတ်ပယိန့်**–(အသွားတပ်အဝကျဉ်းတောင်းငယ်)ရီထဲဆင်းလို့ငါးဖမ်းရေ ခါ ငါးအရှင်တိပြန်မထွက်နိုင်အောင် အသွားတပ်ထားရေ တောင်း။
**ဒုတ်မိမြုပ်သီ**–အပင်ပန်း အနစ်နာခံ၍ *(အခင်ရို့အိမ်မှာ ကျွန်တော် နှစ် ပေါင်းများစွာ ဒုတ်သီမြုပ်သီ ခံလုပ်ပီးခ ပါရေ)*
**ဒုတ်သတ်**–အကောင်းပကတိမဟုတ်သော*(မင်းနာရီက ဒုတ်သတ် ရာ)*
**ဒုန်းကလား–**သံနှုတ်ကရိယာ/ သံဖြတ်ကရိယာ (ပလာယာ)
**ဒိုးလက်**–ဒူးထိပ်က အဝိုင်းပြား (ဂုံညင်း)
**ဒိုင်အိုး**–(ဒယ်အိုး) အဝကား အိုးကြီး။
**ဒွါဒရာ**–နတ်ဝတ်/မင်းဝတ် တန်းဆာ။
**ဒွါရ–**အပေါက်/ အာရုံခံ(နား–နှာခေါင်း–မျက်စိ–စသည်ဒွါရများ)
**ဒွါး–**(က)(စဥ့်အိုးကြီး)အဝကျယ်စိမ့်အိုးကြီး (ခ)အများကြီး ကန်သော/ *(အေသူ ဒွါးရာကာ အရက်သောက်စွာ ဝရေမရှိ)*
**ဒိုင်းစင်**–ပစ္စည်းတိတင်ဖို့ အိမ်ခေါင်မိုးနန့်ကပ်လို့ ဆင်ထားရေ စင်။
**ဒွေးချ**–(ကြိုးဆွဲချ) လိုင်ပင်းမှာ ကြိုးကွင်းစွပ်လို့ သီကြောင်းကြဲသည်။
**ဒေါဗလာ**–အလုံးကြီးသော*(ချိုချင်ကေ ဒေါဗလာသကြား ထည့်လိုက်)*
**ဒေါရမောရ–**အားနန့်မာန်နန့် *(စကားကို ဒေါရမောရ ပြောနိန်ရေ)*
**ဒေါက်**–(က)အရပ်အမြင့်*(အေကလိန့်မေ ကကောင်း ဒေါက်မြင့်ရေကာ)* (ခ)အာနိသင်ပြင်းသော*(အင်္ဂလိပ် ဆီးတိ ကကောင်း ဒေါက် ရှိရေ)*
**ဒေါက်ကရောက်** –ကုလားအကတစ်မျိုး /ကုလား မသာအက။
**ဒေါက်တင်**–သင်္ဘောကို ပြုပြင်ရန် လွန်းတင် ၍ပြင်ဆင်သည်။
**ဒေါက်ချာ**–ရသေ့တိ ဆောင်းရေ သရီ ခေါင်းဆောင်း။
**ဒေါင်ချာလိုက်**–(ချာလပတ်ယမ်း) ခဲခဲမွှိပါသော*(သမီး သုံးယောက် နန့် ဒေါင်ချာလိုက်နိန်ရေ)*

**ဒေါင်ဆင်**–အဝတ်သစ်တိနန့်အလှဆုံးဆင်ထားသည်*(ကကောင်း ဒေါင်ဆင်လို့ လာရေကာ ဇာကို သမက်တက် ပွဲစားလားဖို့လဲ)*

**ဒေါင်ဒမာ**–ငါးသလောက်တူငါးမျိုး။

**ဒေါင်သမာ**–စပါး/ဆန်ပုံထားဖို့ ပြေပြင်မှာခင်းထားရေ ဝါးကြမ်းပြင်။

**ဒေါင့်ချရာသီး–**သခွါးမွှီးသီး။

**ဒေါင်းရန်**(ငှက်)–လင်းယုန်ငှက်/ဝံလက်။

**ဒေါင်းလန်း–**(ရှေးခေတ်သုံး လင်ပန်းကြီး)မိသားစု အားလုံးဝိုင်းစားရရေ ထမင်းစား ပျာလာကြီး*(နှီးလောင်ပွန်းကြီး)*

**ဒေါ်လာခွက်**–(လည်ဆွဲ) လိုင်ပင်းမှာ အလှဆွဲရေ ရွှေခွက်/ငွေခွက်။

(ဓ)

**ဓမ္မသောက**–သဘောထားချင်းဆန့်ကျင်သည်*(ယင်းသူနန့်ငါနန့်ကဓမ္မသော ကကျနိန်ရေ တခုပိုင်လေ့ မတည့်နိုင်)*

**ဓါတ်ကျ**–(အာရုံကျ) တစ်စုံတခုကို ထပ်လို့ထပ်လို့လုပ်သည်/တနိန်ရာရာကိုထပ်လို့ထပ်လို့လားသည်/စားစရာတစ်ခုကိုထပ်လို့ထပ်လို့ကျွေးသည်/စားသည်။

**ဓါတ်ခိုင်**–ဝမ်းအလွန်ချုပ်ခြင်း။

**ဓါတ်ချုပ်**–ဝမ်းချုပ်ခြင်း။

**ဓါတ်စက်–**ဓါတ်ပြားထည့်လို့ ဖွင့်ရရေတေးခြင်းဖွင့်စက်(စက်တေးခြင်း)

**ဓါတ်ဆရာ**–ဓါတ်သင့်သည့်အစားအစာများ ကျွေးခြင်းဖြင့်ဆီးဝါးမပါဘဲ ရောဂါ ကုသသည့် ဆီးသမား။

**ဓါတ်တောက်–**(က)(လက်နှိပ်မီး)ဓါတ်ခဲသုံး ဓါတ်မီး (ခ)ဗုဒ္ဓဓါတ်တော်များမှ ရောင်ခြည်ထွက်ခြင်း။

**ဓါတ်ပျက်**–ဝမ်းပျက်ခြင်း/တဆိကေတဆိကေနန့် ဝမ်းအမြဲ လားနိန်ခြင်း။

**ဓါတ်ပေါက်**(က)အဖျားလူနာ သုံးရက်အတွင်းဝမ်းလား သည်(ခ)အရိပ်ကျသည်/သဘောပေါက်သည်။

**ဓါတ်မဆွဲ**–(ဓါတ်မီးခြစ်) ဓါတ်ဆီထည့်သုံးရရေ မီးဆွဲ။

**ဓါတ်မှန်အိမ်**–(အောက်လင်းမီး) ရန်ံဆီထည့် လီထိုး ထွန်းရရေမီးအိမ်။

**ဓါတ်ရိုက်**–လိုအင်ဆန္ဒများအတိုင်းဖြစ်အောင်ဂမ္ဘီရပညာဖြင့် စီရင်သည်။
**ဓါတ်ရိုက်ကျ**–အတိအကျ *(ဖေချာ ခိုးရေလူကို ဓါတ်ရိုက်ကျ ပြောလိုက်ရကေ ချလူးအောင်)*
**ဓါတ်လိုက်**–လျှပ်စစ်ကာရန်းလိုက်ခြင်း။
**ဓါတ်သိ**–တဘက်လူ၏ အကျင့်/အတွင်းရေးကို သိရေလူ။
**ဓါတ်အိုးနှိုက်**–လျှပ်စစ်နည်းဖြင့် အတုလုပ်သည်။

(န)

**န**–အလွန်ရိုးအ'သည်*(မင်းကလေ့ ကကောင်းပင်လေ့ န'ပါရေကာ ကိုယ့်ကို လိမ်နိန်လို့ လိမ်မှန်းမသိ)*
**နကျေ**–(နားထင်) နားရွက်နှင့်မျက်စိ ကြားဧရိယာ*(နကျေကို သနပ်နန့် တေ့ထားရေ)*
**နကြောစိမ့်**–ကြားရုံနန့်ကြောက်သည်*(သံကိုးမောင်းလို့ကြားရုံနန့်ရန်သူတိ နကြောစိမ့် ရေလတ်)*
**နခေါင်းငို**–(အမြဲတန်းညီးညူနိန်သည်)*(မင်းကို အလုပ်ကပင်မခိုင်းရသိ နခေါင်း က ငိုနိန်ဗျာလ်)*
**န'ဂျာ**–(လူန)အ'ရေ ညံ့ရေလူ *(န'ဂျာရာ လိမ်လို့ လိမ်မှန်းတောင် မသိ)*
**နဂျောက်ကျ**–(နေပြောက်ထိုး)ခေါင်မိုးက ကျော်လို့အိမ်အမိုး အောက်ထိ နီရောင်ခြည်ထိုး ကျနိန်ခြင်း။
**နစပ်**–(လက်ထပ်ပေးသည်) ပီးစားသည်/လက်ထပ် ထိမ်းမြားသည် *(သူရို့ချင်း ကြိုက်နိန်ကပ်တေဆိုကေ နစပ် ပီးလိုက်ကတ်မေ)*
**နဆီယို**–ကြားရသောစကား/အသံကိုအလွန်သဘောကျ နှစ်သက်သည်။
**နတင်းခတ်**–(မကြားတကြားပြောသည်) မသိမသာဖြင့် ကြားလီ သိလီ အောင်ပြောသည်*(ဟေးကောင်မ ငါ့ကိုလာလို့ နတင်းခတ်မနိန်ကေ့ နင့်လင်ပိုင်ကောင်မျိုး ငါရို့ကယူဖို့မဆိုကေ့ ထမီတောင် မဖွပ်ခိုင်း)*
**နန်း**–အလွန့်အလွန် *(ငယ်ရေဆိုစွာမှာ နန်းမှုန့်စိချေရာ/လှရေဆိုစွာမှာ နန်း နတ်သမီးရှုံးရေ)*
**န'နွား** –(နွားလိုပေါတောတောအကောင်) ပေါတောတောလူ။

**နနွင်းဗူး**–(လူလိမ်)အလွန်လိမ်တတ် ဝါတတ်သောလူ။
**နနောင်း**–(က)(မြဲမြဲစွာ)*(ကြိမ်သားဒုတ်ကိုနနောင်းကိုင်–)*(ခ)အားရပါးရ ကျသည် *(ရခိုင်အကဆိုကေ စည်သံကြားရမှ နနောင်းကျရေ)*
**နဗက်**–ကြိမ်ပင်ခွဲခြမ်း *(ဝါဖေါင်ကို မပြိုရအောင် နဘက်နန့် ချိုင်ရရေ)*
**နဘအုပ်**–(ထမီအထက်ဆင့်)ထမီအထက်နားမှာဆက်တပ်ထားရေ အဝတ်။
**နဘယံ**–အနားစွန်း *(တောင်နဘယံမှာ ဘုရားတစ်ဆူထော)*
**နဘက်**–(နားကွင်း)မမချေတိ နားမှာပန်ရေ နားကွင်း။
**နဘန်**–(သီးကင်း)အပွင့်ကနိန် အသီးကင်းဖြစ်ခါစသီးနုံ *(မှင်းဂို ချိုင်ပြင်း မညင်းနဘန် သရက်တံ)*
**နရဘံပူ**–ဒုက္ခရောက်လမ်းရှာသည်*(အေသူကကောင်း နရဘံပူနိန်ရေကား ဒုက္ခရောက်ဖို့ မြင်နိန်လို့ နင့်ကို ဟန့်နိန်ရစွာ)*
**နရမ်း**–အနားစွန်း။
**နရမ်းလန်**–အနားတိစုတ်ပြတ်နိန်ခြင်း*(မင်းဒယော နရမ်း လန်နိန်ဗျာလ်)*
**နရုပ်**–(နွားနှာခေါင်းချုပ်) တလင်း လယ်ရေခါ နွားတိကို စပါး/အစာ မစားနိုင်အောင် ပါးစကိုပိတ်ထားရေ အစွပ်။
**နရောင်**–နခေါင်း အဖျားပိုင်း *(ခွီးမှာ နရောင် ကြောင်မှာနဖူး လူမှာဒူး– ဆောင်းခါမီးလှုံကေ ပူရေနိန်ရာ)*
**နရောင်ကုတ်**–(နှာခေါင်းရှုံ့)မနှိုက်သက်ကြောင်းနာခေါင်းရှုံ့ ပြသည်။
**နမိန့်နမော**–(နေမိနေရာ)မိန့်မောသီသတ်*(ကင်းစုံ့ကေ နမိနမောမနိန်ရ)*
**နဝင်ဒရူး**–(နေဝင်ရီသရော)နိန်ဝင်ခါစမှောင်ခါစအချိန်*(နဝင်ဒရူးအိမ်နား ကို တတိတ်ချေကပ်ကေ သူခိုးဟန်)*
**နသန်းနဝါ**–မသေချာသော သတင်းသန့်သန့်ကြားသည်*(မင်းနန့်မလုမေ ရို့ကြိုက်နိန် ကတ်တေလို့ နသန်းနဝါ ကြားနိန် ရေကာ)*
**နာကူအိုး**–အဝကျယ် မြေအိုး။
**နာကြီးကျ**–နာတာရှည် ရောဂါရသည် *(ငါ့အိမ်က ကြက်ကိုခိုးစား လား ကတ်တေ နာကြီးကျတိ)*
**နာနည်းရ**–အနာတရဖြစ်သည်/ဒဏ်ရာ ရသည်။

**နာလာ**–(ရေနှုတ်မြောင်း)ရီမြောင်းချေ *(နာလာက ရီတိမဆင်းလို့ ချလာ ပုတ်စို နံနိန်ရေ)*
**နာဝါ**–(က) မြစ်ကြီးတိ/ပင်လယ်တိမှာလားရေ ရွက်တပ် လောင်းကြီး။ (ခ)ငပေါ *(ဇာပိုင်လုပ်လို့ ဖြစ်ဖို့လဲ ခိုင်းလိုက်တေလူက နာဝါရာ)*
**နိန်ပစ်ကျ**–(အသားကျသည်)လက်ရှိနိန်ရာမှာ အသားတကျဖြစ်နိန်သည် *(မြို့ရောက်ခါစက မပျော်ကေလေ့ အခုတော့ခါနိန်ပစ်ကျ နိန်ဗျာလ်)*
**နိန်မိနိန်ရာ**–နမိန့်နမော/ပပေါ့ဆဆ ကြုံရာတွင် နိန်ထိုင်သော။
**နီသားကျ**–(က) နပစ်ကျ/လက်ရှိနိန်ရာမှာ နိန်လို့အဆင်ပြေ နိန်ပြီးဖြစ်သည် (ခ)နိန်ကောင်းထမန်း နိန်ရာ။
**နွားပတ်စား**–လုံးဝအသုံးမကျ /အလွဲလွဲလုပ်တေလူ။
**နံ**–(က)အနံ့နံသည် (ခ)တတ်ကျွမ်းသည် *(ကွန်ပျူတာကို မနံဘဲ မလုပ်ကေ့လဝေ ပျက်ယက်လားမေ)*
**နံနှိပ်**–ကိုယ်နန့်ဆန့်ကျင်ဘက် လူတိကို ခေါင်းထောင်မလာနိုင်အောင် ဂမ္ဘီရ ပညာ ဖြင့် စီရင်သည်။
**နံယောင်**–စိုက်ခင်း/ဥယျာဉ်/ဘေးနားတစ်လျှောက်ဖြစ်သော။
**နင်းဖတ်စာ**–(က)လူအများလား ရေလမ်းကြောင်း (ခ) လူတိုင်းဘက်မှာ အနိုင်ကျင့် ခံရသော။
**နင့်စိုင်ထီး**–ရာသက်ပန် ရှောင်ကြည်သော*(အရာတစ်ခါ နင့်စိုင်ထီးစပါး ကုန်ကူး မလားပါဗျာလ်)*
**နတ်နာ့**–ပြောသမျှ ယုံရေလူပေါ။
**နတ်ပြင်းခတ်**–(အလောသုံး ဆယ်ဖြစ်သော)အလွန် အလျှင်လိုနိန်သော *(အဖသေ နတ်ပြင်းခတ် နိန် စွာနန့် သနပ်ခါး တောင်မနီး ခ'ရုတေကြာကေ ခါးမှာ ထမီတောင် ပါဖို့မဟုတ်)*
**နတ်ရှင်**–ထိမ်းသိမ်းလို့ မနိုင်ရေလူ*(အေကလေ ကို အဂုနက မြင်လိုက်သိယင့် အဂုပျောက် လားခဗျာလ် နတ်ရှင် ကာတစ်ကောင်)*
**နတ်သောက်**–အလိုအလျှာက်အရည်လျော့လား/ခမ်းလားသောအုန်းသီး။
**နတ်သမီးခါးကြိုး**–(ငန်းတော်ကြား)အဝါတစ်ရစ် အဖြူတစ်ရစ်ရှိရေ မြွေ။

**နတ်သတ်**–သဘာဝအလျှော့ာက်သီလားရေသစ်ပင်*(ကရမက်ဆိုကေ နတ်သတ် မှန့်ိုးရေ လတ်)*

**နန့်ယောင်ကား**–(နောက်ပြောင်တတ်သူ)*(ဆရာကြီးကိုရာတခု လားလို့ အေသူ နန့်ယောင်ကား ခံနိုန်ရေထော အားနာကောင်းထမန်း)*

**နန့်နီနန့်နန့်**–နန့်ယောင်ကားခံလို့ လုပ်သည်။

**နန်းတက်**–(က)ထီးနန်းရယူခြင်း(ခ)ထိခိုက်၍ ယောကျ်ားငွေးတက်ခြင်း။

**နပ်**–(က)ထမင်းဟင်း ကောင်းစွာကျက်သည်*(ထမင်းကကောင်းမနပ်သိ)* (ခ)လူတစ်ယောက်ကို ကစပ်တေသဘောနန့်လှည့်ဖြားသည် *(ငါက နပ် လိုက်စွာကို အဟုတ်ထင်လို့ လားပြောနိုန်ရေ)*

**နပ်ကျီ**–(က)ရရစားစား *(အလုပ်ရှားကလို့ ရရာအလုပ်ကို ထမင်းတနပ်စားရရုံ နပ်ကျီလုပ်စားနိုန်ရရေ)*(ခ)တစ်ခါစားလုပ်သော*(အဝေ မင်းလုပ်လားခစွာက နပ်ကျီရာ ရေရှည်အတွက်စိုင်းစား ရဖို့)*

**နံ့ု**–ကိုယ်ရှိပြားရောဂါ(နံ့ုနာ)

**နုံးချင်း**–တစ်ယောက်ထည်း/ လုံးချင်း။

**နိုပ်**–ဘုန်းကံနိမ့် လားသည် *(ယောကျ်ားချေ ဆိုကေ ထမီတန်း အောက် မဝင်ရ နိုပ်တတ်တေ)*

**နို့သက်ခံ**–အသနားခံ ၍နိုန်သည်/ အခွင့်အရေးမျှော်ကိုး၍ နိုန်ထိုင်သည် *(လူဆိုးလူဗာလ တိဘက်မှာတော့ခါ နို့သက်ခံလို့ မနိုန်နိုင် ဝေး)*

**နို့မြက်**–မိခင်မှာနောက်ကိုယ်ဝန်ရှိလို့ နို့စို့အချေ နို့ဖြတ်လိုက်ရသည်။

**နီး**–ပစ္စည်းချိုင်ဖို့ အတွက်ဝါးကို ပပါးချေလွှာထားရေ ဝါးအလွှာ။

**နှင်း**–(က)ဆီးနှင်း(ခ)ဖေချာ/ အဖိုးတန်ရတနာ/ အဖိုးတန်ပစ္စည်းတိပီး လို့သမီးကိုတောင်းသည်*(ငါ့သမီးကို လိုချင်ကေရှေ့ ငါးဆယ်သား နှင်းရဖို့)*

**နှစ်ဘက်ကာသား**–လက်နှစ်ဘက်နန့်*(လူကြီးကို လက်နှစ်ဘက်ကာသား နန့်ပီးရရေ)*

**နှုတ်ကျက်**–(အာဂုံဆောင်သည်) အလွတ်ရအောင်ကျက်ထားသော။

**နှုတ်ဆွ**–စကားပြောသွက်လက်သည်*(ဆရာမီးကေ နှုတ်ဆွဆွနန့်ပြေလီ)*

**နပ်ပစ်ခံ**–လူတကာဘက်မှာကဲ့ရဲ့ခံရသည်*(မင်းက သူတပါး သားမယား ကို ကျူးလွန် ခီကေ လူတိုင်း ဘက်မှာ နပ်ပစ် ခံရရေနှင့်ရာ)*

**နပ်သီးတန်**–(ကြိုးကွင်ထပ်ချဉ်နည်း)ကြိုးကွင်းနှစ်ထပ်ချိုင်နည်း။

**နမ်း**–(က)ဆီထွက်တေအစိချေတစ်မျိုး (ခ)ရှူးအသော*(အေကလေ တစ် ကောင် ကကောင်းပင် နမ်းရေကာ /အရှူးအနမ်း)*

**နှုန်း**–(က)တုပြိုင်သည်/အတုယူသည်*(မောင်ဖြူလုပ်တေ အနှုန်းနင်လေ့ လုပ်ကြည့်ပါလား)*(ခ)ငါးချက်စွာမှာထည့်ရေ အနံ့ပြင်းရေအပင်ချေ တစ်မျိုး(ပင်စိမ်း) (ဂ)တန်ဖိုး /အတိုင်းအတာ /အရေအတွက်သတ် မှတ်ချက်*(လူတစ်ယောက်ကို ဖေချာ တစ်ရာနှုန်း ပီးလိုက်)*

**နပ်**–(က)နှာခေါင်းက ထွက်တေပျစ်ချွဲ အရည်(ခ)ရက်ကန်း ခြည်မျှင်။

**နပ်ချီးတန်း**–(သူငယ်တန်း) အချေတိကိုစာ စ'တင်သင်ကြားရေအဆင့်/ အစကနိန် သင်ကြားခြင်း။

**နိမ်း**–(လိမ်းကျံသည်)မျက်နှာမှာ ကျိုင်သည် *(သနပ်ခါး နိမ်းသည်)*

**နွဲ့**–(က)(အခွံလဲသည်)ဂဏန်း/ပဟပ်/မြွေ ရို့အရီခွံလှယ်ခြင်း(ခ)လီမှုတ် ဒူရိယာ(နှဲ)

**နွားစားသရက်**–အလေ့ကျပေါက်နိန်ရေအပေါ်စားသရက်/သရက်သီး။

**နော်နော်သီး**– စားရသောသစ်သီးတစ်မျိုး။

**နော်ရာအိုး**–(နှုတ်သီးရှည်ကရားတစ်မျိုး) ကုလားမတိ သန့်ရှင်းရေး အ တွက်သုံးရေ နသွီးရှည်ရီဘဲ။

**နော်ရောင်**–အသုံးမကျရေလူ*(အားကိုးရဖို့လားလို့လင်တစ်ကောင် ယူခီ ပါရေ နော်ရောင် နန့်ကျရေ)*

**နောက်ဖေးလား**–(ဝမ်းသွားသည်)ချဖေါင်သာတက် /ဝမ်းလားသည်။

(ပ)

**ပကာ**–(အကာ)သစ်တုံးတစ်တုံးကခွဲထုတ်ထားရေ အပြင်ပိုင်း အကာ။

**ပကားရပ်**–(ခြေကားရားရပ်သည်)ခြီကားလို့ရပ်သည်။

**ပကျောက်ကျ**–(အပြစ်တင်ခံရသည်)အပြစ်တင်ခံရ/အဆဲအဆိုခံ ရသည် *(အကောင်လုပ်ပီးလို့ အကောင်းမကျ မျက်နှာမရ ပကျောက်ကျ)*

**ပခပ်နခပ်**–(ကပျာကရာ)ပရှူးနရှူး/ကဗျာကရာ*(ထမင်း တစ်လုပ်နှစ်လုပ် ပခပ်နခပ် စားလိုက်မေ လမ်းမှာစားဖို့ အချိန်မရ)*

**ပချဲ့နချဲ့**–(ပျစ်ပျစ်နှစ်နှစ်)အပိုအဆာပါထည့်လို့ အခြင်းပြောသော။

**ပချိတ်**–ပါးအောက်ပိုင်း အရိုးနိန်ရာ*(ပချိတ်ကို ထိုးပလိုက်စွာ မိတ်ရိုးပါ ကျိုးလားခရေ)*

**ပခွပ်–(**က)ရွဲ့စောင်းနိန်ရေအသီး (ခ)ပါးမှာ ဒဏ်ရာအနာရွတ် ရှိရေလူ။

**ပဂန်ဒရ**–(လိပ်ခေါင်း)စအိုအူကျရေရောဂါ*(ပဂန်ဒရ မောင်တူ တစ်ညည့် တည်းမှာအပြင်းယူ မောင်တူမိလေ မယားလေ ထပါဖိလေ---- )*

**ပဂေး**–အထိပ်အခေါင် *(အေရွာမှာ ဆိုကေ အေကလိန့်မေ ပဂေးဗျာလ်)*

**ပဂြေအုံ**–(သစ်ဆွဲပျား) သစ်ပင်တိ/အိမ်တိမှာ တွဲလောင်း အိမ်ချေဖွဲ့လို့ နိန်တတ်တေ ပျားချေတစ်မျိုး။

**ပဂျင်း–(ကက)**(ငါးပူတင်း) အန္တရာယ် တွိကေ ဗူးချေတိပါရေ ဝမ်းကို ပူပလိုက်တတ်တေ ရီငန် မြစ်ငါးချေ တစ်မျိုး (ခ) သွားခေါရေလူ။

**ပ’စား**–အထူးအခွင့်အရီးပီးသည် *(စာမီးပွဲ ကပ်နိန်လို့ ပ’စားပီးထားစွာ)*

**ပဆိတ်ပစ်**–(ကြွေအံပစ် ) ကြွီပစ်တန်း ကစပ်သည်။

**ပဓာယန**–(လောကဝတ်)စိတ်ပါပါ မပါပါတဘက်သားကိုဖော်ဖော်ရွေရွေ ပြုမူဆက်ဆံခြင်း*(ရခိုင်သားတိမှာ ပဓာယနလုပ်ဖို့က မတတ်ကတ်)*

**ပဓိကိုက်**–ဒေါသဖြင့် အောက်နခွမ်းကို ကိုက်ထားသည်။

**ပဓောင်–(**က)ပါးအောက်ပိုင်း (ခ)ဓာပုံဓာနည်း *(ပဓောင်လဲမောင်းမောင် လာဖို့ဆို ပြီးကေ မလာပါကာ)*

**ပဖိုင်း**–(ပုစဉ်း) တောင်ပံနှစ်စုံနဲ့ ပျံတတ်တေ ပိုးကောင်ချေ။

**ပတကိုးသိန်း**–အလွန်များပြားသော *(ဆန်လှူဖို့ ဆိုလို့ ပတ ကိုးသိန်း လာလိုက်ကတ်တေ လူတိဆိုစွာမှာ ဆန်တောင် ပြတ်လခရေ)*

**ပတုံး–(**က)ပန်းဝတ်ရည်စုတ်တေပျားမဲ (ခ)(အမြီး)မတုံး*(နွားပတုံး)*

**ပတူးမှုတ်**–ကျွဲဂြို /ဝါးပြောင်း/ပိုက်စသည်ရို့ကို (ပ၈) ပါးစပ်မှာတေ့ပြီး ကျယ်လောင်စွာမှုတ်သည်*(မြစ်ဆိပ်က ပတူးမှုတ်သံကြားရေ ကုတို့ လောင်း ထွက်ဖို့ဗျာလ် အယင်လုပ်ကတ်)*

**ပဒကြော**–(ပဒဲကော)ဟင်းရည်ကြိုရာမှာထည့်ရေ ဆီးဘက်ဝင်အပင်ချေ။
**ပဒရီ**–အရှက်လုံရုံဝတ်ထားရေခါးဝတ် *(မင်း စကားပြောနိန်စွာက ဖင်နန့် ပဒရီ လွဲနိန်ရေ ပိုင်ကာ)*
**ပဒရပ်**–(မတ်မတ်ရပ်သည်) ရပ်စောက်ရပ်သည်။
**ပဒေါကြော်**–ပျော်ရွှင် ကျယ်လေင်စွာ သံပြိုင် ကြွေးကြော်သံ *(သံတရာ ပြိုင်လောင်း အလံရလို့ ပဒေါကြော်ကြော်ပနာ ပြန်လားကတ်ယင့်)*
**ပဒေါင်း**–(ဖူးတောင်း)ဖူးသီးအခွံနန့်လုပ်ထားရေရီဖူး(ခ) နွာဂါရီစက်သီး က(မဏ္ဍိုင်)နားတောင်း။
**ပပစ်နနစ်**–သေသေချာချာ/ ဂရုတစိုက်/ အားရပါးရ *(ထမင်းကို ပပစ်နနစ် စားကတ် ထမင်းစားယင့်ပင်း သေးမနိန်ကေ့)*
**ပပါး**–(ဆွံ့အနားမကြားသူ)မွီးရာပါနားမကြားလို့စကားမပြောနိုင်သူ။
**ပပိတ်သသိပ်**–သေသေသပ်သပ် *(အေကလိန့်မေချေ ကကောင်း ပပိတ် သသိပ် နိန်တတ်တေ မမ သားနန့်နစပ်ရဖို့)*
**ပပန်း**–(ပိုးနသန်ကောင်)ခြီထောက်အများကြီးနန့်ကင်းပိုင် အကောင်။
**ပဘက်ပျို**–(အရက်အလွန် မူးနေခြင်း)လမ်းမလျှောက်နိုင်အောင် အရက် ယာဓ်နိန်သည် *(အဘက်ကြီးပျိုပနာ အိမ်ကို လာလည်ရေ)*
**ပဘိယို**–အလွန်ပျော့သော/ အလွန်အိုသော။
**ပယိန့်**–(လက်ဆွဲခြင်းငယ်) ပစ္စည်းထည့်ရေ လက်ဆွဲ ခြင်းတောင်းချေ *(စျီးပယိန့်ထဲမှာ ကြက်သွန်တိ ငရုပ်သီးတိ ကျန်ရှိလီဖို့သိ)*
**ပရပိုက်ခေါက်**–(ခ)ရွှေအစင်(၁၆–ပဲရည်) (ခ)သတ္တုအစင်။
**ပရံလူ**–(လူစိမ်း)သွီးသားတော်စပ်ခြင်းမရှိသူ *(အမျိုးသားချင်း သွီးကွဲကေ ပရံလူ ဝင်လာဖို့ဒေ)*
**ပရဲထိုး**–(မျက်နှာတွင်စုတ်ဆေးထိုးသည်)မျက်နှာမှာ ဆီးရောင်စုံ တိနန့် အကွက်ဖေါ်မှင်ထိုး အလှ ဆင်သည် (ချင်းရိုးရာဓလေ့တစ်ခု)
**ပရှူးနရှူး**–ကဗျာကရာ *(ငါ့ကိုတချက်ချေစောင့် ထမင်းချေ တလုပ်နှစ်လုပ် ပရှူးနရှူး စားပလိုက်မယ် လမ်းမှာ စားနိန်ဖို့မရ)*
**ပပရောင်**–မလုပ်မကိုင် ထိုင်နိန်သည် *(ပပရောင်လို့ရာ ထိုင်နိန်ရေကာ)*

**ပ’လို့**–(ကျော့လို့)ပပစ်နနစ်ကျကျနန*(ဒန်ခံချေမှာ ကကောင်း ပ’လို့ပင် ထိုင်နိန်ပါရေကာ သျှစ်သောင်းပွဲကို မလားပါလာ)*

**ပလီကိုင်**–ပြိုင်ပွဲဒိုင်လူကြီး။

**ပလီပလာ**–(ပလူ)မိတ်လိုက်ဖို့တွင်းကထွက်လာရေ ခြကောင်တိ။

**ပလောင်ဖေါက်**–(ဖောင်ဖောင်ဖေါက်)ဝါးပိုက်ချေနန့် လုပ်ထားရေအချေတိ ကစပ်တေ သေနပ်ဖေါက်သည်။

**ပလူး**–ရင်းနှီးမှုရအောင် ကျကျိနယ်လို့ကျကျိပပက် လားပြောနိန်သည်။

**ပသိပီး**–(ဆုတောင်ပေးသည်)ပဓ(ပါးစပ်)ဖြင့်ဆုတောင်းပီးသည် *(သီလရှင်မကို ဆန်လှူရေ လေ ပသိ အရှည်ကြီး ပီးပါအုံးသိ)*

**ပဟပ်ပွင့်**–ကြိုးမျှင်ထွက်တေ အပင်ချေကပွင့်ရေ အပွင့် (ဂုံလျှော်ပွင့်)

**ပါကျ**–(က)ခွင့်ပြုချက်ရသည် *(ပွဲကဖို့ ပါကျဗျာလ်)* (ခ)မတတ်သာလို့ ဝန်ခံ လိုက်ရခြင်း/တိုးလျှိုးတောင်းပန်လိုက်ရသည်*(ယင်းသူကောင်း ကောင်းကြီးကျယ်နိန်စွာ ဆရာကြီးနန့်တွိမှပါကျ လားခရေ)*

**ပါခံ**–ခွင့်ပြုချက်တောင်းသည်*(ဓာတ်ကဖို့ဆိုကေ ဂါရာမှာ ပါခံခီကတ်)*

**ပါချေ**–(က)ပဆိတ်(ကြွေ)ကစပ်ရာမှာနှစ်ကွက်ထဲ ရှိရခွင့်ရရေ ကျကွက် (ခ)လူကြီးနဲ့ပူး တွဲပါ လာရေ အချေ /လူရာမဝင်သိရေ အချေတိ။

**ပါဒ**–အပြီးသတ်မဟုတ်သိရေ ဝါကျအပိုင်း/လုပ်ငန်းကဏ္ဍတစ်ကန့်။

**ပါနိဝါလာ**–(က)(ရေသည်ကုလား)ရီလိုက်ပို့ရေလူ (ခ)ရီရောထားသော *(နင့်နွားနို့က ပါနိဝါလာ ရာ)*

**ပါရ**–ခွင့်ပြုချက်ရသည်*(ဘုရာပွဲလုပ်ဖို့ ပါရလာရေ)*

**ပါရာ**–(က)(ကြွေကစားကွက်)ကြွေစိအားလုံးလန်နိန်လို့ဆယ့်နှစ်ကွက် ရှိရရေ ပဆိတ်ကွက်(ခ)အရှုံး ကြီးရှုံးခြင်း *(အားလုံး ပါရာ ကျလာရေ /အားလုံး ပက်လက်လန် လားခရေ)*

**ပါး(ကြီ)**–(က)ကမ်းကပ်သည်(*ဘုတ်ကို ဓာနားမှာပါးရဖို့လဲ*)(ခ)ပါးနပ်သည်*(အေကလေချေ ကကောင်းပါးရေ)*(ဂ)ပါးပြင်*(ပါးမှာသနပ်ခါး တိနှိမ်းထားရေ)*(ဃ)မထူသော*(ကြက်သွန်ကိုပါးနိန်အောင်လှီးလိုက်)* (င)မဝီးသော*(သျှစ်သောင်းဘုရားနန့်ထုက္ကန့်သိမ်အပါး ချေပါရာ)*

**ပိစိကလောင်**–အလွန်ငယ်သော*(ဝက်အူ ပိစိကလောင်ချေတစ်လုံးထော)*
**ပိညောင်**–ပိစိကလောင်ချေ/ အငယ့်ချေ။
**ပိထိုင်**–နိမ့်သော/ ပုသော*(အိမ်ချေတစ်လုံးပိထိုင်ချေဆောက်ထားရေကာ)*
**ပိဘိ**–(အလွန်)နန့်ုး*(အိမ်တစ်ဆောင်ပိဘိအငယ့်ချေရာ ဆောက်ထားရေ)*
**ပု**–(ပြေးသည်)အပြင်းထွက်ပြီးသည် *(ကြက်ခိုးဖို့ လားခီစွာ အိမ်ရှင်နန့် တွိလို့ ပုပါလတ်ကတ် တေ)*
**ပုဆိုး**–(စောင်)အချမ်းလုံအောင်/ လုံခြုံအောင်ခြုံရရေ ခြုံထည်။
**ပုလဲ**–(က)မုတ်ကောင်က ရရေ အဖြူရောင်ရတနာ (ခ)မိတ်သလင်ပင်။
**ပုလဲဆုံး**–(ဝမ်းရေဆာ)မွီးရကျိုးမနပ်သော *(နင့်ကိုမွီးရစွာ ပုလဲဆုံးပါရေ)*
**ပုလဲပေါက်**–(အပြောက်ပြောက်)အစက် အပြောက်ချေတိနန့် ဖြစ်သော။
**ပို**–(က)ပိုမို(ခ)တစ်တောင်း/ တစ်ပုံးစသည်–*ထမ်းညှက်တစ်ပို ဆီးရွက်ပို* (ဂ)ငှက်ထောင် ဖမ်းရေ ကျော့ကွင်း*(ငှက်ကို ပိုနန့်ထောင်ဖမ်းသည်)*
**ပိုထောင်**–ငှက်များကို ကွင်းလျောကြိုးကွင်းနန့် ထောင်ဖမ်းသည်။
**ပိုး**–(က)ပိုးခြည်(ခ)ပိုးပန်းသည်(ဂ)ကျောမှာထပ်တင်သည်(ဃ)ပိုးမွှား။
**ပိုးဇော်ဂျီ**–(နကျယ်ကောင်)ပင့်ကူတိကိုဖမ်းစားတတ်တေ ပျံနိုင်ရေပိုးချေ။
**ပဲခွီး**–အရပ်ပုရေလူ (*လူကပဲခွီး ပြောကေ ကြကြီးကျကျယ်)*
**ပက်ကြု**– တစ်ခုခုကြောင့် လန့်လားရေခါ လပြာမရှင့် အောင်ပြောရရေ စကား (ရင်ဖတ်ကိုလက်နန့်ဖိလို့ –––– *ဖျို့–ပက်ကြု )*
**ပက္ခ**–လတစ်လ၏ (၁၅)ရက်တစ်ကန့်–လဆန်း(၁)ရက်မှ (၁၅)ရက်ထိ လဆန်းပက္ခ–လဆုတ်(၁) မှ (၁၅) လဆုတ်ပက္ခ *(ရခိုင်– ပက္ခဒိန်)*
**ပက်ခုံး**–(ပခုံး)လူတစ်ယောက်၏ ဦးခေါင်းတစ်ဘက်တစ်ချက်ရှိ လက် မောင်းရင်း အထက်ပိုင်း *(ပက်ခုံး နှစ်ဘက်ကြား ခေါင်းပေါက်)*
**ပက်ခွပ်**–(ရွဲ့စောင်းနေသော)ယွေ့နိန်စောင်းနိန်သောအသီး *(မင်းသရက် သီးက ပက်ခွပ်ရာ စားလို့ပင် ကောင်းဖို့မဟုတ်)*
**ပင်(ကြိ)**–အဆုတ်ရောဂါကြောင့်လိုင်ခြောင်းမှတရှီးရှီးမြည်သည်*(ပင်နာ)*
**ပင်လယ်ပင်စွပ်**–(ဝင်ကစွပ်)ပင်လယ်နားတိမှာ သူများခရုခွံတိမှာဝင်နိန် တတ်တေ အကောင်ချေ*(ပင်လယ်ပင်စွပ် ကပိုင်ရွာမှာလီသွတ်သွတ်)*

**ပင်းကန်**–(က)(လော့်တက်ကြီး) နောက်ပြန်ဆွဲလို့ လော့်ရရေ တက်ကြီး (ခ)ပြိုင်လောင်းတိမှာ လောင်းလော့်သားတိထိုင်ဖို့လုပ်ထားရေတန်း *(ကိုးစပ်ကိုးလန် ကိုး ပင်းကန်–သံဂျပ်)*

**ပင်းတန်းခတ်**–လောင်းကိုတက်အရှည်ကြီးနန့်နောက်ပြန်ဆွဲလော့်သည်။

**ပန်ဇင်းငှက်**–(ဒိန်ညင်းငှက်) ရီကန်တိမှာ ငါးရှာစားရေ ငှက်ချေတစ်မျိုး။

**ပန်တရာ**–အချိုးအစား/ လုပ်ပုံပိုင်ပုံစံနစ် *(ယင်းကောင်လုပ်ခီကေ တစ်ခါလေ့ ပန်တရာမလာ–အဆင်မပြေပြေမဖြစ်)*

**ပန်း**–(က)အဆုတ်နာကြောင့်လိုင်ခြောင်းထဲကတရှီးရှီးမြည်သည်(ခ)ပန်းပွင့်(ဂ)ညောင်းသည်(ခရီးပန်း)(ဃ)အဝီးက ကွေ့ပါတ်လို့လာသည်။

**ပန်းကျား**–(နတ်စည်တို) နတ်ခြင်း တီးရေစည်။

**ပန်းချားပွင့်**–အနီရောင်အဆုပ်လိုက်ပွင့်ရေ ဟင်းရည်ကြိုရရေ ပန်းပွင့်။

**ပန်းချေ**–ယောကျ်ားအင်္ဂါဇာတ် *(ပန်းသီ/ပန်းညို)*

**ပန်းစုတ်**–မိန်းမစိတ် ပေါက်နိန်ရေ ယောကျ်ား/ ဂန်ဒူး /မယူမ *(ဂျီပုန်း)*

**ပန်းတူ**–(ဆေးတံ)ဆီးရွက်ကြီးထည့်လို့သောက်တေဆီးအိုး/ မြီဆအိုး။

**ပန်းတျား**–(စဉ်တော်ရှည်)အခမ်းအနားတိမှာ တီးရေစည်(အရှည်)

**ပန်းနီ(အသီး)**–(အခွံ နီရဲ နေသော်လည်း မရင့်မှည့် သေးသော အသီး)

**ပန်းပီး**–(အရှုံးပေးခြင်း) စကားပုစ္ဆာ မီးစွာကို အဖြေ မသိကြောင်း ဝန်ခံသည် *(ငါမသိ ပန်းပီးရေ အဖြေကို နင် ပြန်ပြောပြ ရဖို့)*

**ပန်းဖဲ**–(ပန်းဘဲ) သံထည် အသုံးအဆောင် လုပ်ငန်း/ လုပ်တေလူ။

**ပန်းဝှက်**–စကားပုစ္ဆာမီးသည် *(အဖိုးပြော သွားတစ်ရာ=ခေါင်းဖြီး)*

**ပလ္လင်**–(က)ဘုရားတင်ခုံ(ခ)အုန်းပင်/ ထန်းပင်ထိပ်ဖူးပိုင်း *(ပလ္လင်ထက်ကို ရောက်အောင် တက်ပနာ ထန်းသီးကို အခိုင်လိုက် ခွပ်ချလိုက်)*

**ပုန်းဖြီ**–(ထုတ်တန်း)အိမ်ဆောက်ရာမှာပုန်းလျားအထက်က ထပ်တင် ရရေ သစ်သားတန်း။

**ပုန်းရည်**–(အချဉ်ရည်)အသီးတစ်ခုခုနန့်ချက်တေ ချိုင်ရေသောက်။

**ပိုင်**–(ကဲ့သို့)*(ယင်းပိုင်တစ်ချက်မပြောကေ့/ ယင်းပိုင် မလုပ်ကတ်ပါကေ့)*

**ပျပျက်**–မဖုံးအုပ်ဘဲ *(အကျ်ီတိကိုနှင်းပျပျက်နန့် ပစ်ထားကတ်လာ)*

**ပျပျက်သေ့သေ့**–(က)(ပျက်ရယ်ပြု)အရေးမကြီးအောင်/ အရေး မကြီးရေ ပိုင်လုပ်ပစ်သည်*(အရေးကြီးစကားကို ပျပျက်သသေ့ မလုပ်ပစ်ကေ့)* (ခ)ပေါ့ပေါ့ဆဆ*(စကားကို ပျပျက်သသေ့ မပြောကေ့)*

**ပျပျောက်ခုံ**– ပျော်လို့ဖြစ်ဖြစ် / နာလို့ဖြစ်ဖြစ် ခုန်ဆွခုန်ဆွ လုပ်သည်။ *(စာမေးပွဲ အောင်လို့ ပျပျောက် ခုံနိန်ရေ)*

**ပျာ**–(က)ဆားအနည်းငယ် ငံသည်*( မြစ်ရီ တစ်ဆိကေ ပျာလာဗျာလ်)* (ခ)လူကြီးမိဘတိကို သဘောကျအောင်ပြောပြပြီး အခွင့်အရေး ယူသည် *(မြီးတိက အဖိုးသေကို ယင်းပိုင် ပျာစားနိန်ကတ်တေယေ)*

**ပျာလာ**–ထမင်းစားလောင်ပွန်း *(ထမင်း တစ်ပျာလာ ပီးအုံးသိ)*

**ပျင်**–တစ်ခုခုလုပ်သည်*(ဇာပျင်နိန်ပါလေအစ်ကို– ဇာလုပ်နိန်ကတ်လေ)*

**ပျစ်–(**က)ကြပ်ညပ် ဖိကပ်နိန်သော *(လူထပ်မတင်ကေ့ဖိ ကားထက် မှာ လူတိပျစ်နိန်ဗျာလ်)*(ခ)စီးထန်းနိန်သော*(ထမင်းရည် ပျစ်နိန်ဗျာလ်)* (ဂ)အပျစ်လုပ်သည် *(အကျွန်ရို့ အုန်းနှက်ဖက် ပျစ်နိန် ကတ်ပါရေ)* (ဃ)အသားငါးတိကင်ဖို့ ကြကြားချေနှစ်ထပ်ရက်ထားရေ ဝါးကပ်။ *(ပုဇွန်ချေကို ပျစ်နန့် ကင်ထားရေ စားကောင်းထမန်း)*

**ပျို့–(**က)အန်ဖတ်မထွက်ဘဲလီအန်သည် (ခ)အဆီစားလို့များ အ'သည်။ *(ဝက်သားအဆီစားစွာများလို့ပဇ ပျို့လားရေထော)*(ဂ)ကဗျာလင်္ကာ တစ်မျိုး *(ကော်ကော်နှပျို့)*

**ပျိုင်း–(**က)ချိုးဖို့မလွယ်သော*(မှင်းကျိုးသား ကကောင်းပင်ပျိုင်းရေကာ)* (ခ)သွက်လက်မှု မရှိသော *(အေသူ အလုပ်ကကောင်း ပျိုင်းရေ)*

**ပြပြိတ်ချေ**– (ပါးပါး လှီးထားသော) အငယ်ချေ/ပပါးချေ *(နံနံပင် ကို ဒါးနန့် ပြပြိတ်ချေ တွာထားလိုက်)*

**ပြပြောင့်သသား**–(က)အဆင်ပြေပြေ*(အားလုံး ပြပြောင့်သသားကျကတ် ယင့်လား)* (ခ) ရိုးရိုး သားသား*(အားလုံးသူ ပြပြောင့် သသားလုပ် ကတ်ကေ အဆင်ပြေနိုင်ပါရေ)*

**ပြား**–(က)(မြေနိမ့်ပိုင်း) ရီဝပ်တေမြေနိမ့်ပိုင်း (ခ) ဖဇင်းဝပ်သည်။

**ပြားချေ**–(ကျပ်တန်) တစ်ပြားတန်ဖေချာ။

**ပြားဆတ်**–(ဒရယ်)တောအစ/ပြားပြင်တိမှာကျက်စားတတ်တေ ဒရယ်။
**ပြီ**–ကြိတ်ကြိတ်တိုးဖြစ်နိန်သည်*(ဘုန်းကြီးပျံပွဲမှာ လူတကာ့လူ ပြီနိန်ရေ)*
**ပြီ**–(ပြေ) ချိုင်နှောင်ထားစွာ ပြုတ်လားသည်*(ကြိုး ပြီလို့ ရီထဲမှာလောင်း မျိုးပါလ ခဗျာလ်/ဒယောပြီနိန်ဗျာလ်)*
**ပြွီ**–(ပုလွေ)ပလွီ/ခြီးခြောင်း။
**ပြု**–(က)ပစ္စည်းစုံဝယ်သည်*(စျီးပြုသည်)* (ခ)ဒုက္ခရောက်အောင် ပြုစားသည်*(စုန်းပြုသည်)* (ဂ)ပြုမူသည်*(မြေပြုလို့ ထိုင်ရေ)*
**ပြုံးသိပြုံးသွင်**–သဘောကျလို့ ပြပြုံးချေ လုပ်နိန်သည်။
**ပြင်ပေါက်**–လူစွမ်းလူစရှိသည်/ ရုံးပြင်ကနား ပေါက်ရောက်သည်။
**ပြင်ပေါ်ရီ**–(အပေါ်ရံ) အပြင်ရီ /စိတ်မပါဘဲ လူမြင်ကောင်းရုံဖြစ်သော။
**ပြင်လကောင်**–လယ်ကွင်းပြင်။
**ပြင်သာလိပ်**–ပင်လယ်လိပ်ကြီး။
**ပြင်း**–(က)အလွန်လျှင်မြန်စွာ*(အခုသေကြောင့်က မြင်ခသိ ရေအခု သီဗျာလ် ကကောင်းပင်ပြင်းရေကာ)*(ခ)အရှိန်များသည်*(လက်သံ ပြင်းရေ)* (ဂ)အာနိသင်ကြီးသည်*(အရက်ပြင်းရေ /ဆီးပြင်းရေ)*
**ပြတ်**–(က)အသားကိုဒါးနဲ့လှီးမိသည်*(ဒါးပြတ်တေ)*(ခ)စျီးလျှော့ပီးဖို့ပြောသည်*(စျီးပြတ်သည်)*
**ပြိုင်တောင်မွိ**–ဟင်းချက်စားရေအပင်ချေတမျိုး(ဖလံတောင်ဇေုး) ။
**ပြိုင်း**–**(က)**(ထိုးထိုးထောင်ထောင်ဖြစ်သော)*(ဝင်ထိုင် ကတ်လေ ဇာဖြစ်လို့ အပြိုင်းပြိုင်းရပ်နိန်လေ)* (ခ)သစ်မာတစ်မျိုး*(ပျဉ်းကတိုး)*
**ပြိုင်းပေါက်**–(ကလေး မတ်တပ်စမ်းသည်) အချေ ရပ်စောက် ရပ်တတ်လာသည်*(ထိုင်တတ်တေ တွားတတ်တေ ပြိုင်းပေါက် ပါလတ်တေ)*
**ပြိန်း**–(က)အရွက်ဖါးဖါးမြေပေါက်ဂမုန်းမျိုး (ခ)အကြမ်းဖျင်း *(အားလုံးပေါင်း ဇာလောက်ကျလေ အပြိန်း တချက် တွက်ကြည့်လိုက်)*
**ပြွန်**–(က)(ပိုက်ချောင်း)ရီပိုက်/ ဆီးပိုက်စသည်(ခ)မြစ်ကြီးနှစ်ခုကိုဆက်နိန်ရေချောင်း။
**ပွစွာ**–အကြီးသန်/အများကြီး *(ကွန်ပစ်လို့ ငါးတိ ရခစွာ ပွစွာလာ)*

**ပွါ**–ရောဂါထသည် *(အရှုးပွါနိန်လာ ကကောင်းမမွန် မနိန်)*
**ပွါချနာ**–စိတ်မပြည့်ရေလူ။
**ပွါစိပ်**–ငါးကျပ်သား/တစ်ပွါ၏တဝက်။
**ပွဲစား**–(က)ဒလာ(ခ)အလှူ မင်္ဂလာပွဲတိကို အားပီးဖို့ လားရောက်သည် *(ပွဲစား လားကတ်တေ ထင်ရေ ဒေါင်ဆင် ထားကတ်တေ)*
**ပွဲပြို**–စီစဉ်ထားစွာတိအားလုံးပျက်လားသည်
**ပွင့်ချင်းတူ**–စရိုက်လက္ခဏာတူသော *(အရက်သမားချင်း ပွင့်ချင်းတူ)*
**ပွင့်ဖြူ**–မရင့်မှည့်ဘဲခူးထားသောငရုပ်သီးခြောက် *(အေတစ်ခေါက်ပါရေ နင့်ငရုပ်သီးမှာ ပွင့်ဖြူတိများရေ အယင်စွီး မပီးနိုင်)*
**ပွတ်**–(က)(ပွတ်တိုက်သည်) တစ်ခုခုဖြင့် အသာအယာချေ တိုးပီးသည် (ခ)(ပေတေနေသည်) သောက်လိုက်စားလိုက် ဆလယာသတ် နိန်သည် *(ယင်းပိုင် ပွတ်နိန်ရေအကောင်ကို ဇာမမ ကပင်ကြိုက်ဖို့လဲ)* (ဂ)အချောကိုင်ထားသောသစ်လုံး *(သစ်သားကို ပွတ် ထိုးနိန်ရေ)* (င)လိမ်းကျံသည် *(အနာကိုဆီးပွတ်လိုက်/ငါးကိုဆားပွတ်ထားလိုက်)*
**ပွန်းချီး**–ကပ်စီးနဲသူ။
**ပိုင်စရာ**–(သွားရေစာ) အပျင်းပြေ /ဝမ်းဆာပြေ စားရရေ မုန့်စသည်။
**ပေစိ**–မျက်စိတိတ်တက်ခတ်နိန်သော *(ဇာလုပ်နိန်လေ မျက်လုံးပေစိနန့်)*
**ပျောကြည့်**–ကျော်၍ ကြည့်သည် *(အပြင်ကိုတချက် ပျောကြည့်လိုက် အချေတိ ဇာလုပ်နိန်ကတ်လေလို့)*
**ပျောင်**–ပိန်ရှုံ့သည် *(ဝါကြီးမ ပါး ပျောင်ပျောင်နန့်/သံပုံးပျောင်လားရေ)*
**ပျောင်း**–(က)ပျိုင်းသော(မှင်းကျိုးကိုင်း ကကောင်းပျောင်းရေ (ခ)ပျော့ပျောင်းနိန်သော *(ကောက်ညင်းပေါင်း ပျောင်းနိန်ရေ)*
**ပြောခဲနက်ဆိုခဲနက်**–ပြောဆိုဆုံးမရ ခက်သော။
**ပြောတွင်းဆိုတွင်း**–ပြောလို့တောင် မပြီးခင်/ပြေနိန်ယင့်ပင်း *(ပြောတွင်း ဆိုတွင်း အိမ်ကထွက်လခ ပြန်ဗျာလ် ရိန့်နာသတ်)*
**ပြောသားအလို**–ပြောရေကြားရေစကားအတိုင်းဆိုကေ။
**ပြောက်တံ**–ရက်ကန်းစင်မှာ သုံးရေ ဝါးတံချေ /အလွန်ပိန် ရှည်ရေလူ။

**ပြောင်းကျိုင်/ ပြောင်းကျယ်**–(မီးပြောင်း) မီးမှုတ်ပီး ရေလီပြောင်း။
**ပေါင်ကျိုတ်ခွါ**–အနာရှိန်ကြောင့် ပေါင်ရင်းတွင် အကျိတ်ထွက်သည်။
**ပေါင်း**–(လေ့အမိုး)လောင်းကြီးရို့ သမ္ဗန်ရို့မှာတပ်တေ အမိုး*(တက်လေး ချောင်းနန့် အပြင်းလှော် မောက်တော်ရှင်မ ပေါင်းထဲက =လိပ် )*
(ခ)ရီငွေ့ဖြင့်ကျက်အောင်ချက်သည်*(ကောက်ညင်းပေါင်း စသည်)*
**ပေါက်နတ်**–ဆရာမပါဘဲအလိုလျှောက် ဖြစ်လာရေ နတ်ကောင်းမ။
**ပွေလာဦး**–အစအဦး ဖြစ်သော*(ပွေလာဦး ကပင် ဘဖြူကို မပါစီကေ့လို့ မင်းရို့ကို ငါပြောထားရေ မလား)*

(ဖ)

**ဖ**–ပစ္စည်းချင်း လဲလှယ်သည်*(မင်းစာအုပ်နဲ့ ငါ့စာအုပ် ဖ ကတ်မေ)*
**ဖကပ်**–(မျောက်လက်)တိုက်တာ/ တန်းခါးရို့ကို သော့ခတ်တေသံကွင်း။
**ဖကပ်သတ်**–(ရိုက်နှက်သည်)ပြားပြား ဝပ်ပါအောင်/ ထရံမှာလူကို ကပ်လို့ တုတ်နန့် သတ်သည်။
**ဖဇင်းမှောက်**–(ဝမ်းလျားမှောက်သည်)မြေကြီးတွင်ပြပြား မှောက်နီသည်။
**ဖပြုတ်ကြွက်စုတ်**–ဆင်းဆင်းရဲရဲ ညညစ်ပပတ်ဖြစ်သော*(အလှူအိမ် ဆိုတိုင်း ဖပြုတ်ကြွက်စုတ် ဝင်ချင်တိုင်း ဝင်လာလို့ မရ)*
**ဖဖုံပစ်**–မလုပ်မကိုင် အချိန်ဖြုန်းနိန်သည် *(ထိုမှာ ကြည့်ထော နင့်အဘ ဖဖုံပစ်လို့ ထိုင်နိန်ယင့်ထော)*
**ဖဖူးကြကြက်**–(ပြည့်ဖေါင်းနေသော)ပြပြည့်ဖဖေါင်း/ ဝဝတုတ်တုတ်။
**ဖဖူးမှုတ်**–အားလုံးကအလိုလိုက်ထားသည်*(သားဦးဖြစ်လို့ တအိမ်လုံးက ဖဖူးမှုတ်ထားရေ)*
**ဖဖူးရောင်**–(ရောင်ကိုင်းနေသော)သီဆုံးလားလို့ရောင်နီသည်*(ဖဖူးရောင်လို့ လာအိပ်နီကေ ထမင်းစားဖို့ ဖေချာ အသူရှာဖို့လဲ)*
**ဖဖတ်သီ**–အလွန်ပန်ပန်းသည်*(ဆယ်မိုင်လောက်ခရီး ခြီကျင်လျှောက်လာရစွာ ဖဖတ်သီပါရေ)*
**ဖရကု**(ဘုရားကု)–ကျန်းမာလာအောင် ဘာသာရေးနည်းနန့် ကုသခြင်း။

**ဖရချီး**–အလွန်ရှားပါးသော*(လူကောင်းသူကောင်း ဖရချီးလောက်ရှားရေ)*
**ဖရိုးဖရာ**–(ပေါက်တတ်ကရ)အစီအစိုင်မကျ/ အခိပ္ပါယ်မရှိသော*(မသိဘဲ နန့် ဖရိုးဖရာ လာပြောမနီကေ့ ပြဿနာ တက်မယ်)*
**ဖလာလီ**–(ဖလံနယ်)အမွှီးပွဆောင်းဝတ်ထည်*(ချမ်းရေဖလာလီအကျီ ယူခ)*
**ဖလာသတ်**–ကန့်လန့်လုပ်သည်။
**ဖလီ**–(ချိန်ခွင်)အလီးချိန်ရေကရိယာ။
**ဖါချုပ်ကေ**–ဆင်းရဲလို့ ဖါနန့်ချုပ်လို့ နိန်ရရေလူ/ ငမွဲ။
**ဖါထည်**–(ဖါထေးထားသော အထည်)နဂိုထက် ဖါထား ရေနီရာက များ နိန် ရေ အဝတ်အထည်။
**ဖာထမ်း**–ရွာတကာကိုလှည့်စီးရောင်းရေလူ/ အခြေတကျမရှိရေလူ။
**ဖါသားချ**–(ကြားဝင်ထိမ်းသိမ်းပေးသည်)အချင်းချင်း နားလည်မှု မလွဲရ အောင် ကြားကဝင်လို့ထိမ်းပြောပီးသည် *(နင်ရို့လင်မယားကြားမှာ ဖါသားချ ပီးရစွာ မလွယ်)*
**ဖာသိဖာသာ**–ကိုယ်နဲ့ မဆိုင်ရေ ပုံစံမျိုး နိန်ခြင်း။
**ဖါး**–ဖေါင်းကားနီသည်*(ဝမ်းဖဖါးနန့် နင့်လင် လာနီရေ /ချက်ဖါး)*
**ဖါးကရား**–ကိုရိုးကားရားလုပ်တတ်သော။
**ဖါးခံ**–(တုံးခုသည်)သစ်သားတန်းကို တဆိကေ မြင့်လားအောင် တုံးချေ တစ်ခု ခုပီးသည်။
**ဖါးချခွ**–လုပ်သမျှရှုံးဖို့ လက္ခဏာ*(ယင်းသူ့မှာ ဖါးချခွ ပါရေ လုပ်သမျှ အဆင်ပြေဖို့မရှိ)*
**ဖီးကျ**–မကောင်းမှု ဘေးဒဏ်ကို သားစိုင်မြီးဆက် ခံရသည်။
**ဖီးသင့်**–အတိတ်က လုပ်ခရေ မကောင်းမှုဒဏ်ကို ခံစားရသည်။
**ဖုံဆီဖုံဆိုး**–စုတ်စုတ်ပြတ်ပြတ်ဖြစ်သော*(ဖုံဆီဖုံဆိုး လားနိန်ကေ အဖသေ ကို လူအားမနာ ပွဲစားလားကေ ဘရသျှတ္တာချေ ဝတ်လို့ လားလီ)*
**ဖုံဆိုး**–အမှိုက်သရိုက်များ။
**ဖုံပြာသတ်**–အရှက်နဲသော*(မျက်နှာ ဖုံပြာသတ်လို့ အိမ်ပြန်လာရေကာ)*
**ဖုံပြို**–(အစီအစဉ်ပြိုပျက်သည်)အစီအစိုင်အားလုံး ပျက်လားသည်။

**ဖိုးသိုးဖသာ**–ရင်တလှပ်လှပ်ခုံနိန်သော*(ရည်းစားနန့် တွိရဖို့ဆိုလို့ ရင်ထဲမှာ ဖိုးသိုးဖသာ ဖြစ်နိန်ရေ)*

**ဖုတ်တိုက်**–တဆီတိကိုမွီးစပ်ထားပြီးကေ သူတပါးကို ဒုက္ခပီးခိုင်းသည်။

**ဖုတ်ထုတ်**–ဝင်ပူးနေသော ဖုတ်ကောင်အား ဆရာဖြင့် ပြန် ထုတ်သည်။

**ဖုတ်ဝင်**–(က)သီဆုံးပြီး လူခန္ဓာထဲကို ဖုတ်ခေါ်တဆီဝင်ပူးပြီးလူကောင်းပိုင် နိန်ထိုင်သည် (ခ)အစားအလွန်ကြီးသော *(စားရေလား ဆိုစွာမှာ ဖုတ်ဝင် ဝင်လို့)*

**ဖက်ခံ**–ရင်းနှီးအောင်လုပ်ယူသည်*(သူ့ငွေးကို ဖက်ခံထားမှ ဖေသာမသေချီးလို့ ရနိုင်ဖို့)*

**ဖက်ချေ**–ငါးလိပ်ကျောက် ပေါက်စချေ။

**ဖက်ဆလိပ်**–(ဆေးပေါ့လိပ်)ဆီးရွက်ကြီးနန့် ဆီးရိုးတိကို သနပ်ဖက်နန့် လိပ်ထားရေ ဆီးလိပ်။

**ဖက်လံစူး**–(ခရာဆူးခြုံ)ရိုင်မှာပေါက်တေအရွက်မှာစူးပါရေသစ်ပင် ချေမျိုး *(ဆလီခြုံ)*

**ဖက်နွှန်း**–ပြိုင်ဆိုင်သည်*(အရူးနန့် ဖက်နွှန်းလို့ ရန်ဖြစ်နိန် ကတ်လာ)*

**ဖက်လိပ်**–နားမှာပန်ရေရွှေပြား/ ငွေပြားအလိပ်ချေ *(ဖက်လိပ်နားတောင်း)*

**ဖက်လိုင်စိုင်း**–(လောက်သေရွက်)အရွက်မှာ လည်ပင်းငယ်နိန်တတ်တေ ခြုံပုတ်ပင်ချေ။

**ဖင်ကြောတင်း**–ဘဝင်မြင့်နိန်သည်*(မော်တော်ဂါရီချေ တစ်စင်းရှိလို့ အေသူ ကကောင်း ဖင်ကြောတင်း နိန်ရေ)*

**ဖင်ခေါင်းကျယ်**–အပြောကြီးရေလူ။

**ဖင်ချိတ်တိုက်**–(က)(ကြိုးပေးသည်)ကြိုးပီးကွပ်မျက်သည်*(ဆဒမ်ဟူစိန် ဖင်ချိတ်တိုက် ခံရရေ)*(ခ)ကြက်/ ငှက်/ ငါးရို့ကိုတန်စုတ်ထိုး မီးကင်သည် *(ချက်ဖို့ အိုးကမရှိ ဖင်ချိတ် တိုက်လိုက်ဖိ)*

**ဖင်ဆီ**–သတ္တိ *(ယင်းသူ သချိုင်းကို တစ်ယောက်ထဲလားဖို့ ဖင်ဆီမရှိ)*

**ဖင်ပူမာဒရာ**–(အမြန်လိုနေသည်)မနိန်နိုင်မထိုင်နိုင် အလျင်လိုနိန်သည်။

**ဖင့်**–ကြန့်ကြာသည်*(အေသူ တစ်ကောင်လုပ်စွာ ကကောင်း ခရီးဖင့်ရေ)*

**ဖန်ဒါဂျီ**–ယာယီသုံး/ တစ်ခါသုံးဖြစ်သော*(အေမိုးတွင် မှာနိန့်ဖို ဖန်ဒါကျီ အိမ်ချေတစ်လုံး ဆောက်လိုက် နောက်မှ တိုက်ဆောက်ကတ်မေ။*
**ဖြဖြိုးသသီ**–ပေါပေါများများဖြစ်သော*(ဘုန်းကြီးကျောင်းမှာအလှူနန့်တွိ လို့ ဖြဖြိုးသသီ ကျလာရေ)*
**ဖြဖြောင်းဆာ**–အသံတဖြောင်းဖြောင်းမြည်လို့ *(သစ်ကိုင်း ဖြဖြောင်းဆာ လို့ကျိုးကျလားရေ)*
**ဖြားဆီတက်**– ဖြားရီပြန်တက်စ အခါ ရီပြင်မှာ အဆီတိပေါ်လာသည်။
**ဖြားတိုင်**–မြစ်ထဲမှာ ဖြားရီအတက်နန့်အကျကြားမှာရီမလားဘဲတန့်နိန် ရေ အချိန်တိုချေ။
**ဖြားပြင်**–(လတာပြင်)ဖြားကျလားရေအခါ ပေါ်လာရေကျုပ်ပြင်(နုံးပြင်)
**ဖြားသီ**–(ဒီရေ အတက်အကျ နေးခြင်း) ဖြာအတက် အကျ ကြာခြင်း။
**ဖြားသီရက်**–လဆန်း /လဆုတ် (၁၀) ရက်နိန့်။
**ဖြိန့်**–(ထုံကျင်)ကိုယ်ခန္ဓာ တစ်နိန်ရာရာမှာ ဓါတ်လိုက်တေပိုင်ကျိုင် နိန် သည်*(ကင်းကိုက်လိုက်စွာ လက်ထိပ်မှာ ဖြိန့်ဖြိန့်နိန် ဖြစ်နိန်ပါရေ)*
**ဖြိုး**–(က)ဆူဖြိုးသည် (ခ)အကျိုးအများကြီးရှိသည်*(ဖေချာတစ်ထောင် နန့်ရင်းလိုက်စွာ တစ်သိန်းလောက် မြတ်လို့ကကောင်းဖြိုး လာရေ)*
**ဖြုံး**–အကျိုးမရှိရေနိန်ရာမှာ သုံးပစ်သည်(ရီတိကို အလကားဖြုံးမပစ်ကေ့)
**ဖြုံးစာပိုက်**–ဖေချာတိ ဖြုံးတီးပစ်တေလူ*(ငါ့လက်ကောက်ကို ယူလို့ ချဲ ထိုးပစ်တေ ဖြုံးစာပိုက်)*
**ဖြူ**–(က)(မိုးပက်)အိမ်အမိုးအောက်ထိ မိုးရီပေါက်ကျသည်*(ထိုမှာ မိုးဖြူ နိန်ရေ ပြတင်းပေါက်ပိတ်လိုက်)*(ခ)ခန္ဓာမှာ ဆူးအရှည်ကြီးတိပါရေ တွင်းနန့်နိန်ရေသတ္တဝါ (ဂ)အဖြူရောင်။
**ဖြူး**–အထက်ပေါ်ရီချေ ကြဲချသည် *(လယ်မှာ မြေသြဇာ ဖြူးနိန်ရေ )*
**ဖြတ်**–(က)နာကျင်လို့လူးလိမ့်နေသည်*(ဖေချာခိုးလို့လတ် သားကိုသတ် ထားစွာ နန်းဖြတ်နိန်ရေ)* (ခ)ဖြတ်တောက်သည်*(ထင်းဖြတ် တေ)* (ဂ)တစ်ခုခု ကိုစွန့်လွှတ်သည်*(ဆီးလိပ်ဖြတ်/အရက်ဖြတ်သည်)*
**ဖွါ**–(မီးမွှေးသည်)မီးတောက်အောင်လုပ်သည်*(မီးဖွါနိန်ရေ)*

**ဖွါး**–(သေသေသပ်သပ်မဟုတ်သော)ပပိတ်သသိပ်မရှိသော*(အေကလိန့်မေ ကကောင်း ဖွါးရေ ဖေသာကိုပီးမလောက်)*

**ဖွဲရာကျ**–ဆင်းရဲမွဲတေလားသည်*(ဖွဲရာကျမှာ မွဲချင်လို့ ချဲထိုးနီပြန်ဗျာလ်)*

**ဖွတ်–(က)**(စိစိညက်ညက်ကြီအောင်ထုသည်)*(ဖွတ် သတ်ပလိုက်တေ)* (ခ)တွားလားသတ္တဝါတစ်မျိုး။

**ဖွတ်ခေါင်းဆို့**–အသုံးမကျရေလူ*(ဆဲရေစကား)*

**ဖွတ်သတ်**–ပစ္စည်းတခုခုကိုကိုင်လို့အမာခံတခုဘက်မှာကြီမွလားအောင် ထိ ပြင်းစွာထုသည်။

**ဖွပ်**–သန့်ရှင်ဖြူဖွီးလားအောင်လုပ်သည်(အဝတ်ဖွပ်/ဆန်ဖွပ်သည်)

**ဖျက်ဖျို**–အစကနိန်လို့ ပြန်စသည်*(နင်ရို့မကျေနပ်ကေ ဖျက်ဖျိုကတ်မေ)*

**ဖျင်**–(က)အဝတ်စ(ခ)တရိစ္ဆာန်ကိုယ်မှ အသားများကိုလှီးထုတ်ယူသည် *(အသားဖျင်သည်)*

**ဖျင်း**–အရည်အခြင်း မရှိသော*(ယင်းသူကကောင်း ဖျင်းရေ မခိုင်းခီကေ့)*

**ဖျိုက်**–(က)(ညှစ်)ဖိညှည့်သည်(ခ)နှိပ်ပီးသည်*(ဘာဘာကိုဖျစ်ပီးခလိုက်)*

**ဖျိုင်**–(ဖြန်ဖြေသည်)ရန်ငြိမ်းအောင် စိစပ်ပီးသည်။

**ဖေါ်–(**က)မြုပ်နိန်ရာမှပြန်ဖေါ်သည်(ခ)ပြန်ရွီးယူသည်*(ငါ့ ဝန်လာဖေါ်ရေ အစီး ဇာလောက်ကျလေ တွက်လိုက်)*

**ဖေါက်ကျာထိုး**–(မဟုတ်မဟပ်) ဖေါက်ဆီဖေါက်ဆတ် လုပ်သည်/ပြော သည်*(နင့်ကမခိုင်းဘဲ ဇာဖြစ်လို့ဖေါက်ကျာထိုးလို့ လားပြောခီလေ)*

**ဖေါက်ကျီ**–မဆီမဆိုင်မိမိတာဝန်ကျသည်*(နင်ရို့ဖေချာပျောက်စွာ ငါနန့် ဇာဆိုင်လေ ဘင်းဂျီမဟုတ် ဖေါက်ကျီ ကာတခု)*

**ဖေါက်ဆတ်**–(က)မနပ်သော *(ထမင်းဖေါက်ဆတ်)*(ခ)စိတ်ဆတ်သော/ ဒေါသထွက်လွယ်သော *(စိတ်ဖေါက်ဆတ်)*

**ဖေါက်ဆီဖေါက်ဆတ်**–မဟုတ်တရုပ် မဆီမဆိုင် ပြောသော။

**ဖေါက်နှစ်**–အသိအလိမ္မာ*(ယင်းကေင်မှာ ဖေါက်နှစ်ကမရို)*

**ဖေါင်းကာ**–(က)အနားသတ်အကာအရံ (ခ)ပြဿနာဖြစ်သော*(နင်လုပ်ခီ ကေပင်ဖေါင်းကာ တက်လာရေ)*

**ဖေါင်းကား**–ပြဿနာဖြစ်သော*(သူလုပ်ကေ အမြဲဖေါင်းကား တက်တေ)*
**ဖျော–**(က)ရိပ္ပမှာစိမ်သည်*(ရပ္ပနန့်ဖျောလိုက်)*(ခ)သုံးစွဲ/ဖျောက်ဖျက်သည်
*(ဖေချာအားလုံး ကော်မီတီဝင်တိ ဖျောပစ်လိုက်ကတ်တေ)*
**ဖျောင်**–ဖျောက်ဖျက်လိုက်သည်/ခိုးသူသည် *(အသင်းပိုင် ဖေချာတိကို အတွင်းရေမှူး ဖျောင် ပလိုက်တေ)*
**ဖျောင်း–**တဖြည်းဖြည်း ပွတ်ကြည့်သည်*(ဖဲဖျောင်းသည်)*
**ဖြောက်**–သွက်လက်သည်*(အေသူ အလုပ် ကကောင်း ဖြောက်တေ)*

(ဗ)

**ဗခါ**–(မက်ခရု)လျှာမှာ အဖြူကွက်ချေတိ ပေါ်တတ်တေရောဂါ။
**ဗခုပ်**–ကောင်းစွာ မဖွံ့ဖြိုး မကြီးထွားရေအသီး။
**ဗဒရီ**–အရက်လုံရုံချေ ဝတ်ထားရေ ခါးဝတ်။
**ဗရဗ္ဗိသတ်**–ရှုတ်ထွေးနိန်သည်*(အခန်းထဲမှာ ပစ္စည်းတိလုံးဗရဗ္ဗိသတ်နိန်ရေ)*
**ဗရမ်းပက်ကျိ**–(ဗရန်းဗတာ) ဖြန်းဒီးကာရစကားဖြစ်သော။
**ဗလဗ္ဗိသတ်**–(ရှုပ်ထွေးနေသော) ရှုပ်ထွီးနိန်သည်။
**ဗလာဂျီ–**အကြောင်းမရှိ အကြောင်းရှာလို့ အပြစ်ချခံရသည်။
**ဗလံ**–(က)(ဘီလား)အနံ့ပြင်းရေရီကန်တိမှာနိန်ရေအတောင်ပါပိုးကောင်
(ခ)အိပ်ရာထဲ မှာသီးပေါက်တတ်တေအချေ /အလွန်အနံ့နံရေလူ။
**ဗလိ**–(ဖေါင်စီးဂဏန်း)ရိုင်ပြားပြင်တိမှာနိန်ရေ ဂဏန်းအငယ်ချေတစ်မျိုး။
**ဗလီ–**မူဆလင် ကုလားမသိပ်။
**ဗဟရီ–**အသုံးမကျသောလူ/အဓိပ္ပါယ်မရှိရေစကား *(အလကား ဗဟရီ စကားတိကို နားမယောင်ကေ့)*
**ဗအ**–(စကားထစ်သူ)စကားကို အထစ်ထစ်ပြောရေလူ။
**ဗာဒလီ**–(လင်းဆွဲ)သစ်ပင်/ကျောက်ဂူတိမှာဇောက်ထိုးနိန်တတ်တေငှက်။
**ဗာယီ**–ကုလားလူမျိုး *(မူရင်းကုလားဘာသာစကားတွင်–အစ်ကို)*
**ဗါလတီ**–ရီခတ်တေ အဝကကား ချေနန့်လက်ဆွဲသံပုံး။
**ဗီဇရာ**–ဥပဒေအရပိတ်ပင်ထားသောပစ္စည်း*(ယင်းဘီစရာ ဝန်တိကို ငါရို့ အိမ်ကို တင်မလာကေ့ )*

**ဗက်ကာ**–(ခဲဒိုး)ကြီးပြားပစ် ကစပ်စွာမှာသုံးရေ ဂိုင်*(ခဲ/ကြီးရို့နန့်လုပ်)*
**ဗက်ကာစား**–နှစ်ဦးအကျိုးတူ ဖက်စပ်လုပ်ကိုင်သည်*(တစ်ဝက်စား)*
**ဗက်ကား**–ဦးငြို အလွန်ကားရေကျွဲ/နွား/နရွက် ကကောင်းကားရေလူ။
**ဗက်ပြဲ**–မျက်နှာခွက်အလွန်ကြီးရေ/ကားရေလူ။
**ဗန္ဒတ်**–မျိုးမစစ်သော/သွီးရောသော *(ယင်သူက ရခိုင်အစစ်က မဟုတ် ဗန္ဒတ်ရာ /တရုပ်နန့်ရခိုင်ဗန္ဒတ်)*
**ဗန်းဒီ**–(ကြေမွနေသော)ဖဖွတ်ညညက်ကြီနိန်သော*(မင်းဒယောက ဗန်းဒီ လိုက်နိန်ဗျာလ် ဝေးသတ်ပလိုက်ဖိ အသစ်တစ်ထည်ငါဝယ် ပီးမယ်)*
**ဗိန္ဒု**–(က)အဖုအပိန့်ချေ/အစက်အပြောက်ချေတိ(ခ)ကိန်ဂဏန်း ကိုးလုံး ပါ သင်္ချာအရီအတွက် (ဥပမာ–ဗိန္ဒု = ၁၀'၀၀၀'၀၀၀'၀၀၀'၀၀၀)
(**<u>ခေါဘဏီ/အခေါဘဏီ ပြန်ကြည့်ပါ</u>**)
**ဗုံးထောင်**–(ငါးထောင်သည်) အသွားတပ် မတ်တပ်မြှီးချေ တစ်မျိုးနန့် ငါးထောင် ဖမ်းသည်။
**ဗယ်ဆလိန်**–(ခေါင်းလိမ်းဆီ) ဆံပင်မှာနိမ်းရရေ ဆီပျောင်း။
**ဗျ**–(က)(လင်ပန်း)လောင်ပွန်းအကြီး /သံနန့် လုပ်ထားရေ ဒေါင်းလန်း (ခ)တစ်ခုလေ့မကျန်တော့သော *(မင်းလာစွာ နောက်ကျ ရေကမရှိ အလှူမှာ တခုလေ့မရှိဗျာလ် ဗျ ရာကျန်ဗျာလ်)*
**ဗြဗြန်းဆာ**–အသံအကျယ်ကြီးမြည်လို့*(ပျာလာ ဗြဗြန်းဆာလို့ကျကွဲရေ)*
**ဗြာရီကျွတ်**–(မွဲပြာနေသူ)အလွန် ဆင်းရဲရေလူ။
**ဗြားစား**–(က)မှောက်လဲသည်(ခ)အားလုံးပြိုလဲပျက်စီးသည်*(သူများတိပိုင် စပါးကုန်ကူး ခီပါရေ ဗြားစား လခယင့်)*
**ဗြက်**–အပြားလိုက်/အနံ့။
**ဗြည့်သိုး**–လူကောင်ကြီးပြီးကေ အသိညာဏ်နဲရေလူ။
**ဗြန်းဇီးကာရ**–(အခြေအမြစ်မရှိစကား)အခြီအမြစ်မရှိသော/အဆက် အစပ်မရှိ ရေစကား/လုပ်ရပ်။
**ဗြုတ်ဗြသုံးဆယ်**–စံနစ်မကျ/အရောရောဖြစ်သော*(ဖုန်းကြီး ဆွမ်းကပ်ဖို့ ရှီးဝယ်ခိုင်းလိုက်တေမှာ ဗြုတ်ဗြသုံးဆယ် လုပ်လာရေ)*

**ဗွိ**–(လက်ဗွေ)လက်ဝါးဖဝါး ရှိ့မှာပါရေ ခရုပါတ်ပုံလိုင်းများ။
**ဗိုင်းခိုးချေ**–(နှံပြည်စုတ်)ငွမ်းစချေ ငှက်မွှီးချေတိနန့်သစ်ရွက်ကိုလိပ်လို့ အိမ်ဆောက် တတ်တေငှက်ချေ။
**ဗောင်ဒူပြန်**–(က)(ကျွန်းပြန်)ဗောင်ဒူ ကျွန်းပြန်လူမိုက်(ခ)ထောင်ထွက် ကျွန်းပြန်ရှိ့၏အတိုချေကိုက်ထားရေ ဆံပင်ပုံစံ (ကတုံးဆံတောက်) (ဗောင်ဒူကျွန်း=မာန်အောင်ကျွန်း)
**ဗေါင်းဓောက်**–အလွန်မတ်စောက်သော။
**ဗွေ**–ဦးစားပီးခံရခြင်း*(ဥပမာ အသင်းနှစ်သင်း ကစပ်ကတ်တေ နိန်ရာမှာ ဗွေကျရေ အသင်းရေ အယင် ကစပ် ခွင့်ရပါရေ)*
**ဗွေကောက်**–(ကြိုက်ရာရွေးသည်)စိတ်ကြိုက်ရွီးသည် /ဦးစားပီး ခံရရေ ဘက်ကို ရွီးချယ်သည်။
**ဗွေယူ**–ဂရုစိုက်သည် /အသိအမှတ်ပြုသည်*(ယင်း အရူးစကားကို ဗွေယူ မနိန်ပါကတ်ကေ့)*
**ဗွေ့အုပ်**–ကျမ်းစာအုပ်/ တရားစာအုပ် အထူကြီး။
**ဗြောက်အိုး**–စကားအလွန်များသော/ အသံကကောင်းကျယ်သူ။
**ဗြောင်**–(က)ပွင့်ပွင့်လင်းလင်း/ မကွယ်မဝှက်သော (ခ)နှစ်ယောက်ဆိုင် ကျသည် *(ဘောလုံးကို ဗြောင်ခံသည်)* (ဂ)အရောအနှောမပါသော *(ငါရှိ့အလှူမှာ ဝက်သားကို ဗြောင်ချက်ထားရေ)*

(ဘ)

**ဘဒို**–အရပ်အလွန်ပုသောသူ။
**ဘမော်**–ထိပ်ဆုံးကဖြစ်သော *(စာပင် မတတ်ခကေလေ့ ဖေချာချမ်းသာ ရွာမှာ အေသူ ဘမော် ဗျာလ်)*
**ဘ’ဘော**–ပေါတောတောလူ *(ယင်းဘ’ဘောကို ခိုင်းလို့ ဖြစ်ဖို့လားဝေ)*
**ဘယက်**–လိုင်ပင်းမှာဆွဲရေ ရင်ဖတ်တန်းဆာ*(ဘယက်တန်းဆာဒွါဒရာ)*
**ဘရာဘရယ်**–ဖရိုးဖရာ/ ဗရန်းပက်ကျိ *(ဘရာဘရယ် လာပြောမနိန်ကေ့)*
**ဘရသျှတ္တာ**–(တိုက်ပုံအကျႌ) ပြင်ခံအကျႌ *(ဘရသျှတ္တာချေတိ မသေတိ ဝတ်လို ဒေါင်ဆင်လာရေ ဓာကို ပွဲစားလား ကတ် လေ)*

**ဘရန်း–(က)**(ပါးသိုင်းမွေး)နပန်းစကပင်မိတ်ထိဆက်နိန်ရေ မုတ်ဆိတ်မွှီး (ဘရန်းမွှီး)(ခ)စက်သနပ်။
**ဘရန်းပက်ကျို**–(မဟုတ်မဟပ်)မဟုန်မမှန် အရမ်းကာရော ကျိုပီကျိုပက်။ *(ဘရန်းပက်ကျို လာပြောမနိန်ကေ့ စကားကောင်းပြောနိန်ကတ်တေ)*
**ဘဟရီ**–အဓိပ္ပါယ်မရှိ/ အကျိုးမရှိသောစကား/ လုပ်ရပ်*(ဗဟရီ စကားတိ ကိုလေ့ နားထောင်နိန်ကတ်လာ ကိုယ့်အလုပ် ကိုယ်လုပ်ကတ်)*
**ဘာကီ**–အလကား/ တန်ဖိုးမရှိသော။
**ဘာစင်** –ကွမ်းသီး စရေ အသီးနုံတိ နိန်ပူလှန်းရေစင်မြင့်။
**ဘာစင်ပင်**–(ဗန်ဒါပင်)အရွက်ဖါးဖါး အစိကိုစားရရေ ပင်စောက်ပင်မျိုး။
**ဘာဘူနာဘူ**–အောက်ကျခံဆက်ဆံသည်*(မွဲကေလေ့ လူဆိုးသူခိုး တိကို တော့ခါ ဘာဘူနာဘူ မလုပ်နိုင်)*
**ဘာယောင်းသီး**–ခရမ်းသီး။
**ဘာသာလဝ**ါ– အကျိုးမရှိဘဲ ထိုယောင်ယောင် ဒေယောင်ယောင် နန့် *(ယင်းပိုင် ဘာသာလဝါနန့် တစ်ဘဝ ဆုံးလီဖို့ဗျာလ်)*
**ဘာဟုန်**–ကျားသတ္တဝါ။
**ဘုဂလန့်**–ဆန့်ကျင်ကန့်လန့်လုပ်သည် *(ယင်းသူက ဘုဂလန့်လုပ်ရမှ ကျေနပ်တေ အကောင်)*
**ဘုရားကု–**လူနာကျန်းမာလာအောင် ဘာသာရေးနည်းနန့် ကုသည်။
**ဘုရားကိုးမရ တရားကိုးမရ–**အလွန့်အလွန်ကြောက်လန့် တုန်လှုပ်စွာဖြင့် *(ကျားလို့ ပြောလိုက်စွာနန့် ဘုရားကိုးမရတရားကိုးမရ ထွက်ပြီးလာ ကတ်တေ)*
**ဘုရားချီး–**အလွန့်အလွန် ရှားပါးသော*(လူရိုးလူကောင်းဆိုစွာ ဘုရားချီး လောက် ရှားရေ)*
**ဘုရားသတ်**–(ဘုရားရိုက်ခံရစေ)ဘုရားကိုသက်သီထား ကျိန်တွယ်ခြင်း။
**ဘုဝေ**–ကိုယ့်သားသမီး / တူ တူမတိကို ချစ်လို့ခေါ်ရေစကား*(ဘုဝေ မှာ ဓာဖြစ်လို့ ငိုနိန်လေ)*
**ဘူချီး–**လုပ်သမျှအရှုံးပေါ်သူ/ အောက်ကျနောက်ကျ လူမျိုး။

**ဘူစိကျ**–(က)နှစ်ဦးနှစ်ဘက် အဆင်ပြေ လားသည်*(အေ သမီးရောက်မ နှစ်ကောင် ကကောင်း ဘူစိကျနိန်ကတ်တေကာ)*(ခ)သဘောတူညီမှု ရသည်*(အသွင်းပီးဖို့ ကိစ္စ တရက် လုံးငြင်းနိန်ရစွာ အခုမှဘူစိကျရေ)*

**ဘူရောင်**–ခန္ဓာကိုယ် ကြီးပြီးကေ ခွန်အား မရှိရေလူ *(ဘူရောင်ရာ လူက ဆင်ကောင်လောက် ရှိပြီးကေ ဆန်ချေ တစ်အိပ်တောင် မနိုင်)*

**ဘူးသီးပိုး**–(ကျောပိုးသည်)လူ/ပစ္စည်းတစ်ခုခုကို နောက်ကုန်း ထက်မှာ တင်လို့ထမ်းလာသည်။

**ဘိဇာ**–သုံးစား မရလောက်အောက် ပျော့နိန်သော /အလွန်အိုမင်းသော။

**ဘီစရာ**–ဥပဒေအရ တားမြစ်ထားသောပစ္စည်း*(ထိုးဆီး/ဘိန်းစရေဥပဒေ အရတား မြစ်ထားရေပစ္စည်း အားလုံး)*

**ဘီရာ**–ကွမ်းရွက်တစ်ရာအစည်း။

**ဘီလပ်တီ**–အကျင့်ပျက်မ*(ဘီလပ်တီမ သိုင်းခေါင်ကျော်နိန်ဗျာလ် အိမ် ပြန်မရောက်သိ)*

**ဘီလပ်နံနံ**–(ရှမ်းနံနံ)မြေကြီးမှာကပ်ပေါက်တေ အရွက်ရှည်ရှည်ချေနန့် အနံ့ပြင်းရေအပင်ချေ။

**ဘီးဘီ**–အကျင့်မကောင်းသော*(ဘီးဘီဒေါင်း/ဘီးဘီမ)*

**ဘီလာလီ**–သစ်သားချောင်း အရှည် *(ဒရင်းစည် အောက်မှာ ဘီလာလီ တစ်ချောင်း ခံထားလိုက်)*

**ဘီသျှတ္တရာ**– ပြပြားဝဝိုင်း နန့်အဆိပ်စူးပါရေ ရီငန်ငါးမျိုး /ငါးပြသွင်။

**ဘီသျှတ္တရာမ**–လျှပ်ပေါ် လော်လီသောမိန်းမ *(ဘီသျှတ္တရာမ ယောကျ်ား တိနန့် တရှုံးရှုံးလုပ်နိန်လာ အရှက်ပင်ကမရှိ)*

**ဘဲ**–(က)(ကရား)အဖန်ရည်ထည့်ရေနှုတ်သီးပါရီပူအိုး(ခ)ရီထဲမှာကူး ခတ်နိုင်/ကုန်းတွင်လည်းကျက်စာနိုင်/ပျံလည်းပျံနိုင်ရေသတ္တဝါ။

**ဘဲချပ်**–မန်ဒါလီဘဲ။

**ဘွဲ့**–တစ်ဦးတစ်ယောက် အကြောင်း ဖွဲ့ဆိုထားရေ သာခြင်း *(ပိုးဝါဘွဲ့)*

**ဘွဲ့အုပ်**–ကျမ်းဂန်စာအုပ်။

**ဘင်းဂလီ**–ခေါ်တောကုလား။

**ဘင်းထမ်း**–(ပခုံးထမ်းတံပိုး)လူပက်ခုန်းဖြင့် ကုန်ထမ်း ထမ်းပိုးချေ။
**ဘန်းဇီးကာရ**–(မဟုတ်မဟပ်စကား /အလုပ်) အထူးထူး ကာရစကား /မဟုတ်တရုပ်လုပ်ရပ်။
**ဘန်းရ**–အလွန်ဂုဏ်ယူဝင့်ကြွားသည်*(ဂျပန်ကအစ်ကိုဘက်က နာရီချေ တစ်လုံး ပို့လိုက်တေဆိုဝါ ထိုလူ့ပြဒေလူ့ပြနန့် တကားကားနန့် ကကောင်း ဘန်းရနိန်ရေ မလားယေ)*
**ဘန်းဒီ**–(ကြေမွနေသော)ဖဖွတ်ကြိနီသော*(သဘော်ဥဘန်းဒီ/မင်းဒယော က ဗန်းဒီ လိုက်နိန်ဗျာလ်)*
**ဘယ်ကျ**–ယောကျ်ား အူကျရောဂါရသည်။
**ဘယ်သေ**–နိ/ ရက်/ အချိန်/ နိန်ရာကိုညွှန်းစကား*(ဘယ်သေခါလာဖို့မှန်း မသိဘဲ ထိုင်စုန့်နိန်လာ)*
**ဘယ်ကျာ**–ဘယ်လက်အားရေလူ/ ဘယ်သန်/ ဘယ်လက်နန့်လုပ်သည်။
**ဘုန်းဒါး**–အသက်ကြီးပြီး ညာဏ်နဲရေလူ*(အရေးကြီးကေယင်းဘုန်းဒါးမ ကို မလုပ်ခိုင်း ခီကေ့)*
**ဘုံကြီးဆင်**–အကွက် အကြီးသန်နန့် ဒယောအဆင်တစ်မျိုး။
**ဘုံပိတ်**–(မျက်နှာကြက်) အိမ်ခေါင်/ ကျောင်းခေါင်မိုး အတွင်း ဘက်က ပိတ်ထားရေ မျက်နှာကြက်။
**ဘုံပေါက်**–ကုသိုလ်ကံကြောင့် နတ်ပြည်မှာ နတ်နန်းပေါက်နိန်သည်။
**ဘိန်းသရဇင်**–ယဇ်မျိုးအရာရှိ*(လင်က ဘိန်းသရဇင် မယားဘိန်းဘုရင်)*
**ဘိတ်**–(ရွှံ့ပျောင်း)ကျမန့်*(ကျွဲတစ်ကောင် ကန်ပျက်မှာ ဘိတ်မြုပ်နိန်ရေ)*
**ဘိတ်ထိုး**–ကျောက်ရောဂါ ကာကွယ်ဆီး ထိုးသည်။
**ဘို့တက်**–နွားပျိုများတွင် နောက်ကုန်းထက်မှာအလုံးတစ်လုံးထွက်လာခြင်း /သန်မာထွားကျိုင်းရေ လူပျိုချေ။
**ဘုတ်ကလီဆီဆွတ်**–အရွက်အစိမ်းသုတ်တစ်မျိုး။
**ဘုတ်အုပ်**–စာအုပ်။
**ဘေးသတ်**–တည့်တည့်မဟုတ်သော /ကန့်လန့် လုပ်သော *(စကားကို ဘေးသတ် မပြောကတတ် ကေ့တချက်/အဖျက်စကားပြောသည်)*

**ဘောဒူ**–သစ်သားတူကြီး/ သစ်သားတင်းပုတ်ကြီး။
**ဘောလဂိုင်း**–ပေါ်တောတောလူ။
**ဘောဟိတ်**–မိမိ၏ပိုင်ဆိုင်မှု/ အောင်မြင်မှုတစ်ခုခုကိုလူတကာသိအောင် ထုတ်ဖော်ကြွားဝါသည် *(အန္တရာယ်ကင်းပရိတ် နာစွာမှာ သိန်းရာပြတ် တန်ရေ စိန်လိုင်ဆွဲနန့် လက်ကောက်တိဝတ်ပြစွာ ယင်းကောင်မ ငါရို့ ကို ခေါ်ပြီးကေ သတ်သတ် ဘောဟိတ် ပြစွာရာ မလားဟော့)*
**ဘော်တလီ**–(မိန်းမဘော်လီ)မိန်းမအထဲခံ ရင်စည်းအကျႌ ခါးအရှည်။
**ဘော်လီသန်**–အလွန်အားကောင်းရေလူ။
**ဘောက်ကတတ်**–(တတ်ယောင်ကားလူမျိုး)နိန်ရာတကာ အားလုံးသိရေ ပုံနန့် ဆရာလုပ်တတ်သူ *(ဘောက်ကတတ်ကျော်ခေါင် ထရုံထောင်)*
**ဘောက်ကျ**–စကားအက်သည်။
**ဘောက်ခြိုးတက်**–(က)(ခြိုးတက်)ထမင်းငြိုးကျသည်(ခ)ကြာလွန် အား ကြီးလို့ ဂျီးတက်နိန်သည်။
**ဘောက်ရှူ**–အလုပ်လုပ်ကေအောင်မြင်မှုမရှိရေ။
**ဘောက်သာ**–(က)(ဂုံနီအိပ်)ပိုးဟပ်ခြည်မျှင်နန့် ရက်ထားရေ အထည် ကြမ်း *(ကွမ်းသီးကိုဘောက်သာ အိပ်နန့်ထည့်ထားလိုက်)* (ခ)လူညံ့ *(ဓာရဖို့ လူကိုက ဘောက်သာရာ)* (ဂ)အများအပြား *(ထိုမှာ ထမင်း မစားရသိရေ လူတိ ဘောက်သာပြတ် ကျန်သိရေ)*
**ဘောက်သီး**–အပိုဆု *(အေလောက်ပပင်ပပန်း လုပ်ပီးစွာ ဘောက်သီးချေ မသေ မပီးပါလာ)*
**ဘောင်ဒူပြန်**–(က)ဘောင်ဒူကျွန်း(ခေါ်)မာန်အောင်ကျွန်း)ကပြန် လာရေ ကျွန်းပြန်လူမိုက်(ခ)ကျွန်းပြန်တိကိုက်တေဆံပင်ပုံစံ *(ကတုံးဆံတောက်)*
**ဘောင်းစား**–(ဘဝင်မြင့်ပြီးပြို ပျက်သွားသည်) မြင့်ဂါသတ်ပြီးကေပျက် စီးလားသည် *(ဖေချာချေတဆိကေ ရခီစွာနန့် ဖေါင်းစား လားခရေ)*
**ဘောင်းဆုပ်**–လက်နန့်အဆုပ်လုပ်ထားသော ထမင်းခဲ။
**ဘောင်းတက်**–(က)အမြင့်ကိုထောင်တက်သည်(ခ)ပျက်စီးလားသည်။
**ဘောင်းထုပ်**–နန်းတွင်းရာထူးအလိုက် ဝတ်ဆင်ရရေ ခေါင်းပေါင်း။

**ဘွေကောက်**–(သာရာရွေးသည်)မကြိုက်ကေလေ့အခွင့်အရေးအများကြီး ရနိုင်ရေဘက်(သို့)အလုပ်ကိုရွီးချယ်သည်*(အသက်ပင် ကြီးကေလေ့ ဖေချာရှိလို့ယင်းဝါကြီးကို ဘွေကောက်ယူရေ)*

**ဘွေယူ**–အလီးအနက်ထားသည်*(အရှူးစကားကို ဘွေမယူ ကတ်ပါကေ့)*

(မ)

**မကလိန်သီး/မပြန်သီး**–(က)ရာသီလွန်မှ ထပ်မံသီးလာရေအသီး(ခ)အသက်ကြီး အရွယ်လွန်မှ ထပ်မံ ရရေသားသမီး။

**မကန်မပ္ပံ**–လိုစွာထက်ပိုလို့ အလွန်များပြားစွာဖြင့်*(ဝါကြီးမ တစ်ယောက် စားဖို့စွာကို ဓာဖြစ်လို့ ထမင်းတိ မကန်မပ္ပန် ယူလာခလေ)*

**မချင်**–မနှစ်သက်/မလိုလားသော(ငါလာစွာကို ကကောင်းမချင်လာမသိ)

**မဂျေ့**–(မီးခဲ) ထင်းမီး တောက်ပြီးရေခါ ရဲလို့ကျန်နိန်ခရေ မီးအခဲ။

**မဂျေ့ခဲ**–(မဟုတ်မခံသူ)ဒေါသကကောင်းကြီးရေလူ/မဟုတ်မခံ ရေလူ။

**မင**–မလုံမလောက်ဖြစ်သော။

**မညင်းခပ်**–(မရမ်းခြောက်)မညင်းသီးကို ပပါးချေလှီးလို့ မိုးစာအတွက် နိန်လှမ်းထားရေ အခြောက်။

**မတစ်ရာသား**–လူတန်းစားအစုံ*(ဘုန်းကြီးကျောင်းကို မတရာသား လာစွာ အဆန်းက မဟုတ်)*

**မတန်ချိုချ**–(မတန်မတရား)မတန်တဆစျီးနှုန်းနန့်/မတရားလျှော့စျီးနန့် *(ဖေချာအရေးကြီးလို့ အိမ်ကို မတန်ချိုချရောင်း လိုက်ရရေ)*

**မတန်းဖတ်**–ကျန်းမာလာဖို့အတွက်လုပ်ပီးရဖို့ရိုးရာဟောစာ တမ်းဖတ်သည် *(ဥပမာ–တနင်္ဂနွီနိန့်ဖျားသော် အာကာသစိုးနတ် ဖမ်းစား၏ ထမင်းဆယ်ဆုပ်–ပန်းဆယ်ပွင့်ဖြင့် ဆီမီးဆယ်တိုင် ဖြင့် မွီးနိန့်မှာ မွီးနံထောင့် အရပ်၌ ပူဇော်လေ ပျောက်၏)*

**မထီတောက်တဲ့**–(မထီမဲ့မြင်)အားမနာပြုလုပ်သည်/အလီးအနက်မထားဘဲလုပ်/ပြောသည်(စကားပြောကေ မထီတောက်တဲ့ လုပ်မနိန်ကေ)

**မထုံတောက်တဲ့**–(မထီတောက်တဲ့) ပြောရေစကား ကိုနားထောင်ရေပိုင် နားမထောင်ရေပိုင်လုပ်နိန်ခြင်း။

**မပြားမနား**–မကွဲအပြား/ မတိမ်းမယိမ်း/ တဆိကေရာ ကွာခြားသော။
**မပြန်သီး**–(က) မကလိန်သီး /ရာသီလွန်မှ သီးသောအသီး (ဂ)မိဘအ သက် ကြီးမှမွီးသော/ မိဘတိ အိုမှမွီးလို့ ခန္ဓာမကြီးထွါးရေ အချေ။
**မယူမ**–(မိန်းမရှာ) ယောကျ်ားဖြစ်ပြီးကေ မိန်းမ စိတ်ပေါက်နိန်ရေ လူ။
**မရတ်ဝမ်းလိုက်**–(မီးယပ်ဝမ်းလိုက်)သွီးနုသားနု အချိန် အစား မှားလို့ နာတာရှည် ဝမ်းကျရောဂါ ဖြစ်သည်။
**မရိုးပေါက်ပေါက်**–(ပေါက်ပေါက်ဆုပ်) စပါးကိုဖေါက်လို့ လုပ်ထားရေ ပပေါက်ဆုပ်မုန့်။
**မရိတ်ပင်**–(ဆံမိတ်ပင်) အနံ့ပြင်းရေ နံနံမျိုး အပင်ချေ။
**မရွှတ်**–ရိုင်းဖင်ချွန်း ခရုတစ်မျိုး။
**မရွှတ်လိုက်**–(မီးယပ်ရောဂါရသည်)အချေမွီးရေအခါ မီးကင်စွာနိန်ရာမကျ လို့ မီးမကျက်လို့ နာတာရှည်ရောဂါရသည်။
**မသထာရီစာ**–(စေတနာမပါဘဲ ပေးကမ်းသော အစားအစာ)မကျွေး ချင် ဘဲ ကျွေးရေအစားအစာ/ မပီးချင်ဘဲပီးရရေပစ္စည်း။
**မသူဒရှု**–(စိတ်စနိုးစနောင့်)စိတ်ထဲမှာ သံသယဖြစ်နိန်သည် *(စိတ်ထဲမှာ တစ်ခုခု မသူဒရှု ဖြစ်နိန်ရေ)*
**မသိပ်**–မူဆလင် ကုလားဗလီ *(ကုလားမသိပ်)*
**မသုန်**–တစ်မိုးတွင်းလုံး*(တစ်မသုန်အငှါးခံစွာ ဖေချာင်ါးသောင်းရာရရေ)*
**မဟုတ်ပြန်လာ**–ဟုတ်မှန်ကြောင်းထောက်ခံခြင်း *(စကားနန့်အဓိပ္ပါယ် ဆန့်ကျင်နိန်လို့ထူးခြား)*
**မအားမခံ**–အခြားလုပ်ဖို့စွာတိအများကြီးရှိနိန်သည် *(မအားမခံ ရေကြား က ရောက်မရှိ့အလှူဖြစ် လို့ လာစွာဒေ)*
**မအားရာ**–ယေကျ်ားအင်္ဂါစပ်*(မင်းကြည့်ရစွာမအားရာ ဝဲပေါက်ပေါက်လို့ တစ်ချက်ပင်က မငြိမ်ကာ)*
**မအုံ့မရာ**–မပြောကောင်းပြောကောင်း/ မနှိုင်းကောင်းနှိုင်းကောင်း။
**မအို့လိုလိုအို့လိုလို**–မထုံတောက်တဲ့ လုပ်နိန်ခြင်း။
**မအပ်မရာ**–မဆီလျော်သော/ မလုပ်ကောင်းသော။

**မာ**–(က)ကျန်းနိန်သော*(သံချောင်းပိုင်ပင် မာရေကာ)* (ခ)ကျန်းမာသော *(အေအိမ်သားတိ မာကတ်ယင့်လား)*

**မာဇီ**–(ဘင်္ဂါလီစကား) ခေါင်းဆောင် /ပွဲစား။

**မာလက**–သီဆုံးခြင်း*(သူခိုးဝေါခိုင်ငှက်ဖျားထလို့ မာလက ဖြစ်လားရေ)*

**မာဂဒ**–တိရိစ္ဆာန်တိနားလည်ရေစကား။

**မာဆရစ်**–ခြည်မျှင် အချောစား။

**မာထ**–(က)ဦးခေါင်း (ခ)စိတ်မပြည့်သော*(ယင်းသူက မာထ ရာ)*

**မာဒရာ**–ခြီလက် မသန်မစွမ်းသူ /အကြောဆွဲရောဂါရှိသော။

**မာဖလာ**–(က)(ဖလံနယ်)အမွှီးပွဆောင်းဝတ်အကျီ(ခ)ယောကျ်ားတိလိုင်ပင်းမှာပါတ်တေ ပုဝါ။

**မာလခွံ**–(က)အုံးသီးအမာခွံ (ခ)လူဦးခေါင်းခွံ။

**မာလာပြန်ဖတ်**–ပီရှက်မှာရှီးထားရေ ဂါထာတစ်ထောင်ပါရေဝေဿန္တရာဇာတ်တော်ကို စာတတ်ပီတတ် လူတစ်ယောက်က တစ်ရက်ထဲ နန့် အပြီး ဖတ်ပြပြီးကေ နာယူရေလူတိကလေ့ တစ်ရက်ထဲနန့် နာယူရရေ အလေ့*(ယင်းပိုင်နာယူကေ နောက်ပွင့်ဖို့အရိမေတ္တယျ ဘုရားရှင်နန့် တွိရဖို့လို့ ယုံကြည်ကတ်ပါရေ)*

**မား**–(နဲနဲပိုမြင့်သော)တဆိကေပိုမြင့်သော*(တိုင်ကို သူရို့ထက် မမားချေ ဖြစ်နိန်အောင် စိုက်ရဖို့)*

**မဲကျီ**–အလွန်အသားမဲသောမိန်းမ။

**မူလကျီ**–မူယာမာယာ။

**မင်္ဂလာ**–(ခမောက်)ဝါးနီးနန့်ရက်ထားရေခေါင်းဆောင်း /ခမောက်ပြားချေ (မိုးသီးပေါက်ကျရေကိုယ်နာရေ မင်္ဂလာယူခ ပါရဲဗ – ပါရဲဗ မင်္ဂလာ မဆောင်းသာ–– )

**မင်္ဂလာစ**–(အစငယ်ပြီးနောက်ပိုင်းကြီးကျယ်လာခြင်း)အစမှာအငယ်ချေနန့်စ ပြီးကေ နောက် ပိုင်းကြီးမားကျယ်ပြန့်လာသော လုပ်ငန်းမျိုး *(လုပ်ငန်းလုပ်ကေ စေတီပိုင်မစ ရ မင်္ဂလာပိုင် စရဖို့)*

**မင်ဒရာဇီ**–အသားမဲ မြေတူးကုလား/မဒရပ်ဘက်မှလာသော ကုလားမဲ။

**မင်းလွှတ်မီးကျောင်း**–ဩဇာရှိရေလူက နောက်ခံပီးထားလို့ ဆိုးချင်တိုင်း ဆိုးနိန်ကေလေ့ အရေးယူမခံ ရရေလူ။

**မင်းလမ်း**–(အများပိုင်မြေလမ်း) လယ်ကွင်း ကြားတိမှာ ကျွဲနွားကျောင်း ဖို့ ရွာပိုင်အဖြစ် သတ်မှတ်ထားရေမြေ *(ရွာပိုင်စားကျက်မြေ)*

**မင်းကျွန်/မင်းကျွန်မ**–အိမ်ထောင်ကျ/အိမ်ထောင်ကွဲပြီးသော ကျား/မ။

**မင်းမနိုင်**–အလွန်ဆိုးရေလူ။

**မန်းလိုက်**–(မန်းဝင်)ပိုးဝင်၍အနာရင်းခြင်း*(အနာမှ ညှော်နံ့ နံကေလေ့ မန်းလိုက် တတ်တေ )*

**မျာ**–မိမိ၏အောင်မြင်မှု/အသာစီးရမှုကြောင့်ဝမ်းသာ ကျေနပ်စွာ နားနိန်သည် *(ဘဖြူရို့ ထီပေါက် ထားလို့ ကကောင်း မျာနိန်စွာဗျာလ်)*

**မျာသိုင်**–(မိန်းမပိုးပန်းသည်)အပျိုမချေတိကိုပိုးပန်းသည်*(ပွဲ့ငုံ့မှာမျာသိုင် စောင်လားကတ်မေ)*

**များကာ**–အများစု*(လူတိုင်းမဟုတ်ကေလေ့ များကာထောက်ခံဖို့ လိုရေ)*

**မျက်ကွင်းရက်**–ဒယော/ထရံ စသည်ရို့ကို အကွက်ဖေါ်လို့ ရက်သည်။

**မျက်စိကျ**–စိတ်ဝင်စားသည်*(ငါ အေကလိန့်မေချေကို မျက်စိကျနိန်ရေ)*

**မျက်စိချ**–တစေ့တစောင်း ကြည့်ထားခြင်း *(ငါစျီးလားခီမေ အချေတိကို တချက် မျက်စိချထားလိုက်)*

**မျက်စိမကြည့်မျက်နှာမကြည့်**–(ဘယ်သူ့မျက်နှာမှမထောက်) တစ်ခုကို လေ့အရေးမစိုက်ဘဲ။

**မျက်တွင်းကျ**–မျက်တွင်းဟောက်ပက်ဖြစ်သည်။

**မျက်နှာသိ**–(အသိ) ကိုယ်နန့် သိနိန်ကတ်တေလူ။

**မျိုင်း**–(ဖိမ်ခံနေသည်)အီးအီးချိုင်းချိုင်းနားနိန်သည်*(ကကောင်းမျိုင်း နိန် ပါရေကာ အို ဂိုးဂိုချေ)*

**မြာ**–(အပျိုမ) ကလိန့်မေချေ။

**မြာတိုင်**–အူတိုင် *(ပိန်းနဲ့သီး မြာတိုင်ကို ဆီဆွတ်လို့ ကိုင်ရပါရေ)*

**မြာဒင်**–(ပြိုင်လှေတက်မ'တင်ခုံ) ပြိုင်လောင်းပဲ့က တက်မထိမ်းရေ ခုံ။

**မြို**–သားသမိန်းမထွန်းကားနိုင်သော။

**မြှူ**–(ကလေးကို စသည်)အချေကိုမန်ပါအောင်/ငိုအောင်စ'သည်။
**မြှူဆန်**–ဒေါသဖြစ်အောင်/စိတ်ညစ်အောင်ဂလန့်လုပ်နိန်သည်။
**မြှူး**–ငါးထောင်ဖမ်းရေ အသွားတပ်ကရိယာ။
**မြီကျ**–(ကြွေးတင်သည်) အကြွေးတင်သည်/ဒါဒေါင်ကျသည်။
**မြီကိုင်**–(ကြွေးယူသည်)လာဖို့ရာသီ စပါး/ကွမ်းသီးပီးရဖို့ဆိုရေဂတိနန့် အတိုးနန့်ဖေချာချီးယူသည်*(အဖသေ ဆီးကုဖို့ကအရေးကြီး နိန်ရေ အတိုး ဓာလောက်ပင်ဖြစ်ဖြစ် မြီကိုင် လိုက်ကတ်ဖို့ဗျာလ်)*
**မြီဆအိုး**–(မြေဆေးတံ) မြေကြီးနန့် မီးဖုတ် လုပ်ထားရေ မြေပန်းတူ။
**မြွှ**–ဘဝင်မြင့်နိန်သည်/သွီးမြောက်နိန်ခြင်း*(ဖေချာချေ ဆိကေတဖွေရှိလို့ ယင်းသူ ကကောင်း မြွှနိန်ရေ)*
**မြက်**–(က)မြက်ပင်(ခ)လိုင်ခြောင်းထဲမှာဆို့နိန်ခြင်း/ကပ်နီခြင်း (ဂ)ဆား တဆိကေများသော*(ကင်းမွှန်း လှော်ထားစွာ ဆားတဆိကေ မြက်တေ)*
**မြက်မြက်ချေ**–ဆားလေးသော*(ကင်းစွန်းရွက်လှော် ဆားမြက်မြက်ချေ)*
**မြင့်ဂါသတ်**–(ဘဝင်မြင့်သည်)ဘဝင်မြင့်နိန်သည်*(စက်ပူကတစ်ခေါက် ပြန်လာခါကပင် ယင်းသူတစ်ခုလေ့ မလုပ်မကိုင်မြင့်ဂါသတ်နိန်ရေ)*
**မြင်း**–(က)တိရစ္ဆာန်မြင်း(ခ)တဆိကေပိုမြင့်သော*(ထိုဘက်ကလမ်းဒေါင့် က အိမ်မြင်းမြင်းချေ အကျွန်ရို့အိမ်ပါယေ)*
**မြင်းသပေါ်ဖြား**–(ဒီရေအတက်ကြမ်းသော)ရီတက် ကြမ်းရေဖြား *(တန်း ဆောင် မုန်းလပြည့် ညည့် တက်တေဖြားရီ ကို ခေါ်လေ့ရှိပါရေ)*
**မြင်းသရိုက်**–(ဒူလာရောဂါ) အရိုးတွင်းက ထုံကျင်ကိုက်ခဲရေ ရောဂါ။
**မြင်းဖေါင်**–(လူသေတင်တလားငယ်) လူသီကိုတင်လို့ ပူဇော်ရေတလား *(ဆရာတော်ဈာပနမှာ တလားချေမြင်းဖေါင်ချေတော့ ခါမပါလို့မရ)*
**မြန်စင်**–ရောဂါကင်းစင်ကျန်းမာလာသည်*(ရောဂါကတော့ ကောင်းလား ဗျာလ် မြန် မစင်နိုင်သိ)*
**မြန်း**–(က)ရောဂါသက်သာသည်(*အေနိန့်တဆိကေမြန်းရေ)* (က)ငြမ်း *(ဘုရားပြင်ဖို့ မြန်းဆင်ထားရေ)* (ဂ)ထွက်ခွါလားသည် *(မောင်ဘ ရန်ကုန်ကို မြန်း လားခဗျာလ်)*

**မြို့ပေါက်**–လူတောတိုးသော/ ပေါက်ပေါက်ရောက်ရောက် ရှိသော။
**မြွင့်**–(က)အထက်ကိုပင့်သည်(ခ)ခိုးယူလားသည်*(အသင်းပိုင် ဖေသာတိ ကို အားလုံး ဥက္ကဋ္ဌ မြွင့်လားခရေ)*
**မြိုတ်**–(က)(မိတ်) ခန္ဓာအပူဖုချေ တိထခြင်း (*ခန္ဓာမှာ မြိုတ်ပေါက်တေ*)
(ခ)အငယ်ချေဖြစ်သော*(ငရုပ်သီးစိမ်းကို မြိုတ်နိန်အောင်တွာထားလိုက်)*
(ဂ)အမျှင်မျှင်ဖြစ်သော *(ကြက်သွန်မြိုတ်/ ဆံမြိုတ်)*
**မိုးဂျောက်**–(တံခါးဂျလက်)တန်းခါးကိုပိတ်တေခါ အထဲဘက်က တတ် ထားရရေ သတ္တုချောင်း*(တန်းခါးကို မိုးဂျောက်ချထားလိုက်)*
**မိုးသထ**–(မိုးသောက်စောစော)မိုးလင်းခါစ စစောစီးစီး။
**မွ**–(ဦးထုပ်)(က)ခေါင်းမှာဆောင်းရေ ဝထုပ်*(နိန်ပူကေ မွဆောင်ထားပါ)*
(ခ)ရွရွချေဖြစ်နိန်သည်*(ငါ့ပဲလှော်ကို တစ်ချက်စားကြည့် မွနိန်ယင့်)*
**မိုးစာလှော်င်**–မိုးတွင်းခါစားဖို့ ရိက္ခာစုခြင်း။
**မိုးဖြူ**–(မိုးပက်)လီထလို့ခေါင်မိုး/ပြူတင်းအတွင်းပိုင်းထိမိုးရီ ကျသည်။
**မိုးကျောက်**–(မိုးသီး)မိုးရီနန့်အတူတူ အာကာက ကျလာရေရီခဲတုံးချေ။
**မိုးဖျင်း**–(မိုးဖွါးကျ)မိုးစက် အငယ်ချေတိနန့် တဆိကေချေ ရွာရေမိုး။
**မိုးရီသရီ** –ဖေါဖေါသီသီ /မဆင်မခြင်*( ရရေ ဖေချာကို မိုးရီသရီ သုံးပ လိုက်ကေ နောက်ခါဒုက္ခ တွိကတ်ရဖို့)*
**မိန်းစား**–(မီးစား)မီးရောင်အောက်မှာပိုလို့လှပနိန်သည် *(အေ မင်းသမီး မိန်းရောင်အောက်မှာဆိုကေ ကကောင်း မိန်းစားရေ)*
**မိန်းစောင့်**–(မီးနေစောင့်) အချေမွီးရေ မိခင်ကို ညည့်အိပ်ညည့်နိန် လာ ရောက်စောင့်ရှောက်ခြင်း*(ကျွန်းရွာတိမှာ ယင့်ခလေ့ ခုထိရှိပါသီရေ)*
**မိန်းဆိုက်**–(မီးဆိုက်)ထင်းအဖြစ်နန့်မီးတိုက်သည်/ဖျက်ဆီးသည်။
**မိန်းတင်**–(သံကိုဆေးသား တင်သည်) သံထည် ပစ္စည်းတိကို သံသားပို လို့ မာလာအောင် အဆီးတင်ခြင်း။
**မိန်းတွင်း**–(မီးနေ)မိခင်အချေမွီးနိန်လို့ မီးကင်နိန်ရရေ ကာလ။
**မိန်းဖွါ**–(မီးမွှေး)ထင်းတိ/ လောင်စာတိနန့်မိန်းတောက် အောင်လုပ်သည်။
**မိန့်**–အမှတ်မရသော*(မေမေမှာစွာဆီး မိန့်ကျန်လိုက်တေ ပြန်လားခီမေ)*

**မိန့်မောသီသတ်**–အာရုံစူးစိုက်မှုမရှိဘဲ*(မိန်းမောသီသတ် လားနိန်လို့ ယေ ဂါရီနန့်အကဲ မိရေ)*

**မုန်းဓာပြ**–(မုးန်စရာလုပ်) လူမုန်းအောင် ကန့်လန့်လုပ်သည်။

**မိုက်**–(က)မလိမ္မာသော(ခ)အလင်းရောင်မရှိလို့ မှောင်နိန်သော*(အပြင်မှာ မိုက်နိန်ဗျာလဲ ဓါတ်တောက် ယူလီကတ်)*

**မှိုင်**–ငိုင်နေသည်/ ငေးမှိုင်နေသည်။

**မှိုင်း**–(က)(အရက်မူးသည်)အရက်ယာဇ်သည်*(အရက်မှိုင်းနိန်ရေ)*(ခ)မှုံဝါး နိန်သော *(မိုးသထ စောစောနှင်းကျလို့ မှိုင်းနိန်ရေ)* (ဂ) မျက်စိမှုန် သည် *(ဝါကြီးမ မျက်စိမှိုင်း နိန်ဗျာလဲ)* (ဃ)မီးခိုးမှိုင်း။

**မွန်း–**(က)မွန်းကျပ်နိန်သည်(ခ)နူးညံ့ပြီးခမွမွချေနန့်အရသာရှိသော*(အေ မာငါရို့အိမ်က ကင်းဖွန်းဥပြုတ်ကိုစားကြည့် နန်း မွန်းနိန်ရေကား)*

**မွတ်**–အလွန်ဆန္ဒပြင်းပြသည်*(မြို့ကိုပြောင်းဖို့ မွတ်တေကမရှိ အခုဓာပိုင် တွိလေ ချခ ရော်ပြန် လို့လာဗျာလဲ မဟုတ်လား)*

**မွတ်ကျိတ်တက်**–(နန့်ကြောထ)မနိန်နိုင် မထိုင်နိုင်ဆန္ဒပြင်းပြနိန်သည်။

**မွတ်မွတ်စက်စက်**–ကောင်းကောင်းမွန်မွန်*(စာကိုမွတ်မွတ်စက်စက် ဖတ် ကတ် သေးမနိန်ကတ်ကေ့)*

**မ္ဗန်–(က)**အနံ့ကြောင့်လီရှူမရဖြစ်သည်*(ငရုပ်သီး လော်နံ့မ္ဗန်နိန်ရေ)*(ခ) (ဟောက်)အိပ်တေခါအသက်ရှူသံကျယ်ကျယ်ကြီးမြည်ခြင်း *(အေစွာ အိပ်ကေ ကကောင်းမ္ဗန် တတ်တေ )* (ဂ)လိင်စိတ်ကြောင့် အဆိုးအ ကောင်း မခွဲနိုင်ခြင် *(အေကောင် မ ' စိတ် မ္ဗန်နိန်ရေ)*

**မှက်**–(က)သွီးစုတ်ယင်ကြီးတစ်မျိုး(ခ)စုန်းအကြီးစား။

**မှုန့်စိ**–(အလွန်သေးငယ်သော) အငယ့်ချေ *(လူက မှုန့်စိချေရာ ရှိသိရေ မယား တောင်းနိန်ဗျာလဲ)*

**မွိ–(က)**ချချာလည်နိန်သော*(ပင်ကာမွိနိန်ရေ)* (ခ)စိတ်ရှုပ်*(စိတ်မွိနိန်ရေ)*

**မွီး–**(မွှေးဖွါး)အချေမျက်နှာမြင်သည်။

**မွီးစပ်–**(မွေးစား)အပြီးအပိုင် ခေါ်ယူစောင့်ရှောက်ထားသည်။

**မေဇှူသီး–**(မရမ်းအချိုသီး) မညင်းချိုသီး/ သရက်ချိုသီး။

**မော်**–(က)မြစ်ဘက်ကိုထိုးထွက်နိန်ရေ နုံးမြေနုလွင်ပြင်(ခ)မော့ထားသည်။
**မော်ရာ**–ကြိမ် ဖင်ထိုင်ခုံ ပပုချေ။
**မောက်ကလီဆီထိုး**–အများကြီးပိုလို့*(ငါးတစ်သိုက်ဆိုကေလေ့ အရီးကို မောက်ကလီဆီထိုး ပီးလိုက်ပါရေကား)*
**မောင်ညို**–(ကြက်တူရွေး)ကျီး။
**မောင်မဲသီး**–(ဖီးကြမ်း)နှပျိုးသီးတစ်မျိုး။
**မောင်း(က)(အလီးချိန်)**တစ်ယူနစ်ကို (၂၅)ပိဿာရှိရေအလီး ချိန်စံနစ်။ *(ကွမ်းသီးတစ်မောင်း)*(ခ)ဆန်ဖွပ်မောင်း(ဂ)အသံမြည်ရေမောင်း။
**မောင်းကာ**–(အဖီ) အိမ်နန့်ဆက်လို့ဘေးဘက်က တိုးချဲ့ဆောက်ထားရေအယတ်/ မောင်းရုံစသည်။
**မောင်းကာကြီး**–ကိုယ့်အခြေအနေနန့်မလိုက်အောင်ကြီးကျယ် နိန်ရေလူ *(ကိုယ့်မှာက စားစရာနိန်စရာတောင်မရှိ စကားပြောကေ ကကောင်း ကြီးကျယ်ရေ အိမ်ကလဆွီး မောင်းကာကြီး ဆိုရေလူမျိုးကာ)*
**မောင်းကာချ**–တစ်ခုခုဖြင့်ကာသည်*(မျက်စိမွဲနိန်လို့ စာကို မျက်စိမောင်း ကာချလို့ရာ ဖတ်ရရေ)*
**မောင်းကျ**–လက်မောင်းအရင်းမှာ မြှင့်လို့မရအောင် အားနည်းနိန်သည် / နာနိန်ခြင်း။
**မောင်းကျွတ်**–(ချိုင်းပြတ်အကျႌ)အကျႌမောင်းပြတ်။
**မောင်းတင်**–(က)အားပြုထားခြင်း*(ယင်းကောင်ကိုတွိကေ စားပလိုက်ဖို့ လို့မောင်းတင်ထားရေ)* (ခ)လက်မောင်းအရင်း လီဝင်လို့ လက်ကို မတင်နိုင် မချနိုင်ဖြစ်နိန်သည်(ခ)သေနပ်မောင်းတင်သည်။
**မောင်းပိုင်း** –လက်အတိုအကျႌ *(အကျႌမောင်ပိုင်း)*
**မောင်းပြုတ်**– (က)လက်မောင်းရင်းအဆစ်ပြုတ်သည် (ခ)အကျႌလက် ကတီးပြတ်(ချိုင်းပြတ်အကျႌ)
**မောက်တင်**–(က)အမောက်ရှိသော*(ဇရက်မောက်တင်)*(ခ)မာနကြီးသော။
**မောက်တော်**–မြင့်မြတ်သော/ မိဖုရားကြီး*(တက်လေးချောင်းနန့် အပြင်း လော့် မောက်တော်ရှင်မ ပေါင်းထဲက = လိပ် (ပန်းဝှက်ခြင်း)*

**မှောင်**–(က)မှောင်မိုက်သည်(ခ)စာရင်းကွာသည်/ မရှင်းမလင်း ဖြစ်သည် ဖေချာစာရင်းကွာနိန်သည် *(ဖေချာ မှောင်နိန်ရေ)*
**မျောက်**–(ဆော့) အလွန်သေးသော /ငြိမ်ငြိမ်မနိန်သော *(အေကလေချေ ကကောင်းမျောက်တေ တခုစီ လားလုပ်နိန်ပြန်ဗျာလ်)*
**မျောက်ကိုက်**–အရုပ်ဆိုးသူ*(ရုပ်ကိုက မျောက်ကိုက်ရုပ်အသူကြိုက်ဖို့လဲ)*
**မျောက်ခြောက်ခြောက်**–မိမိမှာ သတ္တိအမှန်မရှိဘဲ ခြောက်ကြည့်သည်။
**မျောက်ငိုပင်**–အကိုင်းအခက်နဲပြီး ချောပြောင်နိန်သောပင်စောက်ပင်မျိုး။
**မျောက်မထား**–လင်ငယ်/မယားငယ်နိန်သည်။
**မျောက်မျိုမျောက်မျောက်**–အငြိမ်မနိန်ဘဲ လျှောက်လုပ်တတ်သော။
**မျှော်စပ်**–(မျှော်ကိုး)အခွင့်အရေးမျှော်ကိုးလို့ ခယဝပ်တွား လုပ်နိန်သည်။
**မြေကိုင်**–မြေဖုတ်ဖမ်းစားသည်။
**မြေစာပစ်**–(ယတြာချေခြင်း)သီကိန်းရှိရေလူဘက်က ခြီသည်းလက်သည်း ဆံပင် အဝတ်စတိ ကိုယူပြီး မြေမြှုပ် ယပ်တရာ လုပ်သည်။
**မြေစိုက်**–မြေကြီးမှာ တိုင်စိုက်လို့ ဆောက်ထားသော *(အဆောက်အဦး)*
**မြေထိုင်**–မြေကြီးနန့် ကပ်လို့ဆောက်ထားသော *(အဆောက်အဦး)*
**မြေပြုထိုင်**–(ပဆစ်ဒူးတုပ်ထိုင်)ခြီထောက်နောက်ကိုခေါက်လို့ထိုင်သည်။
**မြေလှန်**–(က)မြေကြမ်းရေနိန်ရာကို ဂမ္ဘီရနည်းနန့်စီရင်ပြီးကေမြေကြီးကို ထက်အောက်လှန်ပစ်သည်။(ခ)မတွိတွိအောင် ကမ္ဘာပတ်ရှာသည်။
**မြောင်**–ရီမြောင်းချေ။
**မြောက်ဘက်လား**–(သေနာ–ဆဲခြင်း)သီလားဖို့ကောင်းအောင်ဆိုးရေလူ မသာလောင်း *(ရခိုင် ရိုးရာမြောက်ဘက် အရပ် မှာသချိုင်းရှိသည်)*
**မြောက်အု**–ပြုတ်စားရရေ နွယ်ပင်အအု တမျိုး (ကင်းခွန်းဥ)

## (ယ)

**ယနာနာ**–(ယောင်ချာချာ)ငေးမောလို့ကျန်နေသော*(သူများတိ ကောလိပ် ကျောင်း လားကတ်စွာကိုကြည့်ပြီးကေယနာနာနန့် ကျန်လိုက်တေ)*
**ယာ**–(က)တောင်စောင်းစိုက်ခင်း (ခ)မယောင်မလည် ထွက်လားသည် *(ယင်းသူ အနားကို ရောက်လာပြီးမှ ယာလို့ ထွက်လားခရေ)*

**ယက်**–(က)ခြံထောက်နန့် ကုတ်ခြစ်သည် *(တာယက်သည်)*(ခ)လျှာဖြင့် ပွတ် သည်*(လျှာနန့်ယက်တေ)* (ဂ)ပင်လယ် လှိုင်ကြီး *(မိုးသံလီသံ လှိုင်ဂယက်ကေ ယက်အူသံနန့် တော်သံလည်းကျူး––)*

**ယက်ယက်ချေ**–အလွယ်တကူ*(ဝါကြီးနန့်ပြိုင်ကေ လပျို့ချေက ယယက် ချေ နိုင်ရေနှင့်ရာ)*

**ယက်သေ့**–ရီထဲက ငါးတိကိုယိုးယူရေ ဝါးနှီးနန့်ရက်ထားရေ ဆက်ာ။

**ယက်အူ**–ပြင်းထန်သောပင်လယ်လှိုင်းထသံ*(မိုးသံလီသံ လှိုင်းဂရက်ကေ ယက်အူ သံနန့် တော်သံလည်းကျူး–––––)*

**ယင်ရွဲသီး**–ရွှေ ချိန်ရေအခါ အသုံးပြုရေ ရွေးသီး။

**ယင်သူယင်သား**–(ဦးရာလူစံနစ်) အယင်ရောက်တေလူ ရစတန်း။

**ယင့်**–စကားကို အသံရှည်ရှည်ဆွဲပြောသည် *(စကားယင့် /အယင့်ရှည်)*

**ယင်း**–စော၍ဖြစ်သော *(ဆီးခန်းမှာ ယင်း လို့ရောက်နိန်ရေ လူနာတိကို အယင် ဝင်ခိုင်းရဖို့ နောက်ရောက်တေလူ ဓာဖြစ်လို့အယင်ဝင်လေ)*

**ယင်းကျေးဇူး**–(ထို့ကြောင့်)ယေတွက်နန့်/ယင်းအတွက်နန့်။

**ယင်းလူ**–လင်ယောကျ်ားကို ရည်ညွှန်းရေစကား *(ယင်းလူမှာ လားဖို့ရှိစွာ ကိုစိတ်ချလက်ချ လားလီဖိ တခုလေ့ ပူမနိန်ကေ့)*

**ယာဇ်ဖီယာဇ်ဖတ်**–(မူးမူးရူးရူး) အရက်မူးမူးနန့် *(ယာဇ်ဖီယာဇ်ဖတ်နန့် ဘုန်းကြီး ကျောင်းကို တက်လာရေ)*

**ယီးဆွဲ**–လောင်းကိုတပြိုင်တည်းလှော်ဖို့သံပြိုင်အော်သံ*(ဟေးလားမောင်ရို့ ယီးဆွဲ––ယီးဆွဲ)*

**ယီးတီးယားတား**–မလေးမစား*(ယီတီးယားတား တော့လာမလုပ်ကေ့ ဘဖြူ အကြောင်း သိလားကတ်ရဖို့)*

**ယီးယင်**–(ဒန်း)ပခွက်/ယိုင်း *(လာ အဘုချေ ယီးယင်စီးခလိုက်)*

**ယီးယင်ထ**–နန့်ကြောထသည်/လွသည်*(တောင်ကိုတက်ဝါးရစီ ချောင်း ကိုဆင်း ငါးရစီ–အစံမေ ယီးယင်ထကေ လင်ရစီလေး–လင်ရစီ)*

**ယီးယင်ထိုး**–(က) (ရှေ့နောက်လွှဲသည်) အရှိန်နန့် ရှိနောက် လွှဲသည်/ ယိုင်းစီးသည်(ခ)အားနည်းလို့/မူးလို့ခန္ဓာကိုယ် ယိမ်းယိုင်နိန်သည်။

**ယွ**–(က)(လျော့)တောင့်တင်း ခိုင်မာမှုမရှိသော*(အေမှာ ကြိုးယွနိန်သိရေ တဆိကေဆွဲ အုန်းသိ)* (ခ)မပြည့်သော *(ပစ္စည်းထည့်စွာ ယွနိန်သိ ရေ ထပ်ထည့်အုန်းသိ /အေသူကစိတ်ပင်လေ့ စိတ်ယွနိန်ရေဟန်)*

**ယွထီယွထုတ်**–ကျစ်လစ်မှု/ သန်မာမှုမရှိသော*(အေကလေချေကယွထီယွ ထုတ်နန့် ဇာပိုင် အပြီးပြိုင်ဖို့လဲ)*

**ယွတ်**–(ဟိုက်ကျ)အောက်ကိုလျော့ကျနိန်သည်*(မမှာ ကြိုးကို တတင်း ချိုင်ထား အထုပ်တိ ယွတ် ကျနိန်ဗျာလ်)*

**ယွတ်ထီယွတ်ထုတ်**–တောင့်တင်းခိုင်မာမှုမရှိသော။

**ယို့**–(က)ရှက်ကြောက်တေ အမူအရာနန့်လုပ်နိန်သည် *(နင့်မှာ လူရှိမှာ ယို့လို့မနိန်ကေ့ တချက်)*(ခ)ချော့မော့လို့/အလိုလိုက်လို့/သီးခံလို့ *(နင်ရို့ကို ယို့လို့ထားဖို့ ငါမတတ်နိုင်)*

**ယိုင်**–(က)ဘေးကိုစောင်းနိန်သည် (ခ)ယဉ်ကျေးသည် *(အေ ကျားချေ ကကောင်းပင် လူနန့်ယိုင်ရေကာ)*

**ယိုင်ပျက်**–(ပြန်မပြောနားမထောင်)လိမ္မာဖို့ပုံစံနန့် ကကောင်းဆိုးသော။

**ယိုင်း**(က)ရှိနောက်ယိမ်းထိုးသည်*(နတ်ကောင်းမတိအယိုင်းယိုင်းကနိန်ရေ)* (ခ)(ဒန်း)ပုခွက်အကြမ်း။

**ယေမတောင်**–(အဲဒါပေါ့)ယင်းရှင့်မလားယေ *(ယေမတောင် အရီးလေ– အရီးသမီးနန့် ကြိုက်နိန်ရေ ကျောင်းဆရာချေ ဆိုစွာယေ)*

**ယောက်**–(က)တစ်နိန်ရာရာမှာပတ်ထားသည်*(ဒယောကိုလိုင်မှာယောက် ထားရေ)* (ခ)ရက်ကန်း ရက်ဖို့ ခြည်ကို စံနစ်တကျ ပြင်ဆင်သည် *(ခြည် ယောက်နိန်ရေ)* (ဂ)ထုတ်တန်းအထက်ကထပ်ဆင့်တပ်ဆင်ရေ သစ်သားတန်း *(ထုတ်မှာသတ် ယောက်မှာသတ်)*

**ယောက်စိယောက်စိုင်**–တစ်ယောက်တလေ/တစ်ယောက်စနှစ်ယောက်စ *(လူတိုင်း ရွှေတူးလားကတ်ကေလေ့ ယောက်စိယောက်စိုင် ရှိစွာရာ)*

**ယောက်စိုင်**–တယောက်ချင်း *(ဆရာဝန်နန့် ပြဖို့ လူနာတိ ယောက်စိုင် ယောက်စိုင် ဝင်ကတ်)*

**ယောင်**–ကဲ့သို့*(နတ်သမီးယောင်လှ /ဘုန်းကြီးကျောင်းယောင် ကြီးရေ)*

**ယောင်**–(က)အိပ်နိုန်ရာကစကားပြော/ လမ်းလျှောက်ခြင်း(ခ)အနားစပ်တလျှောက်ဖြစ်သော*(ချောင်းနားယောင် အုန်းပင်စိုက်ထားရေ)*

**ယောင်း–**(က)အပိုင်း/ လေးထောင့်မဟုတ်သော*(မြေကွက်ယောင်းနိုန်ရေ)* (ခ)စောင်းပြောသည် *(ငါ့ကိုလာလို့ ယောင်းမနိုန်ကေ့)*

**ယွေ့**–(ရွှဲ့)ပုံမှန်အနိုန်အထားမှစောင်းနိုန်သော*(မင်းမှာအိမ်ဆောက် ထားစွာက ယွေ့နိုန်ရေထော)*

(ရ)

**ရကြက်**–(ပြည်ကြီးငါး)ခြေလက်အများကြီးနန့်ငါးတစ်မျိုး။

**ရခူ(ရီခူ)**–(ရေခူ)အရိုး မရှိသောပင်လယ်ငါးတစ်မျိုး(ဂျယ်လီဖစ်ရှ်)

**ရခိုင်မြို့–**မြောက်ဦးမြို့*(၁၉၈၀–ခလောက်ထိမြောက်ဦးမြို့ကို ရခိုင်မြို့လို့ ဝါကြီးဝါကြီးမတိ ခေါ်ခ ကတ်ပါသိရေ)*

**ရဂုံးခတ်**–(ရေကူး)ရီကူးသည်။

**ရနံကြိုင်**–(က)(ညမွှေးပန်း) ညည့်မှာမွှီးရေပန်းတစ်မျိုး/ ရိုးလှသန္တာ (ခ)စက်ရုံချက်ရနံဆီ အကြိုင်။

**ရပေါ်ဆီ**–(အပေါ်ယံ)လူမြင်ကောင်းရုံဖြစ်သော*(ယင်းကောင်တိရပေါ်ဆီရာဝေ အရေးကြီးကေ တခုလေ့ အားကိုးလို့မရ)*

**ရပေါ်နင်း–**(ကိုယ်ဖော့သည်)ခြီနန့်လက်နန့်ခတ်လို့ ရီထဲမှာ ရပ်နိုန်သည်။

**ရဖြုံးစင်**–(ရေကပြင်)ရီသုံးခန်း*(ဟင်းဇား တိကို ရဖြုံးစင်မှာ ဆီးခီကတ်)*

**ရဖြိုးရဖြာ**–ဖြိုးဖြိုးသီသီ/ စည်းကမ်းမရှိ*(ဖေချာတိကိုယင်းပိုင် ရဖြိုးရဖြာသုံးပစ်ကတ်ကေ အရောကြီးရေခါ ဇာကိုသုံးကတ်ဖို့လဲ)*

**ရဘုတ်–**(က)ဥပုတ်(ခ)လကို ဖမ်းတတ်တေပုတ်*(လကို ရပုတ်ဖမ်းရေ)* **(ဂ)**(ဘုတ်ငှက်)မြစ်နား ခြုံပုတ်တိမှာ နိုန်ပြီးကေ ဖြားအတက် အကျမှာ မြည်တတ်တေငှက်မျိုး*(ရဘုတ်မြည်နိုန်ဗျာလ် ဖြားတက်ဖို့ဗျာလ်)*

**ရရောင်းသတ်**–(ဆူညံကျယ်လောင်စွာ) အလွန်ဆူညံစွာ *(ရရောင်းသတ်မနိုန်ကတ်ကေ့ လူကြီး တိ တရားထိုင် နိုန်ရေ)*

**ရဟုဆိုက်**–အခက်အခဲအကြီးအကျယ်ဖြစ်သည်*(ခရီးလားခါနိုန်းမှာဖေချာပျောက်လားခလို့ ရဟု ဆိုက် နိုန်ရေ)*

**ရီအုန်းပင်**–(ခနိပင်)ရိုင်းအစပ်တိမှာပေါက်တေပင်စည်မရှိရေအုန်းတစ်မျိုး။ *(ကုလားအုန်းပင်–ရီအုန်းပင် နေဝ်စာဦးဖ–လရတတ် ဒင်္ဂါးတစ်ရာ–)*

**ရက်ချိုင်**–တစ်ရက်ခြားနှစ်ရက်ခြား*(အေသူ ငှက်ဖျားဖြစ်လို့အခုရက်ချိုင်ဖျားနိန်ပါရေ ဆရာ )*

**ရက်ပြတ်**–(က)အမြဲတန်း/မကြာမကြာ*(ဖေချာချေတဆိကေချေရဖို့ရှိစွာ ရက်ပြတ်လာတောင်းနိန်ရေ)*(ခ)တရက်လုံး(*မင်းကို ရက်ပြတ်တရက်စောင့်နိန်ခသိရေ)*

**ရင်–(**က)ခန္ဓာကိုယ် အထက်ပိုင်း(*ထမီ ရင်တင် ဝတ်ထားရေ)* (ခ)ပြည့်တင်း နိန်သည်*(နို့ရင်နိန်ရေ)*

**ရင်ကန်–**ခက်ခဲသော*(ရှိမှာတွိရဖို့ အခက်အခဲတိက ရင်ကန်ရာသိ)*

**ရင်ဆာ**–(ရင်နာ)အလွန်စိတ်မကောင်းဖြစ်သည်*(ယင်းလူ မယားငယ် ယူလားစွာ ငါ ရင်ဆာရေ)*

**ရင်ဆို့**–ရင်ထဲမှာမွန်းကျပ်လားခြင်း။

**ရင်တင်**–ရင်ဆိုင်ရဖို့ အခက်အခဲ *(ရှိမှာလုပ်ရဖို့စွာတိက ရင်တင်ရာသိ)*

**ရင်ရူးခတ်**–(အလျှင်စလို) အလွန်အမင်း ဆန္ဒ စောနိန်သော *(ရင်ရူးခတ် မနိန်ကတ်ပါကေ့ စိတ်အအီးနန့် စိုင်းစာ ကတ်ရပါဖို့)*

**ရင့်–(**က)ခူးဆွတ်ချိန် တန်နိန်ပြီးသောအသီး*(ကွမ်းသီးတိ ရင့်နိန်ဗျာလယ်)* (ခ)ရင့်မာသည်*(ဗူးသီးအရင့်)*(ဂ)မထီလေးစားလုပ်သည်*(မင်းစကားပြောကေ ကကောင်း ရင့်ရေကာ)*

**ရင်းတန်းခတ်**–(တက်ရှည်ဖြင့်လှေလှော်သည်)လောင်းကို တက်အရှည်ကြီးနန့်နောက်ပြန် ဆွဲလို့ အားရပါးရလှော်သည်။

**ရုံတန်း–**(ကြွက်လျှောက်)ထရံကပ်ဖို့အတွက်ဆင်ထားရေသစ်သားတန်း။

**ရန်ခဲပဆာ**–စကားများ ရန်ဖြစ်ကြခြင်း*(မင်းရို့ ရန်ခဲပဆာဖြစ်နိန်လိမယ်လို့လူကြီးတိ လိုက်ပါလာရေ)*

**ရန်ပလီ** (Refree)–အားကစပ်ပွဲက ဒိုင်လူကြီး။

**ရမ်း**–(ရောင်ရမ်း) *(အနာဖြစ်လို့လက်ရမ်းနိန်ရေ)*

**ရမ်းဘောက်လီ**–အနောက်တောင်မုတ်သုန်လီ(ရမ်းဘောက်ထကေမိုးကျရေ)

**ရှူးဇနား**–(ငါးမုတ်)ပင်လယ်ငါးတစ်မျိုး။
**ရှူးဇာကိုင်**–(မူဆလင်ဥပုတ်)ကုလားတိ အစာမစားရရေဥပုတ်စောင့်သည်။
**ရှာနာ**–တစ်ရွာလုံးကိုထိခိုက်သည်/ ရွာကိုခိုက်ခြင်း*(လူသီ အလောင်းကို ရွာကိုမသွင်းရ ရွာနာရေ)*
**ရှာဟုံ**–တရွာလုံး *(ဒါးမြကို ရွာဟုံ ထွက်လို့ လိုက်ပလိုက် ကတ်တေ)*
**ရှီး–(**က)သီးသန့်စီဖယ်ထုတ်သည် *(ဆန်ကို စပါးလုံး ရှီး လိုက်အုံး)* (ခ)စာရီးသည်–စာတစ်ရွက်ရှီးနိန်ရေ(ဂ)ရှောင်ရှားသည်*(ချပိုက်ဟာရီ မျိုးဆိုကေ ဇာလောက်ဖေသာရှိရှိ ငါ့သမီးနန့်မပီးစပ် ငါရှို့ကရှီးရေ)*
**ရွက်ကျင်ပြန်**–(ရွက်နုပြန်)အရွက်ဟောင်းကြွီ အရွက်သစ်ထွက်လာခြင်း။
**ရှင့်ဗြာသတ်**–(လေလွင့်နေခြင်း)အလုပ်မလုပ်ဘဲ လျှောက်လားနိန်သည်။
**ရွန်းသီး**–(လွန်းသီး)ရက်ကန်းစင်မှာသုံးရေ အဖေါက်ခြည်လုံး။
**ရွမ်း**–(ဝင်းရောင်လာ)အသီးများမှည့်ဖို့ဝင်းလာသည်။
**ရွမ်းဘြင်း**–အရောင်ဝင်းလာရေ မှည့်ဖို့နီးနီးအသီး။
**ရိန့်နာ**–(က)(ပလိပ်ရောဂါ)ကူးစက်လွယ်ရေ လည်ပင်းမှာအကျိတ်ထွက် တတ်တေရောဂါ(ခ)အလွန်လျှင့်မြန်စွာ*(ရိန်နာသတ်သတ်လို့ကကောင်း ပင် ယင်မြန်ပါရေကာ)*
**ရိုက်ဖေါင်း(**Riffle) – ပြောင်းရှည်ရိုင်ဖယ်သနပ်။
**ရိုင်**–(က)ဆန်ရိုင်(ခ)ခေါင်းမူးသည်(ခေါင်ရိုင်သည်) (ဂ)ဒါးနန့်ပတ်လို့ ထစ်သည်*(မဆီမဆိုင် ကပိုင်သားကို ဒါးနန့်ရိုင်)*
**ရှား**(ရကောက်သံနှင့်ဖတ်)–(က)ရှိုးထုတ်လာသည်*(ကကောင်း ရှားလို့ လာပါရေကာသမက်တက် လားဖို့လား)* (ခ) စွဲမက်စီရေ အရသာ တစ်မျိုး *(လှော်စာရည် ရှားနိန်ရေထော)*
**ရှက်ပင်**–(ထိကရုံး)တို့မိထိမိကေ အရွက်ကုတ်လားတတ်တေ အပင်ချေ။
**ရှိ**–(ရွှေ့လျားသည်)နိန်ရာပြောင်းလားသည်*(နိန်ရာတဆိကေ ရှိလားရေ)*
**ရှိ့** –(ရွှေ့)နိန်ရာပြောင်းသည်*(မှန့်ဗျတိကို အခန်းထဲ ရှိ့ထားလိုက်)*
**ရှစ်**–(တူးခါးသည်)မိန်းအပူလွန်လို့ အပူလောင် လားသည် *(ငါးကြော် ထားစွာ ရှစ်နိန်ဗျာလ် အလျှင်ချလိုက်ဖိ)*

**ရှ**–အသံတိုးတိုးမြည်သည်*(ငါ့ ဝမ်းရှ နိန်ရေ/ရှရှ ရှရှနန့် လှုတိ ဓာဖြစ် နိန်ကတ်လေ)*

**ရှိုင်**–(ယိုင်တိုင်တိုင်)ခေါင်းမူးမူးချေ ဖြစ်နိန်သည် *(ခေါင်းရှိုင်နိန်ရေ)*

**ရွှေ**–(က)(ရွယ်)လက်နန့်သတ်ဖို့/ခြီနန့်ကျောက်ဖို့ဟန်ပြင်သည်*(သတ်ပင်ကမသတ်ရသိ လက်နန့်ရွှေပြလိုက်စွာနန့်ငိုနိန်ရေ)*(ခ)သစ်သား အထက်ပြီ ဒါးနန့်ပပါးချေခွါသည်*(တိုင်ကိုဒါးနန်တဆိကေရွှေပလိုက်)*

**ရှောင်ရှင်–(**အောင်လောင်ငှက်)(က)ငှက်ကြီးတစ်အမျိုး (ခ)စကားကိုအသံ အကျယ်ကြီး ရရောင်းသတ်လို့ပြောပြောတတ်တေလူ။

**ရှောင်ဆီ**–(သဘော်ာဆေး)အရောင်သုတ်ဆီးအမျိုးမျိုး။

**ရှောင်းရှင်းခတ်**–(ဆူဆူညံညံ)ဆူညံနိန်သော။

**ရှောက်ကြည့်**–ရှောင်းကြည့်သည်*(အပေါက်ချေက တချက်ရှောက်ကြည့် လိုက်တေမှာ ဘုရားလူကြီးတိ အရက်သောက်နိန်ကတ်စွာရာမလား)*

**ရှောက်ရှာ**–(တိရိစ္ဆာန် အချင်း) *(နွားရှောက်ရှာ/ဆင်ရှောက်ရှာ–စသည်)*

## (လ)

**လကျယ်**–လူမိုက်။

**လညှက်ဆိုး–**အမှိုက်သရိုက်တိ။

**လတားခတ်**–ရှုံးပြနိန်သည်*(နိုင်ငံခြားကရလာရေ ဖေချာချေနန့်တစ်နား ရာ လတားခတ်တေ အခုကုန်လို့ စားစရာတောင် မဟိဖျာလ်)*

**လထုပ်သာရ–**အရည်အခြင်းမရှိသူ/အရှက်အိန္ဒြေ မရှိသော။

**လ'ပ'ဂဏန်း–**အရည်အခြင်းမရှိ/အနှစ်မရှိရေလူ/ပညာမတတ်တေလူ။

**လပြဆွမ်းတင်**–ပေါ့ပေါ့ဆဆလုပ်လာသည် *(အေကိစ္စ အရေးကြီး ရေ လပြဆွမ်းတင် လုပ်မလာကေ့)*

**လပြာစိုင်**–(လိပ်ပြာစဉ်)တစ်ခုခုကြောင့် လန့်လားပြီးကေ စကားမိန်းမရ ဖြစ်နိန်သည်။

**လပျက်(လူပျက်)–(**လူရွှင်တော်) ဇာတ်မှာ ရယ်စရာလုပ်ပြရေလူ။

**လပေါ်သရီ–**ပပေါ့ဆဆ/မသေမသပ်ဖြစ်သော*(အလုပ်တိကို ပြီးကေကျိ ဆိုပြီး လပေါ်သရီမလုပ်ကေ့ သသေသပ်သပ် လုပ်ကတ်)*

**လမုံ့**–(ဝါးယင်း)ချောင်းပိတ်ရာ/ ခြံချင်ါးရှာရာမှာသုံးရေဝါးချောင်းချေတိ ကို ကြားကြားချေ ကြိုးနန့် ရက်ထားရေဝါးထရံ *(––လမုံ့ပိတ်ရာ ခြံချရာကို ငါးရှာခေါ်မတော်သည့်ခိုက် လှကြင်သွယ်မေမလိုက်ကေ့ ငါးနန့်မတူ ငတောက်တူ ငရူစူးကေ အီးလိမ့်မေကား–ငစွယ်ခြင်း)*

**လရတတ်**–(လူချမ်းသာ)ဖေချာချမ်းသာသူ/ သားသမိန်းများရေ မိသားစု။

**လလီးပပစ်**–အလေးအနက်ဖြစ်သော*(အေသူစကားပြောကေ ကကောင်း လလီးပပစ် ကျရေ)*

**လီသင်းထုန်း**–လီဖြတ်ရောဂါ။

**လူ**–(က)လူသား(ခ)သူများအရာဖြစ်သော*(ယင်း အထုပ်အပိုးတိက ငါရို့ စွာတိက မဟုတ် လူ စွာတိရာ)*

**လူးကျ**–လိမ့်ကျသည်။

**လွား**–(သေသည်)သီဆုံးသည်*(အဆင့်အတန်း မရှိသော သီဆုံးခြင်းမျိုး)*

**လက်ကကောက်နန့်**–မိမိကိုယ်တိုင်အားထုတ်ခြင်း*(အိမ်မှာဆိုကေ ထင်း ချေ တစ်ပေါက်တောင် လက်ကကောက်နန့် မပေါက် သူများဘက် မှာ ဆိုကေ ကကောင်း ကောင်းရေ)*

**လက်ကတီး**–(ချိုင်းကြား)လက်မောင်းရင်းနှင့် ခန္ဓာ ကြားနိန်ရာ။

**လက်ကတီးခတ်**–အခြားတစ်ယောက် ဒုက္ခရောက်လားစွာကိုဝမ်းသာလို့ လက်မောင်းဖြင့် ခန္ဓာကိုယ်ကို ရိုက်ခတ်/ တီးခတ် ပြသည်။

**လက်ကျင်**–(လက်သတ်မွေးထားသော)ယိုင်ပါးအောင် သင်ထားသည်/ စံနစ်တကျ လေ့ကျင့် သင်ကြားထားသော*(ယင်းစွာကို အချေကပင် လက်ကျင် မွီးစပ် လာစွာအစ်ကို ဓာခိုင်းခိုင်း စိတ်ချရရေ)*

**လက်ကျိတ်**–(လက်ဖံ)တန်းတောင်ဆစ်နန့်လက်ကောက်ဝတ်ကြားလက် အပိုင်း*(လူကလက်ကျိတ် လောက်ရာရှိသိရေမယားလိုချင်နိန်ဗျာလယ်)*

**လက်ခရေး**–(က)လက်ချဉ်းသက်သက် *(ဘုရား တောင်ကုန်းထက် ကို လက်ခရေးလားဖို့အတူတူ အုတ်ခဲချေတစ်ခဲပင်ဖြစ်ဖြစ်ကိုင်လို့လား လီ ကတ်)*(ခ)အကျိုးမရှိသော(*ကုန်ကူးလား ခီစွာ ဒါးမြတိုက် ခံရ လို့ လက်ခရေး ပြန်လာရရေ)*

**လက္ခဏာပြတ်**–လက်ဝါးပြင်ကို ကန့်လန့်ဖြတ် နိန်ရေ လိုင်း *(ရှင်ကေ ရွှေထီး သီကေမြေကြီး ဆိုရေ နိမိတ်)*

**လက်ခ**–(က)(လက်နီး)လက်ကို မပူရအောင်အောက်ကခံပီးရရေ အဝတ် မပူရအောင်အောက်ကခံပီးရရေအဝတ်(ခ)ကိုယ်စားခါးစာခံလုပ်ခြင်း။ (ဂ)အလွန်ညစ်ပေနိန်သော။

**လက်ခုပ်**–လက်ဝါးနှစ်ဘက်ကိုဆက်စပ်ထားသော*(လက်ခုပ်နန့် ရီခပ် လာရေ /လက်ခုပ်တီးရေ)*

**လက်ခုပ်တစ်ဖေါင်**–လူကြီးရပ်စောက်ရပ်ပြီး လက်ကိုအမြင့်ဆုံး ထောင် ထားရေအမြင့်*(အိမ်ကို ထရံကာထားစွာအမြင့် တစ်ရပ်နန့်လက်ခုပ် တစ်ဖေါင် ရှိရေ)*

**လက်ခုပ်သီး**–(သော့ခလောက်)*(တန်းခါးကို လက်ခုပ်သီး ခတ်ထားလိုက်)*

**လက်ဆီထွက်**–စိတ်လှုပ်ရှားမှုကြောင့် လက်ဝါးပြင်မှ ချွေးထွက်သည်။

**လက်တင်ခြီတင်**–ကိုယ်ထိလက်ရောက်*(နင် ငါ့သမိန်းချေကို လက်တင် ခြီတင် ပြောဖို့မလို)*

**လက်တက်**–အထူးကျွမ်းကျင်လာသည်*(အေပန်းပုဆရာ အေနှစ် ကကောင် လက် တက်လာရေ)*

**လက်ထွန်းပစ်**–(ကြိုးရှည်နှင့်ငါးမျှားသည်)အလီးဆွဲထားရေ ကြိုးအရှည် ကြီးနန့် မြစ်ချောင်းများတွင်ငါးမျှားသည်။

**လက်နက်**–(နယ်စပ်)ဥယျာဉ်ခြံ/စိုက်ခင်း နှစ်ခုထိစပ်နိန် ရေနိန်ရာ။

**လက်နက်သတ်**–လယ်/ဥယျာဉ်ခြံ နယ်နမိတ်သတ်မှတ်သည်။

**လက်ပျက်လိုက်**–လက်ချောင်းများတွင် အနာဖြစ်ပြီးအတွင်းမှ အသား များပျက်စီးသည့်ရောဂါရသည်/အသားပုတ်သောအနာ။

**လက်ဖ**–လက်ပြောင်းလက်လွှဲလုပ်သည်။

**လက်ဖျားဆစ်**–အင်္ကျီလက်ရှည်။

**လက်ဖျားသိန်**–အင်္ကျီကိုလက်ရှည်ဝတ်ထားသော*(အပြင်မှာ ကကောင်း ချမ်းရေ အင်္ကျီကို လက်ဖျားသိန်ဝတ် ခကတ်/ပျာလာ ဆီးရေနိန် ရာမှာ လက်ဖျားသိန်ဝတ်ထားရလာ)*

**လက်ဖွဲ့**–(က)မင်္ဂလာဆောင်မှာလက်ဆောင်ပေးသည် (ခ)ရောဂါပျောက်အောင်/မပြုစားနိုင်အောင်/မကောင်းဆိုးဝါးတိ မကပ်နိုင်ရအောင် အထူးစီရင်ထားရေ အဆောင်*(လက်ဖွဲ့ထိုးသည်)*

**လက်မကောင်း**–ခိုးဝှက်တတ်သော *(အေကောင်ချေ လက်မကောင်း ဒေ အိမ်ကိုမသေလာကေ သတိထားကတ်)*

**လက်မ’ထွတ်**–(အုန်းသီးခွန်းခြစ်)အုန်းသီးအနု /အရွယ်နုပျိုသော။

**လက်ရှည်**–(က)လက်ကောက်ဝတ်ထိအရှည်ရှိသောအကျႌ (ခ)(အလစ်သုတ်သူ)ခိုးတတ်သူ *(အခြေအနေ အလိုက် ခိုးတတ်သူ)*

**လက်လှုပ်**–(လက်ပြင်)လက်မောင်း အရင်း ပက်ခုံး နောက်ဖက် နိန်ရာ *(လက်လှုပ် နိန်ရာမှာ လီဝင်နိန်လို့ လက်ကိုမြှင့်လို့ မရဒေ)*

**လက်သယိုင်လိုက်**–(အသားပုတ်ရိသောအနာ)လက်မှာကုသဖို့ခက်တေ အသားများပုတ်ရိရေ အနာဖြစ်သည်။

**လက်သာ**–(ဆံပင်ညှပ်ဆရာ) ဆံပင်ကိုက်ဆရာ*(လက်သာမြင် လက်သဲ ရှည်ရေ–စကားပုံ)*

**လက်သပ်**–တတိုးချေအသိပေးထားသည်*(ဝင်မပြော စီချင်ကေ အစကပင် လက်သပ် ထားရဖို့)*

**လင်းကြဲ**–ကိုယ်တုံးလုံး ဖြစ်သော*(လင်းကြဲ တုံးတုံး ရီချိုးနိန်ရေ)*

**လင်းပြန်တက်**–အိမ်ရွှေကင်းမဲ့သည်(က)ညည့်အလုပ်လုပ်ပြီးကေမိုးလင်း မှပြန်လာရေမိန်းမ (ခ)မိန်မတိအရှက် အိရွှေ မရှိဘဲတဟီးဟီး ရယ်နိန်သည် (ဂ) မိန်းမပျက်*(လင်းပြန်တက်မ အမျိုးတိ သိက္ခာကျရေ)*

**လင်ချာဆို**–(သမက်လောင်းရွေး)သမီးနန့်နစပ်ဖိသမက်လောင်းရွီးသည် *(နပျိုးသီး ကျာကျာ မှည့်လတ်တေ ကြာဖံလင်ချာ ဆိုလတ်တေ––)*

**လင်းညို**–ဆီးဘက်ဝင်အပင်(လင်းနေ)

**လန့်ဆန်**–(ကန့်လန့်)ပြောဆို ဆုံးမရေ စကားကို ဆန့်ကျင်လုပ်သည် *(မင်း စကားပြောကေ လန့်ဆန် စီပြောရေကာ)*

**လယ်ကျ**–လယ်ထွန် လုပ်ငန်းပြီးစီးသည် *(လယ်ကျကေ မင်းကို ဖေချာ တစ်သိန်း ပီးမယ်)*

**လယ်တစ်ခွက်**–စတုရန်းဝါးအပြန်တစ်ရာရှိရေ လယ်/ ခြံမြေဧရိယာ။
*(ဝါးတစ်ပြန်= ၁၂–တောင်)*
**လုံထုံ**–ထူထူအအ လူမျိုး။
**လုံး**–(က)ဘောလုံးပုံဖြစ်သော(ခ)ပစ္စည်းကိုသိမ်းဆည်းသည် *(ကိုယ့်ဝန်တိကို လုံးထားကတ် နက်ဖန်ခါ ခရီး ဆက်ထွက်ကတ်ရဖို့)*
**လုပ်ဆီး**–(ပလုပ်ကျင်း)ပါးစပ်ကို ရီသို့မဟုတ်ဆီးရည်တစ်ခုခုနန့်သန့်ရှင်းအောင်ဆီးသည်။
**လှည့်**–(က)နိန်ရာမရှိဘဲအရပ်မျက်နှာပြောင်းသည်(ခ)ခေတ္တခဏချေးငှါးသည်*(ဆီးကုဖို့ လိုနိန်လို့ ကျွန်တော့်ကို ဖေချာ တဆိကေ လှည့်ပါ)*
**လှန်**–(က)ဖုံးထားသည့်အရာကို ဆွဲမသည်(ခ)ငွေပြန်အမ်းသည်– ပိုရေ ဖေချာပြန်ပီးသည် *(ငါးဝယ်စွာက ငါးရာကျရေဆိုကေ အေမှာ တစ်ထောင်တန် ပီးပါရေကား ငါးရာ လှန် ရပါဖို့)*
**လှပ်**–(က)(လှယ်)ထည့်စရာအိုး/ ခွက်/ တောင်းများကိုလွပ်နိန်အောင် အချင်းချင်း ပေါင်းပီးသည် *(အေဖက်အိုးက ရီကို ထိုဘက်အိုးမှာ လှပ်လိုက်)* (ခ)တဆိကေ ဖွင့်ကြည့်သည် *(ဒယောကို တစ်ချက်လှပ်လို့ ပြလိုက် အနာဇာပိုင်ရှိလေသိရအောင်/အိုးအဖုံးကို လှပ်ထားလိုက်)*
**လိပ်ကိုက်**–မသေမသပ်/ မလှမပသော *(ရုပ်ကိုက လိပ်ကိုက်ရုပ် ရာ)*
**လိပ်ခံ**–(တုံးခုသည်)နိမ့်ရေနိန်ရာအောက်မှာ တုံးတစ်ခုကို ခုပီးသည်။
**လွ**–(နန့်)အိန္ဒြေမရဖြစ်သောအပြုအမူ*(အေကလိန့်မေ ကကောင်းလွရေ)*
**လိုင်ကြောတင်း**–ရန်လိုသော / မာနကြီးသော*(အေသူကစကား ပြောကေ လိုင်ကြော တတင်းနန့်)*
**လိုင်ပင်းကြီး**–ရာထူးကြီးကြီးရှိသူ/ ဩဇာအာဏာရှိရေလူ။
**လိုင်မှာယောက်**–လိုင်ပင်းမှာပါတ်ထားသည်*(ယက်သေ့အောင်အရက်မူးပနာ ဒယောကိုလိုင်မှာ ယောက်လို့ လမ်းလျှောက်လား နိန်ရေ)*
**လိုင်သားတက်**–အားအင်ပြည့်ဖြိုးလာသည်/ ခြီရာတိုင်းလာသော။
**လွမ်းစာအု**–စိမ်းစားအု/ ကပ္ပလီအု။
**လှိုက်ကာ**–အခန်းဆီးကလကာ။

**လွှတ်**–(က)ကိုင်ထားရာက လျှော့ပီးလိုက်သည်*(ငါးကိုရီထဲကို ပြန်လွှတ်လိုက်)*(ခ)လားခိုင်းသည်*(မောင်ဖြူကို ဈီးဝယ်ဓောင်လွှတ်လိုက်တေ)* (ခ)အကျင့်တစ်ခုခုကိုစွန့်သည်*(ငါအရက်ဆီးလိပ်လွှတ်လိုက်ပျာလ်)*

**လေမနိန့်**–(ဘိလပ်ရည်)ပုလင်းသွပ် အချိုဖျော်ရည်အမျိုးမျိုး။

**လေ့**–စိတ်ပါသည် / အားသန်သည် *(အေသူ အရက်သောက်ဖို့ ဖက်ကို ကကောင်းလေ့ရေ/နိုင်ငံရေးလုပ်ဖို့ လေ့ရေ)*

**လေးပွါတက်**–အပျော်လွန်သည်*(ထိုင်နိန်ရေ လူတစ်ကောင်လုံးကို မမြင်အက်မိအောင်ထိ လေးပွါတက် လာရေ)*

**လေးဟပ်ယိုင်**–ကိုယ့်ကိုကိုယ် မထိမ်းနိုင်/ ရပ်စောက်တောင် ကကောင်း မရပ်နိုင်ဖြစ်နိန်သည်*(အရက်မူးလားဆိုစွာမှာ အိမ်ကိုတောင်လေးဟပ်ယိုင်လို့ရာ ရောက်လာရေ)*

**လောကျိတ်**–(ခါးတောင်းကျိုက်)ဒယောကို ရှိကအစကို သိမ်းပြီး ပေါင်ကြားကသွင်းလို့နောက်ခါးမှာ ချိတ်ထားသည် *(အောက်ပေါ်ကျိတ်)*

**လောင်ပွါ**–ထီ/ ကံစမ်းမဲ*(ဘုရားလောင်ပွါ တစ်ရွက်လောက် ဝယ်ပါအုံး)*

**လောင်လင်ခတ်**–(ပြာရာခတ်)ပြာရာခတ်နိန်သည် / မနိန်နိုင် မထိုင်နိုင်ဖြစ်နိန်ခြင်း*(ဘီသျှတ္တရာမ လင်ငယ်နန့်လင်ကြီးကြားမှာလောင်လင်ခတ် နိန်ရေ)*

**လောင်ပွန်း**–(လင်ပန်း) ထမင်းစားပျာလာကြီး*(ထမင်း တစ်လောင်ပွန်း)*

**လောင်းပွဲ**–(လိုက်ပွဲ)ထမင်းတိ ဟင်းတိ ကုန်ကေထပ် ထည့်ပီးဖို့အသင့်ပြင်ထားရေ အပိုထမင်းပွဲ/ ဟင်းပွဲ။

**လျောက်**–ထပ်ဖြည့်ပီးသည်/ အပိုပီးသည်*(ထိုဘက်ဝိုင်းမှာဟင်းတိငါးတိ လျှော့နိန်ရေ တဆိကေလျောက် ထည့်လိုက်ကတ် /ငါးတစ်သိုက် ဝယ်စွာမှာ ဆယ်ကောင်လောက် အလျောက်ပီး လိုက်သိရေ)*

***လျောင်***–(သိုလှောင်သည်)*(အေနှစ်ငရုပ်သီး တစ်ရာလျောင်းထားရေ)*

**(ဝ)**

**ဝ**(က)စားလို့ကျေနပ်ပြီးစီးသည်*(ထမင်းဝ ဗျာလ်)* (ခ)မလိုလားသော မနှစ်သက်သော*(ယင်းကလိန့်မေနန့် ပြောဖို့စွာကို ကကောင်းဝရေ)*

**ဝကင်း**–(အိုးကင်း)စားစရာတိ/ မုန့်တိကို မီးနန့်လှော်ရေအိုး။

**ဝခြိုး/ ဘောက်ခြိုး**–(ခြိုး) ထမင်းခြိုး။

**ဝဍူ**–(က)(အဝေးကြီး)အဝီးကြီး*(မဟာမုနိဘုရားကို ရောက်ဖို့က အရာလေ့ ဝဍူ လိုသိရေထမင်းစားထားဂတ်)*(ခ)ပြောရေအတိုင်းလုပ်တတ်သည် *(အေသူက ဝဍူဆိုကေ ဝဍူဖျာလ် နောက်ဆုတ်ဖို့မဟုတ်)*

**ဝဇွန်းပုတ်**–(ဦးဇွန်းပုတ်)အချေတိမှာ ငယ်ထိပ်ချေကို ဖုံးရုံထားရေဆံပင်။

**ဝတုတ်**–(မျှစ်)ဝါး အပင်ပေါက်ချေ။

**ဝထုပ်**–(ဦးထုပ်)အဝတ်နန့်လုပ်ထားရေ ခေါင်းဆောင်း /မွ။

**ဝဒန်းတက်**–ပြဿနာပေါ်သည်*(အေကလိန့်မေ လားလီရာဝဒန်းတက်တေ)*

**ဝနန့်ရ**–ကိုယ်ဖို့တစ်ဖို့ရာသိသည်/ ကိုယ်ရဖို့ ဝ'ဖို့ရာသိရေလူ*(အားလုံး မျှမျှတတ စိုင်းစားကတ်ပါ ဝနန့်ရ မပြောကတ်ပါကေ့)*

**ဝဖြီး**– (ဘီး) ခေါင်းဖြီး။

**ဝရဇ်သီး**– (ဥသျှစ်သီး)ဖျော်ရည် ဖျော်သောက်ရရေ အသီးတစ်မျိုး။

**ဝလောက်**–ဦးဈောက် *(အေမှာ ဆင်ဝလောက်မုန့် ကောင်းရေနန့်ကား)*

**ဝလောက်ဆီ**–ဦးဈောက်။

**ဝသုံ**–ကပ်ကမ္ဘာ *(သမီးဘာဘာ အမေရိကကို လားခစွာ ဇာဝသုံမှာ ပြန်လာပါဖို့လဲ မေမေ)*

**ဝသီ**–အကျင့် *(မိန်းမအလှပချေ မြင်တိုင်းကြိုက်စွာ ယင်းသူ့မှာ ဝသီရာ)*

**ဝါ**–**(က)**လိမ်လည်သည်*(ငါ့ကိုလာလို့ ဝါမနိန်ကေ့ အားလုံးသိပြီးသား)*
(ခ)ခန္ဓာကိုယ်အထက်အောက်အစိတ်အပိုင်း *(အထက်ဝါ/အောက်ဝါ)*
*(အထက်ဝါ ကြီးကြီးနန့် ထိုမှာလာနိန်စွာ အကျွန့်အိမ်ရှင်ပါယေ အရီး)*

**ဝါကြီး/ ဝါကြီးမ**–(အဖိုး/ အဖွါး)ဘဝအတွဲအကြုံ ပညာဗဟုသုတတိနန့် ပြည့်စုံရေ သက်ကြီး ရွယ်ကြီးပုဂ္ဂိုလ်။

**ဝါကိုင်**–ရဟန်းတော်များ ဝါဆိုခြင်း။

**ဝါဓိ**–ကျားသတ္တဝါ။

**ဝါးကျ(ဝကျ)**–လယ်မြေဇရိယာ အတိုင်းစပါးထွက်သည်*(လယ်ဝါး တစ်ရာမှာ စပါး တောင်းတစ်ရာနှုန်း ထွက်ခြင်း)*

**ဝါးတစ်ပြန်**–တစ်ဆယ့်နှစ်တောင်အလျား*(လယ်မြေ အတိုင်းအတာ)*
**ဝါးရှောင်း**–ဝါးအခြောက်အကျိုးအပဲ့များ *(မီးဖွါ လို့မရကေ ဝါးရှောင်း ထည့် ဖွါပါလင့် ဝေ)*
**ဝါးအု**–(အာတာလွတ်ဥ)မီးဖုတ်/ပြုတ်လို့ဆီနန့်တို့စားရရေအုတစ်မျိုး။
**ဝီ**–(က)(ဝေမျှသည်)အညီအမျှခွဲပီးသည် (ခ)အဆက်မပြတ်သော*(နှင်းဝဝီ ချေနန့်လမ်းလျှောက်နိန်ရေ)*
**ဝက်**–အညီအမျှ နှစ်ပုံခွဲသည်*(အမွီရရေမြေကြီးကို ညီအစ်ကို နှစ်ယောက် ဝက်လို့ယူကတ်)*
**ဝက်ခုပ်**–(ဝက်ခြံ)မျက်နှာမှာပေါက်တေ အဆီဖုချေတိ။
**ဝက်သားခြောက်ကောင်**–(ယောက်ဖခွေးခေါ်ငှက်) အမြင့်ပျံငှက်တစ်မျိုး။
**ဝင်ခံ**–လာရောက်ပူးပေါင်းသည်/အရှုံးပီးသည်။
**ဝင်သီး**–(ဇလုတ်)လည်ခြောင်းထဲက အစာမျိုပီးရေ အစိတ်အပိုင်း (ရီမျို)
**ဝင့်ဆိုက်**–မကောင်းမှုဘေးဒဏ် ကျရောက်လာသည်/ခံစားနိန်ရသည်။
**ဝင့်လိုက်**– ဘဝအဆက်ဆက် မကောင်းမှု ဘေးဒဏ်သင့်သည် *(လူတိ တရိစ္ဆာန်တိကို မနှိပ်စက်ရ ဒုက္ခမပီးရ ဝင့်လိုက် တတ်တေ)*
**ဝံလက်**–လင်းယုန်ငှက်/စွန်ပုတ်/ဒေါင်းရန်။
**ဝုံ**–(ရဲသော)သတ္တိရှိသော*(မင်းရို့ထဲက ဝုံ ရေအကောင် ထွက်လတ်)*
**ဝန်တကာလက်ငင်း**–(ကြွေးမဟုတ်သော)လုံးဝ ဒါတောင်မရောင်းခြင်း။
**ဝန်နုပ်ကေ**–(တိုလီမုတ်စရောင်းကုန်)ရောင်းကုန် အစိတ်ကေချေတိ*(အပ် ချေ ခြည်သီးချေတိကိုဝယ်ချင်ကေ ဝန်နုပ်ကေတန်းကို လားပါလီ)*
**ဝန်ပိ**–တာဝန်များဖြင့်ဖိစီး နိန်သည်။
**ဝန်ဖော်**–(အပေါင်ပစ္စည်းပြန်ရွေးသည်)ပေါင်ထားသောပစ္စည်း ပြန်ရှီးသည်။
**ဝန်ရောင်**–(ဝန်ပွ)ထုထည်ကြီးပြီး တန်ဖိုးနည်းရေ ကုန်ပစ္စည်း။
**ဝမ်းက**–(က)ဝေဒနာကြောင့် အသက်ရှုရခက်ပြီး ဝမ်းဗိုက်ကြွက်သားတိ နိမ့်တုံမြင့်တုံဖြစ်နိန်ခြင်း*(အေမှာ အချေ ဝမ်းကနိန်ဗျာလ် ထိုင်ကြည့် နိန်ကတ်လာ ဆီးသမား အပြင်းခေါ်ခီကတ်)*
**ဝမ်းခြင့်**–(ဝမ်းရစ်)ဝမ်းထဲက ခခဲချေ ဖြစ်နိန်သည်။

**ဝမ်းနူးဝမ်းပါး**–လွမ်းဆွတ်သည် *(သီတွင်မယေကြွီလု လေးမျက်နှာကို မမျှော်ရှုကေ ဝမ်းနူးဝမ်းပါး မိုးသံလီသံ လှိုင်းဂယက်ကေ–––)*

**ဝမ်းပေါက်**–လူနာဝမ်းလားသည်*(သုံးရက်နန့် ဝမ်းပေါက်ကေ လူနာအခြေအနေ မကောင်းယေ သီတတ်တေ)*

**ဝမ်းရီဆာ**–(မွေးရကျိုးမနပ်သော)မွီးရကျိုးမနပ် ဖြစ်လားသော*(နင့်ကိုမွီးရစွာ ဝမ်းရီရာဆာရေ တစ်နိန် ရာမှာလေ့ အားကိုးမရ)*

**ဝှက်–(**က)မမြင်အောင်သိမ်းထားသည် (ခ)စံပြဖြစ်သော*(ရခိုင် လူမျိုးထဲမှာ ဆိုကေ ဆရာတော်ဦးဥတ္တမ ရေဝှက်လို့ ဆိုရလောက်တေ ရခိုင်သားဖြစ်တေ)* (ဂ)ဟုတ်ယင့် *(ဟုတ်တေဝှက်)*

**ဝှန်–(**က)ပြည့်ခြင်းထက်ပိုသည်*(ရီဝှန်ကျနိန်ဗျာလ် ပိုက်ကိုပိတ်လိုက်ဖိ)* (ခ)သတိလက်လွတ်ဖြစ်သည် *(အေကလေချေ့ ကကောင်း ဝှန်ရေ)*

**ဝိုင်း–**(ခ)ပိုင်နက်နယ်မြေ*(ငါရို့ဝိုင်းထဲကို အပြင်လူအဝင်မခံကေ့)* (ခ)ဝိုင်းရံသည် /ဖဲဝိုင်းစသည်။

**ဝေးတိုက်**–(ဟော့ကောင်)ယောကျ်ားချင်း ကိုယ့်အောက်ငယ်ရေလူကိုပြောရေခါ ရည်ညွှန်းရေစကား *(လူကြီးကို ဝေးမတိုက်ရ)*

**ဝေးပစ်**–(က)(လွှင့်ပစ်)အဝီးကို ရောက်လီ အောင်လက်နန့် ပစ်သည်။ (ခ)အသုံး မလိုလို့စွန့်ပစ်သည်

**ဝေါ**–(ဥဩ)တောအူ/ ကျီးအူ/ နိန်ဦးရာသီမှာ အော်မြည်တတ်တေငှက်ချေ။

(သ)

**သကာကျ**–(အကြိုက်တွေ့)အကြိုက်တွိ /သဘောကျသည်။

**သကာဆီ**–အကြိုက်တွိခြင်း*(အရက်သမားကို အရက်ဆိုင် မန်နိန်ဂျာခန့်ကေ သကာဆီနင့်ရာယေ)*

**သကာရည်–**အုန်းရည်ချို *(ရီအုန်းပင်က ရရေ အချိုအရည်ကို ပျစ်ခဲ နိန်အောင် ကြိုထားရေအရည်)*

**သကျိ–**သားအိမ်/မိန်းမအချေမွီးရေလမ်းကြောင်း*(နင့်မှာ သကျိကျနိန်ရေဆရာဝန်နန့် ပြကြည့်ပါလင့်)*

**သချီးခြိုက်**–(ကော်တရာ)ဖေချာ အလွန် နမြောရေလူ။

**သတင်းရိသောက်**–(သက်တန့်)မိုးရွာဖို့ခါ(သို့)မိုးရွာပြီးလို့နိန်ပြန်ထွက် လာရေအခါရို့မှာ နိန်ရိုရာအရပ်နဲ့ဆန့်ကျင်ဘက် အာကာ ထက်မှာ ပေါ်တတ်တေ ရောင်စုံ စက်ဝိုင်းခြမ်းကြီး။

**သန**–ယုတ်နိမ့်လားသည် *(ယင်းဘီးဘီမနန့် တိုက်မိစွာင့်ါလက် သနရေ)*

**သနရုပ်**–အဆက်မပြတ်ခြောင်းဆိုးသည် / တီဘီရောဂါ *(သူ့ရောဂါက သနရုပ် လိုက်နိန်ဗျာလ်)*

**သနဘတ်ရည်**–(ရာလပတ်ရည်)လက်ဖျော် အချိုရည် အမျိုးမျိုး။

**သပျက်လိုက်**–(အသားရိပုတ်အနာ)ကိုယ်မှာအနာဖြစ်ပြီးကေ အသားတိ ပုတ်လားရေ အနာရောဂါ။

**သပုန်စား**–အလွန်နံ့ရေ အရေလူ။

**သပုတ်သရီ**–လူတစ်ယောက် မကောင်းကြောင်းကို ပုံကြီးချဲ့လို့ နာမည် ပျက်အောင် လုပ်ကြံပြောဆိုသည် *(နင်က ငါ့အကြောင်းကို သပုတ် သရီ တရွာလုံးလိုက်ပြောနိန် ရအောင် လင်လုဘက်က မဟုတ်)*

**သဘာ**–ဘဝအတွိအကြုံ *(သဘာရင့်ရေ)*

**သဘောက်**–(က)ဖျာကြမ် (ခ)ကျွန်မှမွေးသော သားသမီး။

**သပွတ်အူလိုက်**–(ရှုပ်ထွေးသော) ကကောင်း ရှုပ်ထွီး နိန်သော *(မင်းရို့ ပြဿနာ က သပွတ်အူလိုက်လို့ နိန်ရေ)*

**သမက်စီ**–မယားမိသားစုအိမ်ကို လင်ကလိုက်နိန် ရခြင်း။

**သမက်စုတ်**– ရိုင်းမှာနိန်ရေ ဖင်ချွန်း ခရုချောတစ်မျိုး။

**သမက်တက်**–(မင်္ဂလာဆောင်) သမိန့်ရှင်မ အိမ်ကို သမက်ရှင်ကိုလိုက် ပို့ရေ အခမ်းအနား။

**သမက်ရှင်**–မင်္ဂလာသတိုးသား။

**သမန်ကာချန်ကာ**–(အပေါ်ယံ)အထက်ပေါ်ရိဖြစ်သော *(ကျေနပ်အောင် သမန်ကာချန်ကာ လုပ်ပြလိုက် စွာရာ နင့်သား ကိုနာအောင်မလုပ်)*

**သမိန့်ရှင်မ**–မင်္ဂလာသတိုးသမိန်း။

**သယိုင်လိုက်**–(အနာမန်းလိုက်)အနာမန်းလိုက်လို့ရောင်ကိုင်းနိန်သည်။

**သယိုင်းကျ**–(အိကျ)အောက်ဘက်ကို အိကျနိန်သည်။

**သရှုး**–(အမြန်)အပြင်းအထန်/ လျှင်မြန်စွာလားသည်*(မော်တော် ကားကို သရှုး မောင်းလားခရေ ဓာဖြစ်နိန်လေမသိ)*

**သရစ်**–လူကြီးမိဘ/ ဆရာသမား/ ကျေးဇူးရှင်တိကိုနှုတ်ဖြင့်ပြစ်မှားသည်။

**သရိုးသပင်လိုက်**–အသားတိပုတ်ပြီးကေ အရိုးထိအောင်လိုက်စားနိန်ရေ အနာရောဂါမျိုး။

**သရိုးသရီ**–စိတ်ထဲ ထင့်တင့်တင့်ဖြစ်သော*(အေလမ်းကို လားရစွာ စိတ်ထဲမှာသရိုးသရီနန့် တစ်ခုခုဖြစ်ဖို့ ထင်ရေ သတိထားကတ် ဝေရို့)*

**သရီချ**–(သားရေခွါ)တရိစ္ဆာန် အသီကောင် အား အရီခွါသည်။

**သဝါလိုက်**–(အသားဝါရောဂါရ)ရောဂါကြောင့် အသားအရီဝါနိန်သည်။

**သံဘက်ခံ**–(က)သစ်သီး၏အစိအိမ်မာနိန်သည်*(အေအပင်ကသရက်သီး သံဘက်ခံနိန်ဗျာလ်)*(ခ)ချွတ်လို့မကျွတ်လွတ်နိုင်ရေတဆီ/ သရဲ*(ငမဲကြီး တဆီဖြစ်နိန်စွာ သံဘက်ခံ နိန်ဗျာလ်လတ်)*

**သာရာဘင်း**–(သာပေါင်းညာစား)အခွင့်အရေးသာရေဘက်ကို ပေါင်းသူ။

**သာလယံ**–အပိတ်အပင် အတားအဆီးမရှိသော/ အားလုံးနှင့် ဆိုင်သော *(ဥပမာ–သာလယံဇရပ်)*

**သားလှကျေးဇူး**–ဆီးဘက်ဝင် အပင်ချေတစ်မျိုး။

**သုဿနာအိမ်**–လမ်းဘက် ဦးတိုက်ထားပြီး အိမ်ရှိဘက်ကို အခေါင်ချိုးထားရေအိမ်မျိုး*(သုဿနာထိုအိမ်ထဲက–ထိုအပျိုမလက်ယပ်ခေါ်ရေ)*

**သက်တန့်လိုက်**–ခန္ဓာ အသားအတွင်းသို့ နက်ရှိုင်းစွာ လိုက်စားနိန်ရေ အနာဆိုး/ အနာပျက်။

**သင်ချီ**–ဘုရားကိုအလုပ်အကျွေးပြုလုပ်ရသူလူတန်းစား*(ပါးတော်တောင် အနားမှာ အခုထက်တိုင် သင်ချီရွာ လို့ ရှိပါသိရေ)*

**သင်္ဂဇာ**–စက္ကူပုန်းချီပညာရှင်/ ဖုန်းကြီပုံမှာ တလားတိဆင်ပီးရေ လက်မှုပညာရှင် *(မင်းပြားမြို့နယ်မှာ သင်္ဂဇာရွာ လို့ရှိပါရေ)*

**သင်သရာထုပ်**–နောက်ကျောကုန်းမှာပေါက်တေဘုကြီး/ ဝဠ်ကြွီးပါခြင်း။

**သင်သရာပါ**–(သံသရာပါ)အတိတ်က မိမိပြုလုပ်ခစွာတိကို ဘဝသင်သရာ တလျှောက်ကောင်းကျိုး ဆိုးပြစ် ခံစားရသည်။

**သင်းစင်**–(က)(သင်းကွပ်ထားပြီးသောသတ္တဝါ) မျိုမပွါး နိုင်အောင် ပြုလုပ်ထားပြီးရေတိရစ္ဆာန်(ခ)အိမ်ထောင်ကျပြီးရေယောကျာ်း*(ကျိန်းတောင်လက်ယာ ဖူးပင်ရှာကပါရဲဘာ–ပါရဲဘာ သင်းစင်––)*

**သင်းခတ်**–(သင်းကွပ်)အထီးသတ္တဝါကို မျိုးမပွါးနိုင်အောင် သားကြောဖြတ်သည်/ နွားဖှေးစေ့အားညှပ်ဖြင့်ညှပ်၍ထုချေပစ်သည်/ သင်းထုသည်။

**သင်းပြည့်**–(သင်းမကွပ်ရသေးသော)သင်းကွပ် မထားရေတိရစ္ဆာန်။

**သဘော်ာဥ**–(ကတတ်ဥ)အကျိအချွဲ များရေ ချက်စားရရေ ဥတစ်မျိုး။

**သင်းမလိုက်**– နွားများ မိတ်လိုက်သည် *(နွားမ တစ်ကောင် နောက်သို့နွားထီးများစွာ မိတ်လိုက်ရန် လိုက်နိုန်ကြခြင်း)*

**သင်းသတ်**–သစ်ပင်တိကို မလှဲဘဲရပ်စောက်သီအောင် အရင်းကို ဒါးနန့်ပါတ်လို့ခွပ်ပီးသည်။

**သင့်အိသင့်အောင်**–သင့်တော်ရုံ*(ဆား သင့်အိသင့်အောင်ချေထည့်လိုက်)*

**သံပုရာပိုင်း**–(ဒယ်အိုး)ကြော်ဇျချေ။

**သံဖြုတတ်**–သံပုံး/ သွပ်အိုး အဟောင်းအပျက်တိကို ဖါထီးပြုပြင်ပီး ရေလူ/ ကန့်သရီ/ သံဖြုဆရာ။

**သန်း**–(က)ဖြတ်လို့လားသည်*(အေတစ်ပြင် သန်းပြီးကေ ဦးရာဇ်တောင်ဘုရားကို မြင်ရဖို့ဗျာလ်)* (ခ)အိပ်ချင်လို့သန်းသည်။

**သန္နိပါတ်**–ချမ်းတုန်လို့ဖျားရေအဖျား/ ငှက်ဖျားရောဂါရသည်။

**သိမ်း**–ဥယျာဉ်/ ခြံမြေလုပ်ငန်းလုပ်သည်*(ကွမ်းသီးခြင်း သိမ်းသည်/ ယာသိမ်းသည်/တလင်းသိမ်း)*

**သိုက်**–(က)လေးဆယ်သားအချိန်အတွယ်/ ထိုသို့ချိန်တွယ်ရာမှာ သုံးရေတစ်ဘက်ဆွဲချိန်ခွင် (ခ)ရတနာ လျို့ဝှက် ထားရာနေရာ *(ဘုရားကိုသိုက်တူး လားကတ်တေ)*

**သိုင်**–(ပိုးပန်းသည်)မမချေတိကို အပျိုလူပျိုပိုးပန်းသည်*(ပွဲ့ငှမှာ မြာသိုင်စောင် လားကတ်မေ)*

**သိုင်း–(**က)ကိုယ်ခံပညာ(ခ)ကကောင်းရှည်ရေကြိမ်တစ်မျိုး (*သိုင်းကြိမ်*) (ဂ)ကြိုးနန့်တွဲချိုင်သည် *(ဝါးဖေါင်ကို ကြိမ်နန့် သိုင်းထားလိုက်)*

**သွ**–(က)(ပွ)ကျိတ်မနိန်သော*(သဲပြင် သွသွချေမှာ အလျှင်အလျှင်လားရ စွာ မလွယ်ပါကား)* (ခ)လက်ခုတ်သီးကို ဖွင့်ရေအချောင်း *(သော့)*

**သွိ**–(ခြောက်)ရီအစိုဓါတ်ကုန်ခမ်းလားသည်*(ငါးခြောက်ကိုသွိလားအောင် နိန်ပူမှာ တရက်လောက် ထုတ်လှန်း ထားလိုက်)*

**သွီး–(**က)(သွေး)ခန္ဓာထဲမှာ ရှိရေ အနိန်ရောင်အရည် (ခ)ထက်မြက်လာ အောင်ကျောက်ဖြင့်ပွတ်တိုက်ပီးသည်*(ဒါးသွီးသည်/ဆောက်သွီးသည်)*

**သွားကြားရီယို**–(စီးပွါး မဖြစ်တဲ့မိန်းမလက္ခဏာ)လင်က ဇာလောက်ပင် စီးပွါးရှာရှာ စီးပွါးမဖြစ် နိုင်ရေ မိန်းမမျိုး။

**သွားတိုး–**(သွားတိုက်)သွားကိုသန့်ရှင်းအောင်လုပ်သည်။

**သွက်–**(က)ဖြတ်လတ်သော(ခ)ပျစ်မနိန်သော(သကြားချေ သွက်နိန် ယင့်)

**သွင်**–(သိန်)ပုံမှန်ကြီးထွာမှုမရှိသော*(အေသူ ခြီထောက်သွင်နိန်ရေ/ကွမ်း သီးအသွင်–အသားမပါ)*

**သွင်ကျောက်**–(ကျောက်စရစ်)မြစ်ချောင်းတိမှာ သဘာဝအလျှောက် ဖြစ် နိန်ရေ ကျောက်ခဲအလုံးကြီး/အလုံးချေတိ။

**သွန်–**(က)လောင်းချသည်(ခ)ကြက်သွန်ခြောက်လားသည်။

**သွန့်**–(လှောင်ပြောင်သည်)စကားကို ပပေါ့ပပျက် ပြောပြီးကေ ရယ်စရာ လုပ်ပလိုက်သည်*(ငါ့စကားကို လာလို့ သွန့်မနိန်ကေ့ ငါမကြိုက်)*

**သွပ်–**(ဒန်)သွပ်အိုး/သွပ်ခွက်စသည်။

**သွပ်သွပ်**–အသာအယာချေ/မပြင်းထန်သော *(ပင်လယ်ပင်စွပ် ကပိုင်ရှာ မှာ လီသွပ်သွပ် နန့် ကစပ်ကတ်မေ–––)*

**သဲ–**ပိုဆိုးလာသည်*(လူနာရောဂါ သဲလာရေ အခြေအနေမကောင်း)*

**သဲစား–**(က)လုပ်ငန်းတိဆုံရှုံးလားခြင်း(ခ)ခြီဖဝါးရို့မှာအနာချေဖြစ်သည်။

**သဲခြီ**–(က)(သဲခြေ)လူခန္ဓာအင်္ဂါအစိတ်အပိုင်းတစ်ခု(ခ)သတ္တိ*(အလကား သည်းခြီ မရှိရေ အကောင် နိန်ဝင်ကေအိမ်ကိုပြင်တောင် မထွက်ဝံ့)* (ဂ)အမှတ်သညာ*(အေသူ ဇာလောက်ပင်ပြောပြော အမှတ်သဲခြီ မရှိ)*

**သဲ့**–ရီထဲကပစ္စည်းကိုစစ်ယူသည်*(လယ်ထဲမှာ ငါးသဲ့စောင်လားကတ်မေ)*

**သေး–**(ဆော့)အမြဲကစပ်နိန်သည်*(အေသူချေ ကကောင်းပင် သေးရေကာ)*

**သောင်း**–(က)တရုပ်နံနံပင် (ခ)ခမ်းခြောက်လားသည်(နင့် ကြက်သွန်တိ သောင်းလားခဗျာလ်)

**သော်ဒလီ**–(သော့ကိုင်/ လူချမ်းသာ)ချမ်းသာရေလူ /လုပ်ငန်း အများကို အုပ်ချုပ် ရရေလူ/ သွကိုင်*(သော်ဒလီ သွတစ်ခ္ခီ ခါးမှာချိတ်လို့)*

**သော်ရကာမော်ရကာ**–(မထိမဲ့မြင်လုပ်သော)ရွံကီရွံကားလုပ်သော။

(ဟ)

**ဟဂျာ**–(လူတောမတိုးသူ)လူအများရှိမှာ တစ်ခုလေမပြောဝံ့ မဆိုဝံ့ရေလူ။

**ဟဟဲပင်**–ခြောင်း အလွန်ဆိုးလို့ /အလွန်ပင်ပန်းလို့ အသက်ရှူမဝ ဖြစ်သည် *(လူက ဟဟဲပင် နိန်ဗျာလ် တအောင့်ချေ အနား ယူပလိုက်)*

**ဟာဗဒူ**–ဆုံးမပြုပြင်လို့ မရသူ /သင်လို့မရ သုံးမရသောကျွဲနွား။

**ဟာရီ**–မိလ္လာသိမ်းလုပ်တေလူ *(ဒုံးနန့် သချီ ဟာရီတစ်မျိုး––)*

**ဟာလာ**–(က)အခွံဖြစ်သော*(လင် အိမ်ကထွက်လခလို့ရင်ထဲမှာဟာလာကြီး ဖြစ်နိန်ရေ)*(ခ)အကာအရံမရှိသော*(ရင်ဖတ် ကိုဟာလာဖွင့်ထားရေ/ အိမ်တန်းခါးကိုဟာလာကြီးထား ခရေ မပိတ်ခရ)*

**ဟာလူ**–(မိတ်ဆွေ)ရင်းနှီးရေလူကိုခေါ်ရေအသုံး*(ဟာလူယောက်ဖ ကွန် ပိုက်စောင် လားကတ်မေ လိုက်လတ်ကား)*

**ဟီလာတက်**–မိန့်မချေအရုက်အိန္ဒြေမရှိဟီးဟီးဟားဟား လုပ်နိန်သည်။

**ဟက်**–လိုင်ခြောင်းရှင်းသည်*(ခြောင်းဟက်/သလိပ်ဟက်)*

**ဟက္ကရီကျ**–ရွံရှာဖို့ကောင်းသောလူမျိုး/ အရုက်နဲရေလူ*(အကောင် သူများ သားမယားတိကို ပြစ်မှာရေ ဟက္ကရီကျ ကာတစ်ကောင်)*

**ဟက်ဖေ**–အဖျားမှာ မြားထိပ်ပုံ အထစ်လုပ်ထားရေ လက်နက်ကရိယာ။

**ဟင်း**–(က)ပျက်ကွက်သည်/ နောက်ကျသည်*(ထမင်းကို ဖိမ် နန့်စားမနိန် ကတ်ကေ့အလုပ်ဟင်းရေ)*(ခ)စားဖို့ ချက်ထားရေ အသီးရွက်စားစရာ။

**ဟင်းကျုံး** – ဟင်းရည်ခပ်တေ ဇွန်းကြီး။

**ဟင်းခပေါက်သီး**–ကင့်ခရားသီး နန့်တူကေလေ့ ကင့်ခရားသီး ပိုင်မခါးရေ နွယ်ပင် အသီးတစ်မျိုး။

**ဟင်းခြင်း**–ကွမ်းသီးခြံ /သီးနှံစိုက်ခင်း။

**ဟင်းဓာကွဲ**–(သပိတ်လွယ်ငှက်)အမဲနန့်အဖြူရောင်တိပါရှိရေ ငှက်ချေ။
**ဟင်းဓား–**(ဟင်းပန်းကန်လုံး)ထမင်းစားရေခါ ငါး/ဟင်း ထည့်ရေခွက်။
**ဟင်းညှံ့ချေ**–(လိပ်ပျော့)အခွံအပျှ လိပ်ချေ။
**ဟန်**–(က)ထင်မြင်မှု နောက်ဆက်အသုံး *(ကျော်ဇံရှီ တစ်ယောက် အမေရိက ကိုရောက်နိန်ရေ ဟန်)* (ခ)အကွန်ဆောင်သည်*(ဟန်ဆောင်နိန်ရေ)*
**ဟန်က**–(သိုင်းက)ဒုတ်သိုင်ဒါးသိုင်းကသည်/ ယိမ်းကကွက်။
**ဟန်ပြ–**(ဟန်ဆောင်လုပ်ပြသည်)ကွမ်ဆောင်လုပ်ပြသည် *(အမိ အဖတိ ကြေနပ်အောင်ထမင်းတစ်လုပ်နှစ်လုပ် ဟန်ပြ စားပြလိုက်လေဝေ)*
**ဟန့်–**(က)တားသည်*(သဇင်ဖြူသမက်တက်ကို ကာလသားတိ ဟန့်ရေ လတ်)* (ခ)ကြောက်သည် *(အဖိုးအောင်ဘ ဆိုကေ လူတိုင်းဟန့်ရေ)*
**ဟပ်–(က)**အဝတ်စ *(ပိတ်ဖြူတစ်ဟပ်/ချနေးဟပ် )* (ခ) ဝင်ရောက်လည် ပတ် သည်*(ကျောက်ဖြူကို ရောက်ကေ အကျွန့်ရို့အိမ်ကိုဖြစ်အောင် ဟပ်ပါအရီး* (ခ)ဆိုက်ကပ်သည်*(သင်္ဘောဟပ်သည်)*
**ဟပ်ကတတ်**–(နီးနီးလေးဖြစ်သော)အပါးချေဖြစ်သော*(ဘုရားကိုရောက် ဖို့ ဟပ်ကတတ် ချေရာ လိုပါဗျာလ်)*
**ဟပ်ကျ**–(က)ယှဉ်ပြိုင်၍*(ယင်းသူနန့်ပြိုင်ဖို့ နင်းရို့ဟပ်လို့တောင်ကမကျ)* (ခ)တွိုမိဆုံမိခြင်း *(အေသူက ဟပ်ကျကေပင် ဖေချာချီး ရေဗျာလ်)*
**ဟိတ်–**ဘုံဘဝ/နိမိတ်ပုံ*(လေးမျိုးနိမိတ် နတ်ပြဟိတ်/အဟိတ်တိရစ္ဆာန်)*
**ဟိတ်ရ** –ဂုဏ်ရှိသည်*(ကိုယ့်သမိန်းချေ တစ်ယောက် ပါရဂူဆရာဝန်မကြီး ဖြစ်ကေ မိဘတိမှာ ဓာလောက် ဟိတ်ရ လီဖို့လဲ)*
**ဟုံးတောင်ညို**–(ဒေါသကြီးသူ)ဒေါသ ကကောင်းကြီးရေလူ။
**ဟုတ်တိပတ်တိ**–ထိထိရောက်ရောက်/ကြိုးကြိုးစားစား။
**ဟုတ်တီထိုး–**ဟုတ်တီတီလို့ မြည်လို့ယှဉ်ပြိုင် ကစပ်ရရေ ကစပ်နည်း။
**ဟုတ်ယောင်ထင်**–မဟုတ်စွာကို အဟုတ်ထင်မိခြင်း။
**ဟုတ်လူဗလူ**–(အဖြစ်မျှ)တချက်ချေ သုံးဖြစ်ရုံလုပ်ထားသော*(တဲချေတစ် လုံး ဟုတ်လူဗလူ တစ်မိုးခံလောက်ဆောက်လိုက်ကတ်ဖိ နောက်နှစ် မှ တိုက်ဆောက်ကတ်မေ)*

**ဟုန်**–(က)အတတ်အသိလွန်လို့ သုံးမရဖြစ်ခြင်း(ခ)အပင်အလွန်ကောင်းပြီး အသီးမအောင်ခြင်း *(စပါးတိ ဟုန်လားရေ)*

**ဟိန်**–(ကိုယ်ပူခြင်း)ပူနွှီးနိန်ခြင်း*(သားချေ ကိုယ်တဆိကေ ဟိန်နိန်ရေကား)*

**ဟိုက်**–(မောပန်းသည်)ကကောင်း ညောင်းညာနိန်သည်။

**ဟိုင်**–(မွန်နေသည်)အနံ့နံသည် *(အိပ်ရာမှာ အပုတ်နံ့ ဟိုင်နိန်ရေ)*

**ဟိုင်း**–(က)မိန်းမများ အိမ်ထောင်မကျဘဲ အရွယ်လွန်သည်*(အပျိုဟိုင်း)* (ခ)အစွယ်မပေါက်တေ ဆင်အကြီးမျိုး*(ဟိုင်းဆင်)*

**ဟိန်း**–ကြီးမား/မြင့်မားသော*(မဖြူမှာရို့ အိမ်တစ်ဆောင် ဆောက် ထားစွာ ဟိန်းနိန်ယင့် ထော)*

**ဟိန္ဒုတ်မ**–(က)ဟိန္ဒူ ဘာသာဝင်ကုလားမ (ခ)လင်သီကေ နောက်လင်ယူခွင့် မရရေမိန်းမ *(တလင်သီ တလင်မရ ဟိန္ဒုတ်မ)*

**ဟေးတိုက်**–ကိုယ့်အောက်ငယ်ရေလူကို ရည်ညွှန်းရေစကား*(ကိုယ့် ထက်ကြီးရေ လူကို ဟေးမတိုက်ရ ရှိရှိသေသေပြောရဖို့)*

**ဟေးရမခပ်**–တပြိုင်ထဲ လုပ်ဖို့သံပြိုင်အသံပီးခြင်း။

**ဟောက်ပက်**–နိမ့်ဝင်နိန်သည် *(မျက်စိဟောက်ပက်)*

**ဟောင်**–(က)တစ်ခုခု ကိုမြင်လို့ ခွီးတိ အသံကျယ်ကျယ်နန့် မြည်ခြင်း (ခ)ပြင်းထန်စွာ အနံ့ဆိုးနံခြင်း(*အခန်းထဲမှာ သီးစို ဟောင်နိန်ရေ*)

**ဟွေ**–ရှီးအခါက အသက်အရွယ်တူ မိန်းမကြီးအချင်းချင်းထူးသံ*(အမျေ–လို့ခေါ်ကေ ဟွေ–လို့ထူးတတ်တေ)*

(အ)

**အ**–(က)လည်လည်ဝယ်ဝယ်မရှိသော(ခ)စကားထစ်သော (ဂ)အဆီစားများလို့ပျို့လားခြင်း*(ဝက်သားစားရစွာ အဆီများလို့ အ ' နိန်ဗျာလ်)* (ဃ)မအောင်မမြင်ဖြစ်သည် *(အသီးအ/ကျည်ဆန်အ)*

**အကယောင့်**/အဂေါင့်ဂေါင့်–အမှန်အဟုတ် *(အကယောင့် ပြောစွာ)*

**အကျင်**–(ကျင်)အချေမပေါက်နိုင်ရေဥ။

**အကျိ**–(အရီအရွဲ)ခန္ဓာထဲမှာရှိရေ ပျစ်ချွဲနိန်ရေ အလုံးအခဲ။

**အကျိုက်**–သတ္တဝါတိတွင်းတူးလို့ထွက်တေမြေစာ*(ပုရစ်အကျိုက်)*

**အကျိုင်**–မျိုးတူအစု/ အုပ်စု*(အချေတကျိုင်/နွားတကျိုင်/မမတစ်ကျိုင်)*
**အကြိမ်ကြီးချ**–(အပြင်းအထန်) အလီး အနက်/အပြင်း အထန်ဖြစ်သော *(အကြိမ်းကြီးချ လို့ငိုနိန်ရေ/အကြိမ်ကြီးချလို့ ရှိခိုးပါယင့်ကား)*
**အကောက်ကိုင်**–ပြောလာရေစကားကိုမကောင်းထင်သည်/အဓိပ္ပါယ် တလွဲကောက်ယူသည်*(ယင်းသူက အကောက်ကိုင် လို့စီရာ နိန်ရေ)*
**အခဓေး/အခချေး**–အရောအနှောမပါ မပြုပြင်ဘဲ စားခြင်း *(မြောက်ဥကို အခဓေး စားလို့ဓာကောင်းဖို့လဲ ပြုတ်ပြီးကေ ပဲဆီနန့်တို့စားရရေ)*
**အခရင်း**–အောက်ဆုံးဖြစ်သော/ အောက်တွင်ဖြစ်သော *(စေတီ အခရင်း သစ်ပင်အခရင်း စသည်)*
**အခရာ**–အဓိကကျသော/ အရေးကြီးဆုံးဖြစ်သော*(စာသင်စွာမှာ ကြိုးစားမှုက အခရာ ကျပါရေ)*
**အခရှိ**–အစု/ အုပ်စုလိုက်*(ထိုမှာမမြင်လာအချေတိ အခရှိပြတ်လာနိန်ရေ)*
**အခါ**–သင့်တင့်လျှောက်ပတ်သော နေ့ရက်/ အချိန်နာရီ။
**အခါကြည့်**–သမက်ရှင်နန့်အမီးရှင်နိန့်နံတည့်မတည့် တွက်ကြည့်သည် /မင်္ဂလာဆောင်ဖို့ ရက်ကောင်းရက်မြတ် တွက်ချက်ရွေးချယ်သည်။
**အခါကိုင်**/ အခိုင်ကိုင်–ပြောခရေစကားတစ်ခုခုကို ဆုပ်ကိုင်ပြော ဆိုခြင်း *(အရက်မူးလို့ ပြောခရေ စကားကို အခါမကိုင် ကတ်ပါကေ့)*
**အချာ**–(က) (အဝတ်စ)အကျႌချာ (ခ)လောင်းလျာ–မယားချာ/ လင်ချာ *(နှပျိုးသီးကျာကျာ မှည့်လတ်တေ ကြာဖံ လင်ချာ ဆို လတ်တေ)*
**အချီးခြူ**–ဂျီးများသော/ ကြမ်းတန်းစွာမြည်တွန် ပြောဆိုတတ်သော။
**အခိုင်ကိုင်**–အမှန်ယူသည်/ အတည်ယူသည်/ လက်ဆုပ် လက်ကိုင်ပြုသည် *(အရှူးစကားကို အခိုင်မကိုင် ကတ်ကေ့)* (အခါကိုင်)
**အခြင်ဆင်**– အိမ်ကို အခေါင်မိုး မိုးဖို့အတွက် ခေါင်မိုးမှာ လိုအပ်တေ သစ်တန်း/ ဝါးတန်းတိ တပ်ဆင်သည်။
**အခြင်း**–(က)နည်းစံနစ်*(ကျင်ခြင်း/နတ်ခြင်း)* (ခ)အကျင့်စရိုက်*(မြင်းကို အခြင်းသိမှ စီးရရေ)*(ခ)လူတစ်ယောက်၏ အတိတ်ကမကောင်းရေ အဖြစ်အပျက်များ*(ယင်းသူ့ အခြင်းကို ပြောရဖို့ဆိုကေ ပြောမကုန်)*

**အခြင်းပြော**–(အတင်းပြော)သူများကို ကွယ်ရာမှာမကောင်း ပြောသည်။
**အခြင်းဖော်**–(အတင်းပြော) မိမိအပေါ် အခြားတစ်ယောက်၏ မကောင်းကြောင်းတိ အားနည်းချက်တိကို ပြန်လည်ဖော်ပြောသည်။
**အခြင်းများ**–ရှီးများသော/ ဂျိဂျတ်များသော/ အလိုများသော။
**အခြင်းသိ**–အလေ့အထ/ အကျင့်စရိုက်တိ ကိုသိရေလူ အချင်းချင်း။
**အချိုင်း**–စားမကုန်လို့ကျန်ခရေ အစားအစာ*(ထမင်းချိုင်း/ဟင်းအချိုင်း)*
**အချိတ်တက်**–(ငို–ရှိုက်)ပြင်းပြင်းထန်ထန် ငိုရေခါ အသက်ရှူမဝဖြစ်ခြင်း *(အေအချေ အချိတ်ကြီး တက်လို့ပင် ငိုနိန်ရေကာ ဇာဖြစ်လို့လဲ)*
**အခေါဘဏီ**–(ပါဠိ)(က)အလွန်များသော (ခ)ဂဏန်း–၁၃–လုံးပါသချာ်၊ အရီအတွက်*(ရီတွက်ပုံ–ခု/ဆယ်/ရာ/ထောင်သောင်း/သိန်း/သန်း/ကောဋိ/ပကောဋိ/ကောဋိပကောဋိ/နဟုတ/နိန္နဟုတ/**အခေါဘဏီ** ဗိန္ဒု/အဗ္ဗုတံ/နိယဗ္ဗုတံ/အဟံဟံ/အဘန်ဘန်/အဋ္ဋဋ/ သောဂန္ဓိကံ ဥပ္ပလ္လာန်/ကုမုဋ္ဋံ / ပဒုမံ/ကဌာနံ/မဟာကဌာနံ/အသချေ်ယျ)*
**အချေ**–(က)(ကလေး)အဘုချေ (ခ)မသိနားမလည် တတ်တေလူ။
**အဂုတလိုင်း**–(အခုတလော)လက်ရှိ အချိန်ကာလအတွင်း *(အဂုတလိုင်း ခွီးတိ ကကောင်းအူရေ)*
**အဂုသေကြောင့်က**–(ခုနက)လွန်ခရေ အချိန်တိုချေအတွင်းက *(အဂုသေကြောင့်ကသိ ထမင်းစား လို့ မြင်ခသိရေ အခု မရှိပြန်ဗျာလ်)*
**အ'ဂျာ**–(လူအ)တစ်ခုလေ့ပြန်လှန်ချေပ မပြောတတ်သူ*(အ'ဂျာမှာ အိမ်မှာ ဆိုကေများလိုက်တေစကား လူရှိမှာကျကေအာစီး ထည့်ထားရေပိုင်)*
**အဂေါင့်**–အမှန်/ အဟုတ်။
**အငေါင်း**–အချိန်လွန်/ ရင့်ရော်ခြင်း *(အညင်းသီးအငေါင်း /လင်လေ့မရ အငေါင်းမ)*
**အစာ**–(က)စားစရာ (ခ)တိုက်စား ခုတ်ဖြတ်လို့ထွက်လာရေ ဘေးထွက် အပိုင်း အစတိ(ဒါးစာ/ လွှစာ/ သစ်ပင်ကို အစာခံလို့ခွပ်ကတ်)
**အစာတက်**–နှစ်သစ်မှာ မင်္ဂလာရှိစီဖို့ သင်္ကြန်အတက်နိန့်မှာနိန့်အလိုက် နံအလိုက် ဘုရားမှာဆုတောင်းသည်။

**အစာခံ**–အခံအစာ တစ်ခုခုစားထား/ကြိုတင်ထည့်ထားသည်။
**အစားခံ**–(က)စားခြင်းကိုခံရသည် *(နတ်သမီးခကြိုးဖြို ဘက်မှာ ရီဖြို့ချေ အစားခံရရေ)*(ခ)ကိုယ်စားခံပီးသည်*(သားကျူးလွန်ရေ အပြစ်တိကို အဖသေ အစားခံလားခရေ)* (ဂ)ကြာကြာအစားခံသည်။
**အစားစံ**–(အစားနေးသည်) စားသောက်တေ နိန်ရာမှာ ကကောင်း ကြာသည် /ဖြဖြေးစားသည်*(အေသူကကောင်း အစားစံ ရေကား အယင်တဆိကေစား သဘော်ာမီလိုက်ဖို့ မဟုတ်ပျာလ်)*
**အစားရှတ်**–အစားကြီးသည်/အစားလောဘကြီးသည်။
**အစူးစူး**–ဆူးစူးသည်။
**အစိအဆံရှည်**–အသေးစိတ်ကျလွန်းသော*(ငါ့ကိုအစိမှာအဆန်ရှည်ဖျာလ်လာမိန်း မနိန်ကေ့)*
**အစီး**–(က)အတိုး*(ရွှေပေါင်ထားစွာ အစီးဇာလောက်ကျလေ)* (ခ)သစ်ပင်သစ်သီးရို့ကထွက်တေပျစ်ချွဲချွဲအရည်*(သရက်သီးအစီး/ပဒကာသီးအစီး)*
**အစက်မကျ**–လုံးဝပီးကမ်းမှု/လှူဒါန်းမှု မရှိသော*(ယင်းသူ သူများဘက်ကရာ လိုက်လို့စားရေ သူ့ဘက်ကတော့ တစ်ခါလေ့ အစက်မကျ)*
**အစင်**–(က)ပြောင်စင်သည်ထိ (ခ)သေသည်ထိ *(ရန်သူတိကို အားလုံးအစင် သတ်ပလိုက်တေ)*
**အစင်းသိ**–အတွင်းရေးကို အားလုံးသိထားသော။
**အစိတ်**–အခြမ်း*(ငါ့ကို ပဒကာသီး အစိတ်တစ်စိတ် ပီးပါ)*
**အစိတ်ကေ**–(က)(ကလေးငယ်)အသက်ငယ်လွန်းရေအချေ(ခ)နှစ်ဆယ့်ငါးကွက် ရှိရရေ (ကြွေကွက်)ပဆိတ်ကွက်။
**အစိမ်း**–(က)မမှည့်သေးသော *(သရက်သီးအစိမ်း)* (ခ)မယဉ်ကျေးသော *(အေကောင်ချေက အစိမ်းချေရာကာ ကကောင်း ရိုင်းရေ)* (ဂ)(သရဲ)တစ်ဆီ *(နော်ဇာဥ ရီမြုပ်သီလခစွာ အခု အစိမ်းမ ဖြစ်နိန်ရေလတ်)*
**အစိမ်းသီ**–(အစိမ်းသေ)ထိခိုက်ဒဏ်ရာ ရ၍သော်လည်းကောင်း/ရောဂါရ၍ သော်လည်းကောင်း ရုတ်တရက် သီခြင်း။
**အစိုင်**–ဆွေစိုင်မျိုးဆက် *(အစိုင်ကိုကမကောင်း /အစိုင်လိုက်တေ)*

**အစိုင်ပုတ်**–အကျင့်မကောင်းရေ မျိုးရိုး။
**အစိုင်ပြုန်း–**တမျိုးလုံး တဆွေလုံး သီဆုံးကုန်သော။
**အစိုင်လိုက်**–အမျိုးကိုလိုက်သည်/ မျိုးရိုးလိုက်သည်။
**အစိုင်အလာ–**ဖြစ်ရိုးစဉ်ဆက်/ ဖြစ်လေ့ဖြစ်ထရှိသော။
**အစွယ်ရှင်**–(က)အစွယ်ရှိသောသတ္တဝါ(ခ)ပါဝါအာဏာရှိရေလူ။
**အစောက်–**နက်သော(ကမ်းထောင့်ကို လွန်စွာနန့်အစောက်ကြီး ဗျာလ်)
**အစောက်စောက်**–လိုရာမရောက်/ အကျိုးမရှိလားလာနိန်ခြင်း*(အစောက်စောက် ရာလားနိန်ဖို့ တတ်တေ အိမ်အတွက် ရီချေတစ်ပုံးပင် မခပ်)*
**အဆာ**–အသုတ်/ အကြိမ်*(အေအဆာ သိမ်းပြီးကေ ကွမ်းသီးခြင်းပွဲဗျာလ်)*
**အဆာကျယ်**–အလိုများသော*(အေအချေ ကကောင်း အဆာကျယ်ရေကာ)*
**အဆာပလာ**–စားကောင်းအောင်/ မျက်စိပသာဒဖြစ်အောင် အပိုဆောင်းလို့ ပြင်ဆင်ပီးရရေ ပစ္စည်း။
**အဆံရှည်**–အသေးစိတ်လွန်းသည်/ မပြီးပြတ်နိုင်သော။
**အဆီ–**(က)အသားနန့် တွဲနိန်ရေ အဖြူရောင် အစိတ်အပိုင်း (ခ)သတ္တိ *(ယင်းသူ့မှာ ရည်းစားစကားပြောဖို့ အဆီမရှိ)* (ဂ)လားလိုရာ ခရီးဆုံးဖြစ်သော*(လူစွမ်းမပေါက် မြို့မရောက် ဘောင်းဒွတ်အဆီ ပြန်လတ်စီ ဘောင်းဒွတ်ကိုပင် မြို့ယောင်ထင်)*
**အဆီပါ**–(အားရဝမ်းသာ ဖြစ်သည်) ကိုယ်နန့်မတည့်ရေလူ တယောက်ယောက် ဒုက္ခရောက်နိန်စွာကို အားရကျေနပ်ကြောင်းပြောရေစကား *(ကောင်းရေ အဆီပါရေ ငါ့ကိုဆဲလားရေ အကောင် အခု ဘာဘာဘက်မှ ဒဏ်ပီး ခံရရေ)*
**အဆီးကျ–**(က)ဒါးများ သံသားပျော့ လားခြင်း (ခ) မာနကျလား သည် *(ဖေချာ ရှိနိန်ခါက လူကိုလူမမြင် အခု မွဲလားမှ အဆီးကျ လားရေ)*
**အဆီးတင်**–(က)သံကို မာလာအောင်ပြုပြင်သည် (ခ)လူကို သတ္တိရှိလာအောင် ပြုပြင် သည်*(ယင်းသူ့ကို လူတောထဲ ပြောဝံ့အောင် အရက်ချေ တစ်ခွက်တိုက်လို့ အဆီးတင်ထားရေ)*
**အဆဲကျ**–မျက်နှာကောင်းမရဘဲ အဆဲအဆိုခံရသည်။

**အဆိုး**–အကောင်စားမဟုတ်သော/ လူကောင်းသူကောင်းမဟုတ်သော။
**အဆိုးမဆိုကေ့**–အပြစ်မတင်ကေ့*(စကားနားမထောင်ရေ သားဆိုးကိုအိမ်က နှင်ချလိုက်ကေ ငါ့ကိုအဆိုးမဆို ကတ်ကေ့နန်း)*
**အဆိုးမြင်**–အပြစ်မြင်သည်/ မကောင်းမြင်သည်။
**အဆိုးထုပ်**–(ဘောထုပ်)အဟောင်းထည်တိ ပါရေအထုပ်။
**အဆိုးအဆာ**–(က)အဝတ်/ အထည်အသုံးအဆောင် အဟောင်းအနွမ်းတိ (ခ)လူပေ/ လူညံ့တိ*(လမ်းဘေး အရက်ဆိုင်မှာ လူကြီးလူကောင်းတိ လာဖို့လား အဆိုးအဆာ တိလာလိမ့်မယ်)*
**အဆိုင်း**–(က)အရွယ်အစား*(အဆိုင်း တူရာတူရာ တစ်ဖွဲ့စီ ဝင်လာကတ်)* (ခ)အလုပ်အစု *(တစ်ဆိုင်းညောင်းကေ နောက်တစ်ဆိုင်း ဝင်ကတ်)*
**အဆွိ**–(က)(ဆွေးမြေ့)ဟောင်းလို့ရိနိန်သည်*(အိမ်တိုင်တိဆွီးနိန်ဗျာလ်)* (ခ)အသုံးမကျရေလူ *(အေသူက အဆွီးရာကာ တစ်ယောက်)*
**အဆစ်ကျ**–စကား ဝင်ပြောဖို့ /တစ်ခုခု ဝင်လုပ်ဖို့ အခြေအနိန်ပီးသည် *(စကားကို အဆစ်ကျရေခါ မှဝင်ပြောရရေ မဆီမဆိုင်ဝင်မပြောရ)*
**အဆံ**–(က)အစိထဲကအနှစ်(ခ)ဆင်ခြီ*(အေသူ ကကောင်း အဆံ ရှည်ရေ)*
**အဆံရှည်**–ဂျီးများသော/ မပြီးမပြတ်နိုင်သော*(စကားကိုလိုရင်းကိုပြောပါ အစ်ကို အဆန်ရှည် ပနာ ပြောမနိန်ပါကေ့)*
**အဆန်**–ဆန့်ကျင်၍*(စကားပြောကေ အဆန်အဆန်စီ မပြောကေ့လေဝေ ငါ စိတ်တိုလာဗျာလ်ဒေ)*
**အဆန်း**–ရိုးရိုးမဟုတ်သော/ အသစ်ဖြစ်သော *(နင့်စကားက အဆန်းကာ)*
**အဆန်းတတ်**–မလုပ်သင့်သည်ကိုလုပ်သည်။
**အညာရီတက်**–(မြစ်ရေလျှံသည်)မိုးတွင်းခါ မြစ်ချောင်းရီလျှံတက်သည်။
**အညက်ဆိုး**–(က)အမှိုက်သရိုက်တိ (ခ)အကျင့်ဆိုး။
**အညွန့်အုပ်**–(မင်္ဂလာအုပ်)သမက်တက်တေခါသမီးရှင်မအတွက်မင်္ဂလာရှိအောင် အထူးပြင် ဆင်ထားရေ အုပ်။
**အညှော့**–(ခန္ဓာကိုယ်ကကျီး)ခန္ဓာအရီပြားမှာ ဖြစ်နိန်ရေကျီး*(ရီချိုးကေ သပုံတိုးခယင့်လား အညှော့ တိုးခယင့် လား)*

**အညောင်းကျ**–မိန်မတိမှာ အဖြူဆင်းခြင်း။
**အတလိ**–(တမင်တကာ)တသိန်းတမန်*(ငါကမလုပ်ကေ့ပြောလို့အတလိ လုပ်ပြနိန်ရေ အဆွီးချေ)*
**အတင့်ကြည့်**–(အလုကြည့်)ဓနီးမယား(သို့)သား–သမီးချေတိကိုအလုပ် မခိုင်းဘဲ အလုကြည့်ထားသည်။
**အတန်နန့်ရ**–ဈေးသက်သာသော*(အတန်နန့်ရလို့ မှိုဟင်းတစ်တောင်းချွတ် လာရေကား မမ အေမှာ ယူခလိုက်ကတ်)*
**အတွင်းကောက်**–(ကောက်ကျစ်သော)အတွင်းလား /အထဲလားသော။
**အတွင်းလား**–ကောက်ကျစ်သော။
**အတွက်ကျ**–ရှင်းရှင်း လင်းလင်းသိလား /နားလည်လားသည်*(ပါလား ရေဖေချာတိ ဓာပိုင်ကုန်လား ခလေဆိုစွာ အတွက်မကျ ဖြစ်နိန်ရေ)*
**အတွက်ကတ်**– အနစ်နာ မခံလိုခြင်း *(တွက်ကတ် မနိန်ကေ့ ငါရို့ပီးရဖို့ စွာပီးလိုက်ကတ်မေ)*
**အတွက်တတ်**–ဂဏန်သချ်ာအတွက်အချက်တတ်ကျွမ်းသူ*(ယင်းလောက် ပင်စာရင်းတိ ရှုတ်နိန်ကေ အတွက်တတ် တစ်ယောက် ခေါ်ရဖို့)*
**အတွက်နန့်**–ထိုကြောင့်*(ယင်း အတွက်နန့် ယင်း ကလိန်မေကို မယူခီ ကေ့လို့ အစကပင် ငါပြောစွာ)*
**အတွက်ပေါ်**–(အမှတ်ရသည်)မိန့်နိန်စွာကို ပြန်သတိရသည်(*အေး ဂုမှငါ အတွက်ပေါ်ရေ နက်ဖြန်ခါ အစည်းအဝေး ဖိတ်ထားရေယေ)*
**အတွက်ဖေါ်**–မိနိန်စွာကို အမှတ်ရအောင် အစဖေါ်ပီးသည်။
**အတွန့်တက်**–ပြန်လည်မိန်းမြန်းသည်/စောဒကတက်သည် *(ငါပြောစွာ ကို အားလုံးနားထောင် ကတ် အတွန့်တက်နိန်ဖို့ အချိန်မရှိဗျာလ်)*
**အထိအဝီ**–အများကြီးပိုမိုသော*(ယင်းသူ့မိဘတိကအထိအဝီချမ်းသာရေ)*
**အထဲလား**–ကောက်ကျစ်သူ*(အေသူ ကကောင်း အထဲလား ရေ)*
**အထူးဂါရ**–မဆီမဆိုင်/အဆက်အစပ်မရှိသော*(အထူးဂါရ ငါ့လင်တခါလေ့ အရက်မသောက် နင်ပြောတိုင်း ယုံရဖို့လား)*
**အထူးထူး**–မဟုတ်မဟပ်/အဓိပ္ပါယ်မရှိသော*(အထူးထူး လာမပြောကေ့)*

**အထက်ပြီ**–(အထက်ပေါ်ရှိ)(က)အထက်ဆုံးက/အပြင်ဆုံးကရှိနိန်သော *(ငါးခြောက်မိန်း ဖုတ်ကို အထက်ပြီတဆိကေခြစ်ပလိုက်)* (ခ)လူမြင်ကောင်းရုံ *(ယင်း လင်မယားက အထက်ပြီ တည့်နိန်ကတ် စွာရာ)*
**အထက်ပေါ်ရှိ**–(အပေါ်ယံ)ပြင်ပေါ်ရှိ လူမြင်ကောင်းရုံဖြစ်သော။
**အထင်သီ**–(သေချာပေါက်)ကျိန်းသီကျ တွက်ထားသော*(မင်းချီးထားရေ ဖေချာကို ပြန်ရဖို့လို့ အထင်သီ တွက်မထားကေ့)*
**အထွီး–(**က)အငယ်ဆုံးဖြစ်သော(သမိန်းထွီး)(ခ)ရှုပ်ထွီးပွေလိမ်နိန်သော *(ခြည်မျှင်/ကြိုးစသည်)*
**အဒ**ါ–အဖီး၏မိဘများ(မိဘ–အဖိုးအဘောင် – အဖီး –အဒါ)*(သတင်း ရှီသောက် မိုးရှီသောက် အဒါရှင်မှာ လင်သုံးယောက်)*
**အဒေါင်း** –အဘိုသတ္တဝါ*(ကြောင်ဒေါင်း/ကျားဒေါင်းစသည်)*
**အနက်**–(က)အောက်သို့အနိမ့်(ခ)အဓိပ္ပါယ်ဖွင့်ဆိုချက်။
**အနက်ထိုး–**(တမင်ရွဲ့၍လုပ်သည်)အလေ့ဇီလုပ်သည်/ပြောသမျှတသိန်း တမန် ဆန့်ကျင်ဘက်လုပ်သည်/ပိုဆိုးပြသည်။
**အနှင်း**–(တင်တောင်းသည့်ပစ္စည်း)သားနန့် နစပ်ဖို့သမိန့်ရှင်လောင်းကို လက်ဆောင်ပီးရေ ရွှေ /ငွေ /ပိုင်ဆိုင်မှုတိ။
**အနွဲ**–အမာခွံအသစ်လှယ်ပြီးခါစ ဂဏန်း/မြွီ *(ကလန့်အနွဲ /မြွီအနွဲခွံ )*
**အနမ်း–**စိတ်မပြည့်သော*(အေကလေ အနမ်းကာ လိမ်လို့ လိမ်မှန်းမသိ)*
**အပရိက–**အပြင်ပိုင်း/အရေးမကြီးရေအလုပ်/တာဝန်/အထက်ပြီချေ။
**အပင်**–(က)သစ်ပင် (ခ) ခြီဖဝါးကနိန် ခေါင်းထိအမြင့်/အရပ်အမောင်း *(အေသူ ကကောင်းကြီး အပင် ရှည်ရေ)*
**အပင်း–**အောက်လမ်းဖြင့် ပြုစားထားသော ရောဂါအကျိတ်အခဲ။
**အပင်းဆို့**–စေတနာမပါဘဲပီးသော အစားအစာတိကိုစားသည်။
**အပုတ်ကျ**–(နောက်ကျသော)ကစပ်ပွဲမှာ လိုက်ရရေလူ /ဆီးရရေလူ ဘိတ်ကျရေဘက်။
**အပုတ်ဖမ်း–**ကစပ်ပွဲမှာ အပုတ်ကျရေလူက အခြားတစ်ယောက်ဘက်ကို အပုတ်ကျစွာကို လွဲပီးနိုင်အောင် ဖမ်းသည်။

**အပြင်ရီ**–(အပေါ်ရံ)လူမြင်ကောင်းရုံချေ*(ယင်းကလိန့်မေ အပြင်ရီလှကေ လေ့ အထဲပုတ်ယေ)*

**အပြင်း**–(က)(အမြန်ဆုံး) ခွန်အား အပြည့်နန့်အလျှင် ဆောင်ရွက်သည် *(တက်လေးချောင်းနန့် အပြင်းလော့် မောက်တော်ရှင်မ ပေါင်းထဲက ပဂံဒရမောင်တူ တည့်ထဲမှာ အပြင်းယူ မောင်တူ မိလေ မယား လေ / အပြင်းလားသည် / ထမင်းကို နောက်မှစား အပြင်းတချက် လိုက် လတ်ဖိ)(ခ)ဆိုးဝါးသော/ပြင်းထန်သော(အပြင်း ဖျားနိန်ရေ)*

**အပြင်းနပြင်း**–ကံကောင်းထောက်မလို့*(အပြင်နပြင်း ဘုတ်မီ လိုက်လို့ တော်သိရေ မဟုတ်ကေ စာမိန်ပွဲ ဖြေရဖို့မဟုတ်)*

**အပွါးထုတ်**–အဆောက်အဦး/ ခြံကိုတိုးချဲ့သည်/ အကျိုးအမြတ်ရအောင် လုပ်သည်။

**အပြိန်း**–အကြမ်းအားဖြင့် *(တပိဿာကို ဇာလောက်နှုန်းစီ ကျလေအပြိန်း တစ်ချက် တွက်ကြည့်လိုက်)*

**အပေါင်**–(က)အဖုံးအအုပ်*(မင်းစာအုပ် အပေါင်စုတ်နိန်ဗျာလ်အသစ်တပ် လိုက်ဖိ)* (ခ) အာမခံထားခြင်း *(အေ လက်ကောက်ကို အပေါင်ထား ပါမယ် ဖေချာတစ်သောင်းချက်ထုတ်ပီးပါ)*

**အပေါင်ထည်**–(အာမခံပစ္စည်း) ဖေချာချီးရေခါ အာမခံထားရေပစ္စည်း။

**အပျောက်ပျောက်ခုံ**–ဝမ်းသာလွန်းလို့ခုန်ဆွခုန်ဆွလုပ်နိန်သည် *(စာမိန်း ပွဲအောင်လို့လတ် အပျောက်ပျောက်ခုံနိန်ရေ)*

**အဖာသသော**–ပြုပြင်ဖါထီးထားသော/ မူလထက် ပြုပြင်ထားရသည်က ပိုများသော*(မင်းရို့စွာက အဖါသသောနန့်ရာ)*

**အဖက်**–ဂဏန်းလက်မ/ ပုဇွန်လက်မ *(အေ ဂဏန်း အဖက်ကို ဘာဘာ စားဖို့ ထားလိုက်ကတ်မေ)*

**အဖက်ခံ**–မျှော်လင့်ချက်တစ်ခုခုနန့် တစ်ယောက်ယောက်ကို အရောဝင် ပေါင်းသင်းသည်*(သူဌေးကို အဖက်ခံထားရဖို့)*

**အဖက်လုပ်**–ပူးပေါင်းသည်/ ပေါင်းသင်းဆက်ဆံသည်*(ယင်းကလိန့်မေ ကို အဖက်မလုပ်ခီကေ့ နင်ပါ နာမည်ပျက်လိမ့်မယ်)*

**အဖန်**–အကြိမ်*(ဘဝတစ်ရာ အဖန်ငါးရာ ဝင့်ခံရလိမ့်မယ်)*
**အဖန်ဆီ**–(က)လဘက်အချိုရည်ဖျိုရန်နှပ်ထားသောအဖန်ရည်(ခ)အဖန် ရည်ခွက်တိမှာ အမြဲသုံး နိန်လို့ ကပ်နိန်ရေ ခြိုး။
**အဖန်ရည်**–(ရေနွေးကြမ်း) လဘက်ခြောက် ခပ်ထားရေ ရီပူ။
**အဖြတ်ဖြတ်**–အလီလီ/အပိုင်းလိုက်အပိုင်းလိုက်*(ဖေချာချေ တစ်သိန်းကို အဖြတ်ဖြတ် ပြန်ပီးနိန်ရေ)*
**အဖျားကကောက်**–အမိပ္ပါယ် တစ်မျိုးနန့်မရိုးမသား ပြောဆိုသည်/လုပ် ကိုင်သည် *(အေသူ စကားပြောကေ အဖျားကကောက်နန့်)*
**အဖျားမမဲ**–မကောင်းရေအဓိပ္ပါယ်တစ်မျိုးနန့် သွယ်ဝိုက် ပြောသည်။
**အဖြင်းဖြင်း**–ကံကောင်ထောက်မလို့ *(အဖြင်းဖြင်း ဘုတ် မီလိုက်လို့ရာ မလားဂု မဟုတ်ကေကျန် လိုက်ရဖို့ထော)*
**အဘု/အဘုချေ**–(ကလေးငယ်)အချေကို ချစ်လို့ခေါ်ရေစကား။
**အမျက်**–(က)ဒေါသရန်ငြိုး*(အမျက်ထွက်သည်)* (ခ)သစ်သား/ဝါးအဆုံ *(ဒါးကိုဖျက် ဝမျက်/အမျက်ဆုံ)*
**အမျယ်**–အရွယ်တူမိန်းမကြီး အချင်းချင်းခေါ်ရေအသုံး *(အမျေရို့နိန် လို့ ကောင်း ကတ်ယင့်လား)*
**အမျှင်**–အရှည်လိုက်ဖြစ်သော(ကြိုးမျှင်/အမျှင်ရှည်သည်)
**အမိန်းနန့်သီးနန့်**–(ရှိင်းစိုင်းစွာဆဲသည်)တိုင်းထွာ ဆဲဆိုသည်/ ကြမ်း တမ်းစွာ ဆဲခြင်း *(အကျွန့်ကို အေသူ အမိန်းနန့်သီးနန့် ဆဲပါရေ)*
**အမြင်ကတ်**–ကြည့်မရလောင်အောင် မုန်းနိန်သည်။
**အမြင်ဝ**–မပြောဆို မဆက်ဆံချင်လောက်အောင်ဖြစ်နိန်သည် *(ယင်းသူ့ ကို ငါအမြင်ဝရေ ယင်းသူနန့် စကားမပြောချင်)*
**အမြိုး**–စားစရာတစ်ခုခုကို ပိုကောင်းလာအောင်ထည့်ပီးရေပစ္စည်း*(ဟင်း ရည်မှာ ပုစွန်အမြိုးနိုင်နိုင်နန့် ချက်ထားရေ)*
**အမေရော်ဂါ**–သင့်တင့်ရုံချေ(ဘုန်း*ကြီးကျောင်း လားစွာမှာ အမေရော်ဂါ ဝတ်လာကေ ကျီဗျာလ် သမက်တက် လားစွာကမဟုတ်)*
**အမြောက်မြောက်**–အပျော်ကြီးပျော်လို့လားနိန်သည်။

**အမွှီးတစ်ပင်နာ**–(သွီးစုနာ)အမွှီးချေတိ ခြီရင်းမှာ ပိုးဝင်လို့ဖြစ်တေအနာ။
**အယားယား–**အကျိုးမရှိလျှောက်လားနိန်ခြင်း *(ယင်းလူ အယားယားရာ လားနိန်ရေ အိမ်အတွက် ဟင်းချေတစ်ဆုပ်ချေပင် ခူးလာဖေါ် မရ)*
**အယစ်ရည်ဖတ်**–(မူးမူးရူးရူး) အရက် ယာဇ်နိန်သော*(အယာဇ် ရည်ဖတ် နန့် အပင်ထက်ကိုတက်နိန်လာ လူးယက်ကျမယ်)*
**အယင့်ရှည်**–(လေကြောရှည်)စကားပြောဖြေးဖြေးလလီးပြောသည်/ မပြီးနိုင် မဆုံးနိုင် စကားအမျှင်မပြတ်ပြောသည်။
**အယတ်**–(အဖီ)အိမ်ဘေးက အိမ်ကိုမှီလို့တိုးချဲ့မိုးကာထားရေနေရာ*(အေ တစ်မိုး မိဘအိမ်မှာ အယတ်ဆွဲလို့နိန်လိုက်ကတ်ဖို့ဗျာလ်နောက်နှစ် မှ အိမ်သစ်ဆောက်ကတ်မယ်)*
**အယတ်ယတ်**–တွဲလီတွဲလောင်း /အပြိုပြို အယိုယိုဖြစ်သော*(မင်းအိမ်က ခေါင်မိုးတိ အယတ်ယတ် ကျနိန်ဗျာလ် ပြန်ဆောက်ဖိ)*
**အယွတ်ယွတ်**–အလဲလဲအပြိုပြို*(မင်းရို့အိမ်ခေါင်မိုး အယွတ်ယွတ်ကျနိန် ဗျာလ် ပြန်ဖြိုလို့မိုးလိုက်ဖိ)*
**အယောင်းယောင်း–(**က)အလျားလျားအပါးအပါး (ခ)ပုံပျက်ပန်းပျက်။
**အယွေ–**မိခင်၏ညီမ/ မိခင်၏ညီမအရွယ်ကိုခေါ်ရေ အသုံး။
**အရာ**–(က)ဒဏ်ရာ အမှတ်အသား(ခ)နောက်ထပ်မံလို့*(အရာဖေချာ ချီးဖို့ လာပြန်ဗျာလ် နင့်ကို မလာကေ့ ပြောထားရေမလား)*
**အရီကျွတ်**–(က)အထက်ပြီအခွံကွာသော(ခ)မွဲပြာကျနိန်သော။
**အရပ်မတည့်**–နိန့်နံ့ မတည့်လို့ မလားသင့်ရေအရပ်။
**အရပ်သုန်း–**ကိုယ်နန့်မတည့်လို့ မလားသင့်ရေ အရပ်ဒေသ /လားကေ သီကိန်းရှိရေအရပ်*(နင့်အတွက်အရပ်သုန်းရေ ရန်ကုန်ကိုမလားကေ့)*
**အရိပ်ကျ**–(က)လောင်းရိပ်မိသည်*(သရက်ပင်အရိပ်ကျနိန်ရေ)* (ခ)(ရိပ်မိသည်)ဓာကိုဆိုလိုရေ/ ဓာကို ဖုံးကွယ်ထားရေဆိုစွာရိပ် မိသည်/ နားလည်သည်/ *သဘောပေါက်သည်(ယင်း ပြည်ပက ဝင်လာရေ လူတိ ဓာပိုင်ခြီလှမ်း လှမ်းနိန်ရေဆိုစွာ အခုထိ အရိပ်မကျကတ် သိလား )*
**အရှိ–**အုပ်စု *(နွားတိ အရှီပြတ် စပါးစားနိန်ကတ်တေ)*

**အရှုတစ်ရာ**–အလွန်နက်သော*(အချောင်းကို လားလို့ မငုပ်ခီကေ့ အရှု တစ်ရာ လောက်နက်တေ)*

**အရှုးပေါ်**–မလုပ်သင့်မလုပ်အပ်သည်ကိုလုပ်သည်*(အရှုးပေါ်ပေါ်လို့ကာ နိန့်ခြင်း ကြောင်တောင် လမ်းမှာ သခြင်းဆိုလို့ လားနိန်ရေ)*

**အရှင်ခံ**–မိမိပိုင်ဆိုင်ကြောင်းပြောသည်/ ကြော်ငြာသည်။

**အရုပ်မျိုးသုံးဆယ်**–ပုံစံအမျိုးမျိုးလုပ်ပြသည်/ ပြောပြနိန်သည်*(ယင်းကလေ ကိုခိုင်းခီကေ အရုပ်မျိုးသုံးဆယ် မြင်ရကတ်ဖို့ဗျာလ်)*

**အလားလားအပါးပါး**–အကျိုးမရှိ ဘဲပျက်စီးလားသော *(မိကောင်းဖခင် သားသမိန်းတစ်ယောက် အရက်သမား တိနန့်ပေါင်းခီလို့ အလား လားအပါးပါး ပျက်စီးလားခရေ)*

**အလုံးကြီးကျ**–စိတ်အီးချမ်းလားသည်*(သမိန်းချေပျောက်နိန်လို့တညည့် လုံး စိတ်ပူနိန်စွာ အဘောင်ရှင်အိမ်မှာ ရှိနိန်ရေဆိုမှ အလုံး ကြီးကျ လားရေ)*

**အလှပလ**–(က)လှလှပပဖြစ်သော*(မမချေတစ်ယောက် အလှပလချေထော)* (ခ)ကောင်း မွန် သေသပ်သော*(ဘုရာပန်းကို အလှပလချေ ပြင်ရဖို့ – ငါးတစ်အိုး အလှပလချေ ချက်ထားရေထော)*

**အလယ်ချိတ်**–(အိမ်အတွင်းပိုင်း)အိမ်မှာ အိမ်ရှိခန်းနန့် ထရံခြားထားရေ အတွင်းခန်း *(အလယ်ချိတ် ထရံကိုကျော်လို့ ဝင်ချင်ကေ အိမ်ရှင်သ ဘောတူဖို့လိုရေ)*

**အလွယ်ကာသား**–(က)လွယ်ကူစွာ*(မိန်းစက် ဂြဂြမ်းဆာလို့ ပြုံနိန်စွာကို အလွယ်ကာသားချေပြင်ပခရေ အေသူကကောင်းတော်ရေ)* (ခ)ပပေါ့ ဆဆ/ ပြီးစလွယ် *(အလုပ်ကို အလွယ်ကာသား မလုပ်ကတ်ကေ့/ စကား ကို အလွယ်ကာသား မပြောကတ်ကေ့)*

**အလိုက်တိုင်း**–(အတိုင်းသား) ယင်းလိုက်တိုင်း/ ထင်ထင် ရှားရှား*(မင်း အိမ်က ထရံနိမ့်ရေကမရှိ အတွင်းကို အလိုက်တိုင်း မြင်နိန်ရရေ)*

**အလှည့်**–ကိုလုပ်ခွင့်ပြောခွင့်ရရေအချိန်*(မင်းအလှည့်ပြီးကေ ငါ့အလှည့်)*

**အလှည်းခက်**–(တံမြက်စည်း) အမှိုက်တိကို သိမ်းယူရေ ပစ္စည်း။

**အလှိုင်းလှိုင်း**–အစုလိုက်အပုံလိုက်/ များစွာ*(အနေနိန့်ခါ စျီးမှာ မှိုဟင်းတိ အလှိုင်းလှိုင်း တက်တေ)*

**အလေ့**–အကျင့်*(အေသူ အိပ်ရာမဝင်ခင် ဘုရားရှိခိုးရေ အလေ့ရှိရေ)*

**အလေ့စီ**–(ဆန့်ကျင်လုပ်သည်)မလုပ်ကေ့ လို့ပြောကေ တသိန်းတမန် လုပ်ပြသည်*(နင့်ကို အေရှင့်ကို မလုပ်ပါကေ့ လို့ပြောထားယင့်သား နန့် နင်ငါ့ကို အလေ့စီ လုပ်ပြစွာမဟုတ်လား)*

**အလှောက်**–အပိုဆောင်းပီးခြင်း*(အရီးရို့ဘက်က ဝန်တိ အများကြီးဝယ် ထား ပါရေ အလှောက် ဆိကေတဖွေ ထည့်ပီးဖို့ကောင်းပါရေ)*

**အဝါ**–(အစေ့အိမ်)အသီးအထဲက အစိအိမ် *(ဥပမာ= ပိန္နဲသီးအဝါ)*

**အဝါအဆာ**–စကားကို အမှန်တရားထက်ပိုလို့ တဆိကေပုံကြီးချဲ့ ပြော သည်*(အဝါအဆာပါ ထည့်ပြောရ ဖို့ဆိုကေ အကျွန် မြင်ခရေ မြို့က ထန်းပင်လောက် ရှိပါရေ)*

**အဝီ**–ဝီစု *(ကိုယ့်အဝီကို ကိုယ် ယူလားလီကတ်)*

**အဝင်ခံ**–ဆန့်ကျင်နိန်ရာက ပြန်လည်ပူးပေါင်းလာသည်။

**အဝတ်ပြန်**–(သေဆုံးသည်) ခရီးဝီးကိုလားနိန်ရာမှာ လမ်းမှာ သီဆုံးလား သည်*(ကုလားချေ ထိုင်းကို ဖေချာရှာဖို့လားခစွာ အဝတ်ပြန်လာရေ)*

**အဝပ်ကျ**–(နေသားကျ)နိန်ပစ်ကျ/ နိန်သားတကျဖြစ်သည် *(ကျောက်ဖြူ မြို့ကို ပြောင်းလာခါစက မပျော်ကေလေ့ အဂုတော့ခါ သားသမီး ချေတိနန့် အဝပ်ကျ နိန်ပါဗျာလ်)*

**အဝှန်**–အပျော်လွန်ပြီးသတိလက်လွတ်ဖြစ်ခြင်း/ လုပ်သူ*(အဝှန်မ လူတစ် ကောင်လုံး ထိုင်နိန်စွာ မမြင်ရအောင် ဝှန်ကြီး ကျလာရေ)*

**အဝှမ်း**–အနှံ့အပြား*(ရခိုင်ပြည် အဝှမ်း သာသနာထွန်းကားရေ)*

**အသပြာ**–(က)ငွေသားဒင်္ဂါး (ခ) ဖြူဖြူ အချပ်နှစ်ခုပါရေ စားရရေ ရိုင် သတ္တဝါတစ်မျိုး။

**အသတင်**–အသားတင်*(အသတင် လစာ ဇာလောက်ကျန်လေ)*

**အသပျက်လိုက်**–(အသားပုတ်အနာ)အသားတိတဆတ်ဆတ်ဆွီးပုတ်လို့ လားရေ အနာရောဂါ။

**အသားစား**–(ရန်သူ) တစ်ယောက်နန့်တစ်ယောက် အလွန့် အလွန်မုန်း တီးသော ရန်ဘက်*(ယင်းသူနန့်ငါနန့် အသားစား)*
**အသဲဆာ**–(ရင်နာ)ကကောင်းကြီး စိတ်မကောင်းဖြစ်သည်/ မန်ပါသည် *(ယင်းလူ မယားငယ် ယူလားစွာကို စိုင်းစားမိကေ အသဲဆာရေ)*
**အသက်မကျ**–အလွန်းကြီး ကြောင့်ကြ စိတ်နန့်လုပ်သော /လားသော *(သားချေမော်တော်ဆိုင်ကယ် မှောက်တယ် ကြားလို့ ပြီးပါလားစွာ မမလေ အသက်ပင် မကျပါကား)*
**အသတ်ကျ**–(အရိုက်ခံရ)လက်နန့်/တုတ်နန့်သတ်လို့ဒဏ်ပီးခံရသည်။
**အသတ်တောင်း**–(တုတ်တောင်း)ဒေါသဖြစ်ဖို့ကောင်းရေ လုပ်ရပ်တိ ကို လုပ်သည် *(အေသူချေ ကကောင်း အသတ်တောင်း နိန်ရေကား )*
**အသွင်**–ပုံမှန်ကြီးထွားဖွံ့ဖြိုးခြင်းမရှိသော*(ယင်းသူခြံထောက် သွင်နိန်ရေ –အေကွမ်း သီးက အသွင်ရာ)*
**အသွင်းပီး**–အနှင်းပီး(တင်တောင်းခြင်း) သမီးရှင်မ အတွက် သမက်ရှင် မိဘတိက ရွှေငွေရတနာ/အိမ်ရာစသည် လက်ဖွဲ့ပီးသည်။
**အသောင်း**–မအောင်မြင်သော/မရင့်မာသောဝါး။
**အသွန်**–ကြာလို့ပိန်ရှုံ့လားသည်*( ကြက်သွန်ဥတိ သွန်နိန်ဗျာလ်)*
**အဟက်**–မြှားဦးပုံ အထစ်(*ကျောက်ဟက်/ကျေးဟက်*)
**အဟိတ်**–အရှိန်အဝါ*(မိဘ အဟိတ်နန့် သားသမိန်းတိ မြွနိန်ကတ်တေ)*
**အဟိန်**–(က)အပူငွေ့*(ကိုယ်အဟိန်)*(ခ)အရှိန်အဝါ*(မိဘအဟိန်နန့်သား တိဆိုးနိန်ရေ)*
**အဟောတကြော်**–ကျယ်လောင်ရေအသံနန့်*(အေလောက် ကိစ္စချေကိုပင် တရွာလုံးကြားအောင် အဟောတကြော် ပြောဖို့ကမလိုပါကာ)*
**အဟောတော်**–(ရှာဆော်)ရပ်ရွာကိစ္စတိကိုအသံကျယ်ကျယ်နန့်တရွာလုံး သိအောင် ရှာကိုပါတ်လို့ ဟောရရေလူ။
**အအုံ့သံမကြား**–(တိတ်ဆိတ်နေသော)လုံးဝ တိန်းနိန်သော/အသံ လုံးဝ မထွက်သော *(ငါရို့မှာဖေချာ ရှိကေ ယင်းသူရို့ အမြဲတန်းလာချီးရေ သူရို့ လောင်ပွါပေါက်တေခါတော့ခါ အအုံ့သံပင် မကြား)*

**အအောက်စစပ်**–မဆီမဆိုင်သော *(အအောက်စစပ် ယင်းကလေနန့် ငါ နန့် ဇာဆိုင်လေ)*

**အအုပ်ချုပ်ချုပ်**–စည်းကမ်းသေဝပ်စွာဖြင့် ညီညီညွတ်ညွတ်ရှိသော*(မိဘ လက်အောက်မှာ အားလုံးအအုပ်ချုပ်ချုပ်နိန်ကတ်ရန်မဖြစ်ကတ်ကေ့)*

**အာ**–(က)ပွင့်အာသည်(ခ)ကျီးကန်းမြည်သည် (ဂ)စကားများစွာပြောသည်။

**အာကာ**–ကောင်းကင်။

**အာဂ**–အလွန်တော်သောလူ *( အယင်ကလူ မောင်သာဖြူ ဘိန်းတစ်ပဲရှု အာဂလူ ခြင်တစ်ကောင်ကိုက် တမိုးပစ် ချီးတစ်ပုပေါက် နတ်ပြည် ရောက် –စာပြောင်)*

**အာစီထည့်**–စကားပြန်မပြော နိုင်အောင်ဖြစ်လားသည် /တိန်းနိန်သည် *(အေသူမယားရှိမှာ ဆိုကေအာစီထည့် ထားရေပိုင် အသံပင်မထွက်)*

**အာစက်**–သူပြောရေပိုင် ဖြစ်တတ်တေသော*(အေသူ အာစက် ရှိရေ)*

**အာဒါ**–ပုလင်းတဝက်*(နှမ်းဆီ တစ်အာဒါပီးပါ)(တစ်အာဒါ=၂၀–သား)*

**အာဒီ**–အာဒါ၏တစ်ဝက်(၁၀–ကျပ်သား)

**အာလဝ**–တောကျီးကန်းကြီး။

**အာဂန္တု**–(ဧည့်သည်)ကိုယ်အိမ်ကို/ ရွာကို ရပ်ဝီးကလာလည်ရေ လူစိမ်း။

**အာဂန္တုကဝတ်**–(ဧည့်ဝတ်) အာဂန္တု ရောက်လာကေ အိမ်ရှင်က ဆောင် ရွက်ပီးရဖို့ ယိုင်ကျေးမှု ဆိုင်ရာ ဝတ္တရား။

**အာပေါ်ရှင်**–(ဆီးရှင်ခြင်း)သီး ရက်ပြတ်ရက်ပြတ် ပေါက်သည်။

**အာမတွိလျှာမတွိ**–မလုံမလောက်သော*(မုံ့ချေ တဆိကေလာပီးလို့ ငါရို့ အိမ်မှာ အာမတွိလျှာမတွိ)*

**အာသာ–(ဆန္ဒ)**စားချင်/ သောက်ချင်/ လားချင်ရေဆန္ဒ*(လူနာက ချိုင်သီး စားဖို့ အာသာရှိနိန်ရေ)(အာသီသ)*

**အား**–(က)လွပ်လပ်နိန်သော/ အလုပ်တာဝန်မရှိသော*(ထိုတောင်းအားနိန် ကေ စပါးထည့်ထားလိုက် /နင် အားနိန်ကေ ငါနန့်တစ်ချက်လိုက် လတ်)* (ခ)ခွန်အား။

**အားပြု**–မှီခိုအားထားသည်*(ဒူးနာလို့တုတ်ကိုအားပြု လျှောက်နိန်ရရေ)*

**အားစမ်း–**(က)ခွန်အားချင်းပြိုင်ကြည့်သည်(ခ)တဖက်အင်အားကိုအရိပ်အကဲကြည့်သည်။

**အားတင်**–အထက်စီးနန့်ပြုမူသည်*(ဖေချာရှိလို့ ယင်းသူရို့ငါရို့ကို ကကောင်း အားတင် ချင်နီန်ရေ)*

**အားဒမ**–(အတင်းအကြပ်)မရမနိန်/အတင်း အကြပ် *(မရှိစွာကို အားဒမ တောင်းလို့ ရဖို့လား)*

**အားနာဘယ–**တရိုတသေ/လေးလေးစားစား*(ယင်း အခင်ကြီးနန့် ကျွန် တော်ရို့ အားနာဘယ နိန်ကတ်စွာပါ )*

**အားလာကြီး–**ခန္ဓာအလွန်ကြီးသော*(မောင်ချေ ဆိုလို့ကြည့် လိုက်ပါရေ အားလာကြီး ရာမနား)*

**အားလှောက်–**အားဖြည့်ပီးသည်။

**အီ**–(က)ရိုးအီ (ခ)နှေးကွေးလာသည် *(ဖြားအီ လာဗျာလ်)* (ဂ)အဆက် မပြတ် ငိုသည်*(အချေ အီနိန်ရေ)* (ဃ)ကောင်းကောင်းမသွိသော(အဝတ်တိကို နိန်လှမ်းလိုက်အုံး အီ နိန်သိရေကား)

**အီး–**(က)မပူသော/ချမ်းသော *(အေနှစ် ဆောင်းခါ ကကောင်း အီးရေ)* (ခ)အဆိပ်ရှိငါးစူးလို့/အဆိပ်ရှိသတ္တဝါကိုက်လို့နာကြင်ခြင်း*(ငါးနဲ့မတူ ငတောက်တူ ငရူစူးကေ အီးလိမ့်မယ်)* (ဂ)ပြီးပြတ်သည်*(ချီးထားရေ ဖေချာ ပြန်ပီးလိုက်ကေ အီးဗျာလ်မနား)*

**အု**–(က)တိရိစ္ဆာန်ဥသည်(ခ)အငယ့်ချေအငယ့်ချေတိ ညီညီညာညာပြိနိန် ခြင်း*(သမီးချေ ရက်ထားရေ ထမိန် အု နိန်ရေထော)*

**အူ**–(က)ဝမ်းထဲမှာရှိရေအစာလမ်းကြောင်း(ခ)ရီအစိုဓါတ်ကြောင့်မှိုတက် ခြင်း*(ငါးခြောက်တိ အူနိန်ဗျာလ်)*(ဂ) ခွီးတိအသံရှည်နန့်မြည်ခြင်း။

**အူကြောင်း–**အလယ်တည့်တည့် လမ်းကြောင်း။

**အူတာလိုက်**–အစားအစာ/အဝတ် အထည်ရို့ကိုမသွိခင် လီလုံရေနိန်ရာ မှာထားမိလို့ မှိုနံ့နံခြင်း။

**အက်**–(က)ဝင်တိုးမိသည်*(ညည့်မိုက်ထဲမှာ နှစ်ယောက်ချင်း အက်မိရေ)* (ခ)စကားချင်း ဆန့်ကျင်ဘက် ဖြစ်သည်*(စကား အက်ကတ်တေ)*

**အက်မိကေ**–(တွေ့မိတိုင်း) တွိတိုင်း တွိတိုင်း*(အေစွာက အက်မိကေ ပင်ဖေချာ ချီးရေဗျာလ် ကာ)*

**အင်**–(အင်တင်တင်ဖြစ်သည်)တစ်ယောက်နန့်တစ်ယောက်စကားအက်ကတ်ပြီးကေ ဆက်ဆံပြောဆိုဖို့တဆိကေခက်ခဲလားသည်*(ဇာလေ့မဟုတ်တေ ကိစ္စနန့်ညီအစ်ကိုနှစ်ယောက် အင်လားကတ်တေ)*

**အင်ကြင်းပင်**–(တရုပ်စံကား)အပွင့်အဖြူ/ အနီပွင့်တတ်တေအပင်တမျိုး။

**အင်တန်**–မနည်း မများရေပမာဏ *(မြောက်ဦး ကိုရောက်ဖို့ အင်တန်ချေ လားရဖို့သိ)*

**အင်ဒုံ**–(အင်တုံ)အဝကားရီဒုံ *(ပျာလာတိကို အင်တုံမှာ ထည့်လို့ဆီးပါ)*

**အင်သား**–(မြေအိုးငယ်)ရီပူတည်ရေ အဝကျိုင်း မြေအိုးချေ*(ရီပူချေ တစ် အင်သား တည်လိုက်)*

**အင်္ဂနိုန်**–(ဘိလပ်မြေ)ဇမ်းပွတ်/ ဆီမန်း။

**အင်္ဂလိပ်ခြင်း**–အင်္ဂလိပ်စကား*(ရခိုင်စကား ပြောစွာကိုနားမလည်ဆိုကေ မင်းကို အင်္ဂလိပ်ခြင်းနန့် ပြောရဖို့လား)*

**အင်း**–(က)ရီနက်ပိုင်းလယ်မြေ(ခ)ဂမ္ဘီရဇယားကွက်။

**အင်းချ**–သတ္တုပြား/ ပီရွက်/ စက္ကူတစ်ခုခုထက်တွင် ဂမ္ဘီရပညာအရ အစီအရင် ဇယားကွက်ရီးသည်။

**အင်းပျိုင်ထ**–(အင်ပြင်ထ) မတည့်စွာစားမိလို့/ မတည့် စွာနန့်တိုက်မိလို့ ခန္ဓာမှာ အထုထခြင်း။

**အင်းမြှုပ်**–တစ်စုံတစ်ဦးအား ဘေးရောက်အောင်ဂမ္ဘီရအင်းမြှုပ်စီရင်သည်။

**အန္ဓေကျ**–အရုက်မရှိသောသူ/ ရှက်ကောင်းထမန်းဖြစ်သော/ ရွံ့ရှာဖွယ်ရာလူ *(အေကောင် အရှက်မရှိကား အန္ဓေကျကာ တစ်ကောင်)*

**အံကျ**–(အံဝင်ဂွင်ကျ)ကွက်တိအတိအကျဖြစ်သော။

**အံ့ကျ**–ခန္ဓာဆူဖြိုးနိန်စွာ/ ကျန်းမာလို့သန်မာနိန်စွာကိုလူတိ တအံ့တသြ ပြောကတ်လွန်းအားကြီးလို့ အချေမှာ ရောဂါဖြစ်ပြီးပိန်ချုံးလာသည် *(အချေကို လူတိုင်းအံ့လို့ အံ့ကျလို့ ခန္ဓာကြုံ လားခရေ)*

**အုံးခံ**–(အင်းလိုက်)ပြောနိန်ရေစကားကိုနားထောင်နိန်ကြောင်းအသိပီးသံ။

**အုံးထ**–(အလွန်ဆူညံစွာ)*(ပွဲမှာလူတိကလူအုံးထနိန်ရေ)*

**အိုးခွက်–(က)**ရိခပ်တေရီးအိုး (ခ)ချက်ပြုတ်တေအိုးတိခွက်တိ။

**အိုးချေခွက်ချေ**–(လွယ်ကူသော)ကကောင်းလွယ်သော*(အိမ်ထောင်ပြုရေ ဆိုစွာ အိုးချေခွက်ချေ ကစပ်စွာမဟုတ်)*

**အိုးစခွမ်း**–(မြေအိုးကွဲ) မြီအိုးအကွဲ/ အဖဲ့အစတိ။

**အိုးပနံသာ**–အထူးပြုလုပ်ထားရေ မြီအိုး။

**အိုးဖေါက်မ**–လင်လိုချင်နိန်ရေအပျိုမ*(ထမင်းချက်ယင့်ပင် အိုးကိုဖေါက် လို့ ဆန္ဒပြခြင်း)*

**အပ်**–(က)အဝတ်ခြုပ်တေ နဖါးပေါက်ပါသံချောင်းချေ (ခ)လယ်ထွန်ရေ ထွန်တုံး(ဂ)ခါတ်တည့်သည်/ အဆင်ပြေသည်*(အေလူနာအေးဆီးနန့် အပ်တေ/ ဒေါက်တာအေးချမ်း အမေရိကန် နန့်အပ်တေ)* (ဃ)အပ်နှံ *(ဖေချာ တစ်သိန်း အပ်ထားရေ)*

**အပ်က**–ညာဏ်ရည်နိမ့်ရေလူ။

**အမ်း–(က)**ဖေချာပြန်ပီးသည်(ခ)ပြည့်ကားနိန်သော*(အရက်သောက်အား ကြီးလို့ မျက်နှာ အမ်းနိန်ရေ)*(ဂ)ပြန်လို့မချေပနိုင်ဖြစ်သည်*(သူခိုး ကို ခိုးလာရေဝန်နန့်တူတူ ဖမ်းမိကေ အမ်းနိန်ဗျာလ်ယေ)*

**အိမ်ကြောက်**–အိမ်အောက်။

**အိမ်ရှင်**–(က)အိမ်ပိုင်ရှင်(ခ)လင်ယောကျ်ား*(အကျွန့် အိမ်ရှင် ခရီးထွက် လားခပါရေ)*

**အိမ်ရှင်မ–**ဇနီးမယား။

**အိမ်ရှင်မချေ**–(မြွေတစ်မျိုး)လူနိန်အိမ်တိမှာ မှီခိုနိန်ထိုင်တတ်တေအဆိပ် မရှိရေ မြွီချေတစ်မျိုး။

**အုံး–**(က)အုပ်မှိုင်းနိန်သည်(မိုးအုံးနိန်ရေ) (ခ)ပြည့်ဖေါင်းနိန်သည် *(မျက် နှာခွက် အုံးနိန်ရေ)*

**အုန်းတလူ–**အကျိကို ခေါင်းဆီးဖို့အတွက်သုံးရရေ သစ်ပင်။

**အုန်းနှက်ဖက်**–(ခရို)ရီအုန်းပင်အရွက်ကို အိမ်ခေါင်မိုးရေ အုန်းပျစ်။

**အုန်ဗန်း**–အသိပညာဗဟုသုတကကောင်းနဲရေလူ(အုန်းဗန်းကာတကောင်)

**အုန်းရည်**–(ခနိရည်)ရီအုန်းပင်ကရရေသောက်ကေယာဇ်တတ်တေအရည်)
**အုပ်**–(က)ဖိထား/ဖုံးထားသည် *(စပါးပုတ်ကို မိုးကာနန့် အုပ်ထားလိုက်)*
(ခ)ဆွမ်းအုပ်/အညွန့်အုပ်စသည်(ဂ)သစ်သီးကိုအယင်မှည့် အောင် တစ်ခုခုနန့်ဖုံးအုပ်ထားသည် *(သရက်သီးတိကို ဆန်ရိုင်မှာအုပ်ထားရေ)*
**အိုက်တိုက်ကြက်တက်**–လက်ပူးလက်ကြပ် ဖမ်းတွိလို့မငြင်းမကွယ်နိုင် ဖြစ်သည် *(ထမိန် ခိုးနိန်တုံး ဖမ်းတွိမိခီကေ အိုက်တိုက်ကြက်တက် ဖြစ်နိန်ပါရေနှင့်ရာ)*
**အိုင်**–(က)ရီတိစုနိန်ရေနိန်ရာ (ခ)အရည်တိစုပုံနိန်သည်။
**အိုင်ပစ်**–(ငါးပက်သည်)ရီအိုင်ထဲက ငါးကိုဖမ်းဖို့ ရီကိုခပ်ထုတ်သည်။
**အေးရမ**–အလွန်ကြီးသော *(အေးရမ ဆင်ကြီးတစ်ကောင် မြင်ခရေလတ်)*
**အေးဝှက်တကာ**–ဟုတ်မှန်ကြောင်း အသိအမှတ်ပြု လိုက်တေစကား။
**အောက်**–(က)ငယ်သော/နိမ့်သော (ခ) အစိုဓါတ်ကြောင့် မှိုစိုနံနိန်ခြင်း။
**အောက်ကျီ**–ဥပဒေရေးရာကျွမ်းကျင်သူ/ ရှိနိန်။
**အောက်စဖို**–(ကက်သပိုး) ရီချို ငါးချေတစ်မျိုး။
**အောက်စီအောက်စပ်**–အအောက်စစပ်/မဟုတ်မဟပ်/မဆီမဆိုင်။
**အောက်ပေါ်ကျိတ်**–(ခါးတောင်းကျိုက်သည်)ဒယောကိုလောကျိတ်သည်။
**အောက်သား**–ဗမာလူမျိုး။
**အောက်ရှောက်**–ဘဝတိုးတက်လမ်းကိုရှာဘဲ အောက်ကိုသာမျှော်သူ။
**အောင်ကြွတ်ကေနန့်ငဗါလီ**–(အဆော့သန်သော) ရာမ ဇာတ်တော် လာ မတည့်အတူနိန်မျောက် ညီအစ်ကို နန့်နှိုင်း ခေါ်ခြင်း။
**အောင်ဆု**–မိမိတို့အောင်မြင်မှုအတွက်ရရေဆု။
**ဥပါဒ်**–ဘေးဒုက္ခ/အန္တရာယ်။
**ဦးဝေ**–သမီးအကြီးဆုံးကိုခေါ်ရေအသုံး။
**ဦးတူ**–အတူတူပန်းတိုင်ဝင်ခြင်း *(လောင်းနှစ်စင်း ဦးတူဝင်ရေအနိုင် အရှုံး မရှိ ပြန်ပြိုင်ရဖို့)*
**ဦးရှူ**–ဇာပင်လုပ်လုပ် အဖျားရှူး လားတတ်တေလူမျိုး။

ထွန်းအောင်ကျော်